

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၉၁၆/၉၉(၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၈၀၇/၂၀၀၀(၁၁)

ပထမအကြိမ်၊ ၂၀၀၀-ပြည့်နှစ်

အုပ်ရေ-၅၀၀

တန်ဖိုး * ၃၀-ကျပ်

ထုတ်ဝေသူ * ဒေါ်ရွှေအိမ် (မြ-၀၁၂၉၉)၊ တိုင်းလင်းစာပေ၊ ၈/၆၅ အုပ်စု၊ ၃/အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်။

မျက်နှာဖုံးရိုက် * ဦးဝင်းနိုင်(၀၅၃၅၁) ဝေယံပုံနှိပ်တိုက်၊ အမှတ် ၂၅/၂၇၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ * ဒေါ်ခင်ကြွ(မြ-၀၄၇၈၀) ရတနာမဥ္ဇူပုံနှိပ်တိုက်၊ ၂၀၇၊ ဝေဇယန္တာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်။

ဖြန့်ချိရေး * အောင်မြင်စာပေ ဖုန်း-၅၄၁၇၄၅

## ဤဇာတ်လမ်းတွင်ပါဝင်သောအခန်းစဉ်များ

၁။ မြွေပုံပြင်များ
၂။ ဘာဖြစ်ဖြစ် ဆူးလေနတ်ကြီးကိုတိုင်တည်ပါ
၃။ ဘုတ်ငှက်ဂမ္ဘီရ၊ ဇနက်ထော်မန်းနှင့် ဈေးရောင်းစွဲသော အင်း
၄။ စံဒေဝီလိုမျက်လုံးများ
၅။ မြွေချစ်သူ
၆။ သူတော်ကောင်း နတ်ကောင်းမ လိမ်မည်
၇။ ကမ္ဗလာနန်းရှပ်ကို ဆေးကုခြင်း
၈။ အလွမ်းမိုး မမိပါစေနဲ့
၉။ အဖေ့ရဲ့သဘောဟာ သမီးရဲ့သဘောပါပဲ
၁၀။ စိတ်ကူး ဖဲရိုက်သူများ
၁၁။ လမားတော် လက်မှိုင်ချရသည့်ရောဂါ
၁၂။ အများညီ ဤကွဲ့ဖတ်
၁၃။ ငယ်ထိပ် မြွေပေါက်ခံရသူ
၁၄။ အစမ်းလေ့ကျင့်ပွဲ
၁၅။ စေတနာအဆိပ်
၁၆။ အိပ်မက်လေလား
၁၇။ အလှည့်ကျတော့ မနွဲ့ကြစတမ်း
၁၈။ အချစ်သည် တောင်သနပ်သီးနှင့်တူ၏
၁၉။ မြွေဖြူရှင်မ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## မြွေပုံပြင်များ

မထွေးလေးနှင့် မြွေမင်းသား ပုံပြင်ကို လူတိုင်းလိုလို ကြားဖူးလိမ့်မည် ထင်သည်၊ ဖတ်ဖူးကြလိမ့်မည် ထင်သည်။

ကျွန်ုပ်တို့ ငယ်ငယ်တုန်းက အမေ ခဏခဏ ပြောပြခဲ့ရသည့် အိပ်ရာဝင်ပုံပြင် ဖြစ်လေ၏။ ခင်္ဂါသည် လင်မယားတွင် မကြီး၊ မငယ်နှင့် မထွေးလေးဟူ၍ ညီအစ်မသုံးယောက် ရှိသည်။

မကြီးနှင့်မငယ်သည် စိတ်ထား ယုတ်ညံ့ကြသောကြောင့် ရုပ်အဆင်းလည်း မလှမကြချေ၊ မထွေးလေးက သူ့အစ်မ နှစ်ယောက်ကဲ့သို့မဟုတ်၊ စိတ်သဘောထား ကောင်းမွန်နူးညံ့သဖြင့် ရုပ်အဆင်းအင်္ဂါလည်း လှပသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ မထွေးလေးတို့ အိမ်သို့ မြွေကြီး တစ် ကောင် ရောက်လာခဲ့ပြီး ဆန်အိုးထဲတွင် ဝင်ခွေနေခဲ့သည်။

ခဝါသည့် မိန်းမကြီးက ဆန်ယူရန်သွားသောအခါ မြွေကြီးက ထိုမိန်းမကြီးကို ရစ်ပတ်ထားလိုက်လေတော့သည်။

ထိုအခါ မိန်းမကြီးက ကြောက်အား လန့်အားဖြင့် ပြောမိပြောရာ ပြောလိုက်၏။

"မြွေကြီးရယ်၊ မကြီးကိုလိုချင်ရင် တစ်ပတ်လောက် လျှော့ပါကွယ်"

ဟူ၍ ဖြစ်၏။

မြွေကြီးကလည်း မိန်းမကြီးပြောသည့်အတိုင်း တစ်ပတ် လျှော့ပေးလိုက်၏။

နောက်တစ်ခါ မိန်းမကြီးက....

"မြွေကြီးရယ်၊ မငယ်ကို လိုချင်ရင် တစ်ပတ်လောက် လျှော့ပါကွယ်"

ဟု ပြောလိုက်ပြန်၏။

မြွေကြီးကလည်း မိန်းမကြီး ပြောသည့်အတိုင်း တစ်ပတ် လျှော့ပေးလိုက်ပြန်၏။

နောက်ဆုံးတွင် မိန်းမကြီးက....

"မြွေကြီးရယ်၊ မထွေးလေးကိုလိုချင်ရင် တစ်ပတ် လျှော့ပါကွယ်"

ဟု ပြောလိုက်ပြန်၏။



ထိုအခါကျသောအခါ မြွေကြီးက မိန်းမကြီးကို ရစ်ပတ်ထားသမျှအားလုံး ဖြေလျှော့ပေးလိုက်သောကြောင့် လွတ်မြောက်သွားရလေ၏။

မိန်းမကြီးကလည်း သူ့ကတိအတိုင်း သမီးကြီး မကြီးကို မြွေကြီးအား လက်ထပ်ခိုင်း၏။ မကြီးက လက်မခံ၊ လက်မထပ်ဘူးဟု ငြင်း၏။

ထိုအခါ အမယ်ကြီးက သမီးငယ်ကို လက်ထပ်ခိုင်းလေ၏။ မငယ်ကလည်း မကြီးကဲ့သို့ပင်ငြင်း၏။ မြွေကြီးကို မည်သူမျှ မယူချင်ကြချေ။

နောက်ဆုံးတွင် စိတ်သဘောထား ပြည့်ဝသော မထွေးလေးက မိခင်ဖြစ်သူ၏ ကတိတည်စေရန် အနစ်နာခံ၍ မြွေကြီးကို လက်ထပ်ခဲ့ရလေ၏။

ကျွန်ုပ်လည်း မြွေနှင့် လက်ထပ်သည်ဆိုသော နေရာရောက်တွင် လွန်စွာအံ့ဩမိလေ၏။

"အမေ၊ မထွေးလေးက မြွေနဲ့ လက်ထပ်တယ်ဆိုတော့ တွေလုပ်သလို မင်္ဂလာဆောင်တာလား၊ လက်ဖွဲ့တွေ ဘာတွေကော ပေးကြသလား၊ ခေါင်းပေါင်းစတာလူလူနဲ့ လူကြီးရော ဩဘာစာ ဖတ်သေးသလား"

ဟူ၍ စာရေးဆရာလောင်းလျာ ကျွန်ုပ်က ကြီးကြီး ကျယ်ကျယ် မေးခွန်းထုတ်သောကြောင့် အမေက...

"ပုံပြောနေတုန်း စကားဝင်မပြောနဲ့"

ဟူ၍ ဗိုက်အာဏာဖြင့် လှမ်းပိတ် လိုက်သောကြောင့် ကျွန်ုပ်လည်း မကျေမနပ်ဖြင့်ပင် ငြိမ်သက်နေလိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



“မြွေနဲ့လူနဲ့ တကယ်လက်ထပ်လို့ရနိုင်သလား၊ လက်ထပ်ပွဲလာတဲ့ ဧည့်သည်တွေက မြွေကြီးကိုမြင်ပြီး ထွက်မပြေးကြဘူးလား၊ တကယ်ဆိုရင် တော်တော် အသည်းယားစရာကောင်းမယ့် ကိစ္စပဲ”

ဟူ၍လည်း တစ်ဆက်တည်း တွေးမိသေး၏။

အမေဆက်ပြောပြသည်ကို နားထောင်ရင်း ညဘက်ရောက်သော အခါ မြွေကြီးက လူဖြစ်သွားပြီး လူယောင်ဖန်ဆင်းကာ မင်းသားလေးဖြစ်သွားသတဲ့... ဆိုသောအခါ ကျွန်ုပ် တော်တော်ကလေး သဘောကျလွန်းသွားမိ၏။

မြွေမင်းသားလေးကို စိတ်ကူးကြည့်သောအခါ တော်တော်ချော၏။ ဟိုခေတ်က ကျွန်ုပ်တို့ကြည့်ခဲ့ဖူးသည့် ဇာတ်မင်းသားများကဲ့သို့ ခေါင်းပေါင်းနှင့် တောင်ရှည်ပုဆိုးနှင့် လက်စွပ်တွေ၊ ရွှေခြည်ထိုးဖိနပ်တွေနှင့်....

ကျွန်ုပ်၏စိတ်ကူးထဲတွင် မြွေမင်းသားကလေးမှာ လွန်စွာလှပချောမောနေတော့၏။ မထွေးလေးနှင့် အတော်တွဲဖက်ညီ၍ သဘောကျ၏။

ဤကဲ့သို့ ညဘက်ညဘက်တွင် မျှော့စိစိနှင့် ရှည်လျားလျား မည်းမည်းသည်းသည်း အူယားစရာ မြွေကြီးဘဝမှ လူမင်းသားကလေးအသွင် ပြောင်းသွားသည် ဆိုတော့လည်း ပုံပြင်ကလေးမှာ နားထောင်၍ပိုကောင်းလာလေ၏။

ထိုအကြောင်းကို မကြီးနှင့် မငယ်တို့ သိသွားကြသောအခါ မထွေးလေးကို မနာလိုဖြစ်ကြ၏။ သူတို့အနေနှင့် မြွေမင်းသားလေးကိုလက်မခံလိုက်မိကြသည့်အတွက် ကံစမ်းမဲမနှိုက်လိုက်ရသူများကဲ့သို့ တမှုနာသွားကြပြီဟူ၍ မကျေမနပ် ဖြစ်သွားကြ၏။



နှလုံးသားပုပ်သူများပီပီ ညီမငယ်လေးပေါ်၌ အကောက်ကြံကြ၏။ ရေစီးသော ချောင်းနံဘေးတွင် လုပ်ထားသည့် ဒန်းပေါ် မထွေးလေးကို အထိုင်ခိုင်းပြီး ဒန်းကို တအားလွှဲ၍ ပေးကြ၏။

'နောက်ဆုံး မထွေးလေး တစ်ယောက် ဒန်းပေါ်မှ ချောင်းလေးထဲသို့ လွင့်စဉ် ကျသွားအောင်အထိ ဒန်းကို အကြမ်းပတမ်း လွှဲပစ်လိုက်ကြ၏။

အမေကပဲ အပြောကောင်း၍လော၊ ကျွန်ုပ်ကပဲ အာရုံထဲတွင် ပုံဖော်ကောင်း၍လော မပြောတတ်။ မထွေးလေး ဒန်းပေါ်မှ ချောင်းထဲသို့ လွင့်စဉ်ကျသွားသည့် ပုံသဏ္ဌာန်မှာ လွန်စွာ အသည်းယားစဖွယ် ကောင်း၏။ အသည်းထဲက လှပ်ခနဲပင် ခံစားခဲ့ရ၏။

ဤသို့ဖြင့် ချောင်းရေထဲတွင် မျှောပါသွားသော မထွေးလေးကို တစ်နေရာအရောက်တွင် ငှက်ကြီးဝန်ပို (စာထဲတွင် ငှက်ကြီးဝံလို့ဟုလည်း ရေးကြ၏)က ဆယ်ယူသွား၏။

ထိုအချိန်တွင် ဖြစ်ချင်တော့ မထွေးလေးမှာ မြွေမင်းသားကလေးနှင့် ရသောကိုယ်ဝန် ပါသွားခဲ့၏။ ငှက်ကြီးဝန်ပို၏ အသိုက်ထဲတွင်နေရင်း ငှက်ကြီးရှာကျွေးသမျှ အစာ

www.burmeseclassic.com

www.burmeseclassic.com



ရေစာများကို စားရင်း မထွေးလေး၏ကိုယ်ဝန်မှာ အရ
အမာ ဖြစ်လာခဲ့၏။ ထို့နောက် ငှက်ကြီးဝန်ပို၏အသိုက်ထဲမှ
ပင် မထွေးလေး ကလေးမွေး၏။

မထွေးလေးက မွေးသောသားလေးကို ငှက်ကြီးဝန်ပို
လွန်စွာချစ်၏။

ငှက်ကြီးဝန်ပို၏ အသိုက်ထဲတွင် မထွေးလေးက သ
ကလေးကို ပုခက်လွှဲ၍ ချော့သိပ်သောအခါ....

"အေး အေး အေး.... အိပ်ပါတော့လား၊ မြွေမင်းသာ
လေးရဲ့ သား"

ဟူ၍ ဆိုသောကြောင့် ငှက်ကြီးဝန်ပိုက သဘောမကျဖ
စိတ်ဆိုးမာန်ဆိုးဖြင့်....

"တစ်ပေါက်နှစ်ဖေါက် ပေါက်လိုက်ရ၊ ပေါက်လိုက်ရ"

ဟူ၍ ပြန်ပြောခဲ့သည်ဟု အမေက ပြောပြသောအခ
ကျွန်ုပ်၏ အာရုံထဲတွင် နုတ်သီးသွေးနေသော တိရစ္ဆာန်
ထဲမှ ရေကန်အနီးရှိ ငှက်ကြီးဝန်ပိုကို ပြေးမြင်ကာ သဘော
ကျ၏။

မြေတံရှည်ကြီးဖြင့် ရေစပ်တွင် ငါးရှာနေလေ့ရှိသော
ငှက်ကြီးဝန်ပိုမှာ ခန့်ညားသော သတ္တဝါတစ်မျိုးဖြစ်သည်ဟု
ထင်မြင်မိ၏။

မထွေးလေးက ငှက်ကြီးဝန်ပို သဘောမကျမှန်း သိ
ကလေးချော့ သီချင်းကို ပြောင်း၍ဆိုပေးရ၏။



"အေး အေး အေး....အိပ်ပါတော့လား ငှက်ကြီးဝန်ပိုရဲ့
သား"

အဲဒီလိုပြောင်းဆိုမှ ငှက်ကြီးက သဘောကျပြီး တဟား
ဟား ရယ်သတဲ့။ ထိုစဉ်အခါတုန်းက အမေပြောပြသည့်
ပုံပြင်က သိပ်နားထောင်လို့ကောင်းတာပဲဟူ၍သာ ထင်မှတ်
ခဲ့၏။

လူနှင့် မြွေ လက်ထပ်နိုင်သလား၊ မြွေက လူအဖြစ်ကို
ပြောင်းလဲနိုင်သလား၊ သဘာဝယုတ္တိတန်သလား ဟူသော
အတွေးကို မတွေးခဲ့မိသည်မှာ အမှန်ပင်ဖြစ်၏။

ယုတ်မာသော အစ်မများကြောင့် ချောင်းရေထဲ မျော
ပါသွားရရှာသည့် မထွေးလေးကို သနားသည့်စိတ်၊ မြွေ
မင်းသားလေးကို သဘောကျသည့်စိတ်၊ ငှက်ကြီးဝန်ပိုကို
ကရုဏာသက်သည့် စိတ်များသာ လွှမ်းမိုးရင်း မြွေမင်းသား
လေးနှင့် မထွေးလေး ပုံပြင်ကို နှစ်ခြိုက်သဘောကျခဲ့ရ
လေ၏။

အရွယ် အနည်းငယ် ရောက်လာသောအခါ ကျွန်ုပ်
သည် အနောက်နိုင်ငံမှ ရိုက်ကူးသည့် ရုပ်ရှင်ကားတစ်ကား
ကို ကြည့်ခဲ့ရ၏။

ထိုဇာတ်ကားတွင် ဆေးပညာရှင် ဆရာဝန်ကြီး တစ်
ယောက်က လွန်စွာထူးဆန်းသော ဆေးတစ်မျိုးကို တီထွင်
ထုတ်လုပ်လိုက်၏။

www.burmeseclassic.com



ထိုဆေးဖြင့် လူ၏ခန္ဓာကိုယ်သို့ ထိုးသွင်းပေးလိုက်သောအခါ မြွေတစ်ကောင်အဖြစ်သို့ ပြောင်းလဲ သွားနိုင်သည့် ဆေးဝင်ဖြစ်၏။

ထိုဆရာဝန်ကြီးသည် အစမ်းသပ်ခံ လူသားတစ်ဦးအဖြစ် ဆယ့်ရှစ်နှစ်သားခန့် ရှိသော သူ၏တပည့်ကလေး တစ်ယောက်ကို ရွေးချယ်လိုက်၏။

ထိုတပည့်ကလေး၏ လက်နှစ်ဖက် ခြေနှစ်ဖက်ကို ချုပ်နှောင်၍ သူစမ်းသပ်ဖော်စပ်ထားသော ဆေးဖြင့် အသားတွင်းသို့ ထိုးနှံပေးလိုက်သောအခါ ထိုတပည့်ကလေးခမျာ လူစင်စစ်မှ မြွေဘဝသို့ ပြောင်းလဲသွားရလေတော့၏။

လူစင်စစ်မှ မြွေတစ်ကောင်ဘဝသို့ ပြောင်းလဲသွားသည်ကို ရိုက်ပြရာတွင် ကင်မရာလှည့်စားချက်၊ မိတ်ကပ်ဟုခေါ်သော အထူးပြုလုပ်ချက်များကို ပိပိရိရိ လုပ်ဆောင်ထားသောကြောင့် လွန်စွာကြည့်၍ ကောင်းလော၏။

တဖြည်းဖြည်း ပြောင်းလဲသွားပုံ အဆင့်ဆင့်ကို မဖြစ်နိုင်သည်ကို ဖြစ်နိုင်အောင် သဘာဝကျစွာ ကြိုးပမ်းရိုက်ကူးထားရာ မျက်စိထဲ၌ ယခုထက်တိုင် စွဲထင်လျက်ရှိ၏။

ထိုတပည့်ကလေးခမျာ လူ့ခန္ဓာကိုယ်မှ မြွေတစ်ကောင်၏ ပုံစံသို့ ပြောင်းလဲသွားနေစဉ်အတွင်း ထိုနေရာနှင့် မနီးမဝေးတွင် လှောင်အိမ်တစ်ခုရှိ၏။ ထိုလှောင်အိမ်အတွင်း၌ မြွေမါတစ်ကောင်ကို မွေးမြူထား၏။



လူ့ဘဝမှ မြွေဘဝသို့ တစ်စတစ်စ ပြောင်းလဲလာသည်နှင့် လှောင်အိမ်တွင်းရှိ မြွေမါကလေးမှာလည်း ဂနာမငြိမ်ဖြစ်လာ၏။ လှောင်အိမ်ထဲတွင် အငြိမ်မနေနိုင်အောင် ဖြစ်နေပုံကိုကြည့်ရင်း ရှပ်ရှင်သည် ပို၍ပို၍စိတ်လှုပ်ရှားဖွယ်ရာကောင်းလာ၏။

လူ့ခန္ဓာမှ မြွေကြီးတစ်ကောင်၏ခန္ဓာသို့ အဆင့်ဆင့်ပြောင်းလဲသွားပုံကို စိတ်ရှည်လက်ရှည် မိတ်ကပ်လုပ်၍ ရိုက်ကူးပြသထားရာ လွန်စွာအသည်းယားစဖွယ် ကောင်းလေ၏။

ခုတင်ပေါ်ရှိ လူသဏ္ဌာန်မှ မြွေဘဝသို့ ပြောင်းလဲသွားပြီးသည့်နောက် အောက်သို့ ဆင်းလာခဲ့သည့်အခါတွင် စောစောကမြွေပါမှာ ဆောက်တည်ရာမရအောင်ခုန်ပေါက်အော်ဟစ် မာန်ဖီနေပြ၍နေလေရာ အတော်သဘာဝကျကျကြည့်ရ၏။

ထူးထူးဆန်းဆန်း ရိုက်ပြထား၍သာ ကြည့်ရသော်လည်း စိတ်ထဲကမူ ဤကိစ္စကို မယုံကြည်ချင်ပေ။

လူတစ်ယောက်သည် မျောက်တစ်ကောင်၏ဘဝသို့ ကူးပြောင်းသွားသည်ဟုဆိုလျှင် ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံအရ ဆင်ဆင်တူသောကြောင့် ကျွန်ုပ် အလွယ်တကူလက်ခံမိမည်ဖြစ်၏။

ထားပါဦး၊ သမန်းကျားကဲ့သို့ လူမှ ကျားသတ္တဝါသို့ ပြောင်းလဲသွားသည့် ကိစ္စမှာလည်း အနည်းငယ်အများလက်ခံနိုင်စရာရှိသေး၏။

www.burmeseclassic.com

www.burmeseclassic.com



မလေးရှားလူမျိုးတို့ကမူ သာမန်းကျားဆန်ဆန် သမန်း မိကျောင်းတိစ္ဆ ဓလေ့စရိုက်မျိုးရှိသည်။

လူ့ဘဝမှ မိကျောင်းဘဝသို့ ကူးပြောင်းသွားသည့် အကြောင်းအရာများကို ရိုက်ပြထားသော မလေးရှား ဗီဒီယိုဇာတ်လမ်းများရှိသည်။မဆိုးလှချေ။ ကြည့်၍ကောင်း ပါ၏။

ကျားတို့ မိကျောင်းတို့မှာ ခြေနှစ်ဖက်လက်နှစ်ဖက်လို အရာမျိုးပါနေ၍ ပြောင်းလဲရာတွင် သိပ်မဆိုးလှသော်လည်း ခြေတွေလက်တွေပါသော လူ့ဘဝမှ ဘာမျှမပါသည့် စင်း လုံးချော မြွေကြီးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားသည် ကို လက်ခံနိုင်ရန်မှု အတော်ခက်ပါ၏။

သို့သော်လည်း ဇာတ်လမ်းတွေ ဒဏ္ဍာရီတွေထဲတွင်မူ လူ့ဘဝမှ မြွေဘဝသို့ ပြောင်းလဲရောက်ရှိသွားသည်များကို ဖော်ပြခဲ့သည်များကို တော်တော်များများ တွေ့ခဲ့ရ၏။

ကျွန်ုပ်တို့ငယ်စဉ်က "လျှို့ဝှက်သည်းဖို"ဟု ခေါ်သည့် မဂ္ဂဇင်းတစ်အုပ် ထွက်ခဲ့ဖူး၏။ ထိုစာအုပ်ထဲတွင်ပါဝင်သော ဝတ္ထုဇာတ်လမ်းမှာ ခပ်ဆန်းဆန်းဝတ္ထုများ၊ စုံထောက် ဆန်ဆန်ဝတ္ထုများဖြစ်၍ မဂ္ဂဇင်းနာမည်နှင့်လိုက်အောင်ပင် ရင်တမမဖတ်ရှုခဲ့ကြရ၏။

မှတ်မှတ်ရရ ထိုစာအုပ်ကို ဦးခင်ကျော်နှင့်ဦးသက်နောင် တို့ ဦးစီးခဲ့ကြ၏။ ဝိုင်းတော်သားများမှာ မောင်သိန်းဆိုင်၊



ညီညီနိုင်၊ တင့်ဆန်း၊ ဆွေမြင့် စသည့် စာရေးဆရာများ ဖြစ်၏။

နှစ်ပေါင်းများစွာ ကြာပြီဖြစ်၍ ကျွန်ုပ်ဖတ်ခဲ့ရသော ထိုလျှို့ဝှက်သည်းဖိုမဂ္ဂဇင်းထဲမှ ဝတ္ထုကလေးကိုရေးသားသူ စာရေးဆရာအား မမှတ်မိတော့ပါ။

ဇာတ်လမ်းကိုလည်း ရေးရေးမျှသာ မှတ်မိပါတော့ သည်။

တောထဲတွင် ထင်းခုတ်သွားကြရင်း ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ဟူ၍ ဖော်ပြထား၏။

ဇာတ်ကောင်သည် ထင်းခုတ်ဖော်သူငယ်ချင်းများ စား သောက်ရန် ထမင်းချက်၏။ ဟင်းလျာအဖြစ် ထိုတောထဲမှ ပစ်ခတ်ရရှိသော ရစ်ကောင်ကို ခုတ်ထစ်၍ ချက်ပြုတ်ရမည် ဖြစ်၏။

ရစ်သတ္တဝါဆိုသည်မှာ ကြက်နှင့် ဆင်ဆင်တူသော အကောင်ဖြစ်၏။ ခန္ဓာကိုယ်တွင် အနက်နှင့်အဖြူ အရစ် အရစ်သဏ္ဌာန်တွေ ပါရှိသောကြောင့် "ရစ်"ဟူ၍ ခေါ်ခဲ့ ကြဟန်တူ၏။

ထိုရစ်သားကိုချက်ရန် ရစ်ကို အမွေးနုတ်ပြီးသည်နှင့် အနီးတွင် အသင့်တွေ့ရသော သစ်ငုတ်တိုပေါ်တွင်တင်၍ ခုတ်ထစ်လေ၏။

ထိုသို့တင်ပြီး ခုတ်ထစ်သည့် သစ်ငုတ်တိုမှာ ကြောင်လျှာ ပင်ငုတ်တိုကြီး ဖြစ်သည်ဆို၏။ ကြောင်လျှာနှင့် ရစ်သားမှာ မသင့်မြတ်သည့် ဓာတ်သဘောများရှိသည်တဲ့လည်း ဆို၏။

www.burmeseclassic.com



ထိုရစ်သားကို ချက်ပြုတ်သည့်ဇာတ်ကောင်အည် ထင်းခွေသွားနေသူ သူငယ်ချင်းများ ပြန်ရောက်မလာမီ ရစ်သားဟင်းကိုမြည်းရင်း ထမင်းအရင် စားနှင့်လိုက်သည်ဟုဆို၏။

မကြာခင်မှာပင် ထိုသူသည် ရင်ထဲတွင် ပူလောင်ပြင်းပြစွာခံစားရပြီး မြေကြီးထဲ၌ လူးလှိမ့်အော်ဟစ်နေရလေတော့သည်။

ထိုသူ လူးလှိမ့်အော်ဟစ်နေဆဲမှာပင် ထင်းခွေသွားသော သူငယ်ချင်းများ ပြန်ရောက်လာကြ၏။

ဘာဖြစ်လို့လဲဟု မေးမြန်းသောအခါ သူ့ခမျာ စကားမပင် ကောင်းကောင်းမပြောနိုင်တော့ဘဲ ဂူးဂူးဝါးဝါးဖြစ်ကာ ရစ်သားဟင်းအိုးကို လက်ညှိုးထိုးပြရင်း သူငယ်ချင်းများရှေ့မှာတွင်ပင် လူဘဝမှ တဖြည်းဖြည်း မြွေကြီးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားသည်ကို ရင်နင့်စွာဖြင့် တွေ့ကြရလေတော့၏။

မြွေကြီးအဖြစ်သို့ လုံးလုံးလျားလျား ပြောင်းလဲသွားသောအခါ သူငယ်ချင်းများကို နှုတ်ဆက်သလိုလှည့်ကြည့်ရင်း တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့လေ၏။

ဟုတ်မဟုတ်တော့ မပြောတတ်။ ရစ်သားကို ကြောင်လျှာသားပေါ် တင်ခုတ်ပြီး ချက်စားလျှင် (ကြောင်လျှာစဥ့်တီတုံးပေါ် တင်ခုတ်လျှင်) လူစင်စစ်မှ မြွေအဖြစ်သို့ ပြောင်းလဲသွားတတ်သည်ဆိုသော အကြောင်းအရာတစ်ခုက အာရုံထဲတွင် စွဲထင်ကျန်ရစ်ခဲ့လေတော့၏။



ထိုဝတ္ထုကလေးကိုလည်း မမေ့မပျောက် အမှတ်ရနေခဲ့လေ၏။

သို့သော်လည်း တစ်နေ့သ၌ ကျွန်ုပ်ကိုယ်တိုင် ဤကဲ့သို့ ထူးခြားဆန်းကြယ်သည့် အကြောင်းအရာတစ်ခုနှင့် ပတ်သက်ဆက်နွယ်ခဲ့ရလိမ့်မည်ဟု လုံးဝစိတ်ကူးမရှိခဲ့။

ဆန်းကြယ်သော အကြောင်းအရာများဖြင့် လောကကြီး၌ ပြည့်နှက်နေပေရာ ကျွန်ုပ်အနေနှင့် ထိုကဲ့သို့ ကြုံတွေ့ခဲ့ရသည်မှာ သဘာဝကျလှသည်ဟု ဆိုရမည်ပင်ဖြစ်ပါ၏။

ထိုသဘာဝကျလှသည့် ဇာတ်လမ်းခပ်ဆန်းဆန်းကလေးကို နောက်ကြောင်း ပြန်ပြောရမည်ဆိုလျှင်....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

### အာဖြစ်ဖြစ် ဆူးဆေးနတ်ကြီးကို တိုင်တည်ဝါ

"....တောင်ဇမ္ဗူမြင် မော်ကွန်းတွင် အောင်စက်ရှင် တံဆိပ်ရေးတွင်နှိပ်သို့၊အတိတ်ရရေး ဤသံဆေးကို၊ ရှေးဦး ဆရာမိန့်ခဲ့မှာသည်၊ သံမှာလေးဝ ဒေသလေးပါး၊ လွန်ထင် ရှားလိမ့်"

ကျွန်ုပ်တို့ကဆရာဒွေးဟုခေါ်သော ဆရာဦးဒွေးအောင် သည် သူ၏အသံဝါဝါဖြင့် အင်္ဂလိပ်လုပ်ရပ် သံစီရင်နည်း လင်္ကာကြီးကို လမ်းလျှောက်ရင်း ဟန်ပါပါ ရေရွတ်လာ လေ၏။

ဆရာဒွေးအောင် မောသောအခါ ဆရာဟိန်းကျော်က ဆက်၍ ရွတ်၏။



ဆရာဟိန်းကျော်မောလျှင် ဆရာကျော်စိန်က ဆက်၍ ရွတ်ပြန်၏။

ဆရာကျော်စိန် မောပြန်သောအခါတွင်လည်း ဆရာ ခင်မောင်ဦးက အညှံ့မခံဘဲ အာပေါင်အာရင်းသန်သန်ဖြင့် ဆက်၍ ရွတ်ပြန်လေတော့၏။

အင်္ဂလိပ်လုပ်ရပ်စာပေများနှင့် ပတ်သက်လျှင် ဘာတစ် လုံးမျှ မဆိုတတ်မရွတ်တတ်သော ကျွန်ုပ်သာလျှင် ပါးစပ် ပိတ် နှုတ်ကိုဆိတ်၍ တိတ်တိတ်ကလေး နောက်နားဆီက ပ်ချောင်းချောင်းဖြင့် လိုက်ပါလာခဲ့ရလေ၏။

"ဆိတ်ဆိတ်နေက ထောင်တန်" ဆိုသောစကားကိုသိ၍ မင်ဆိတ်ဆိတ်နေခြင်းမဟုတ်မူဘဲ ကိုယ်မတတ်၍ ပါးစပ် တ်နေခြင်းသာ ဖြစ်ပါ၏။

ကျွန်ုပ်အနေနှင့် မညာတမ်းမလိမ်တမ်း ဟန်မဆောင် မ်းဝန်ခံရလျှင် အင်္ဂလိပ်ဆရာများနှင့် ခင်မင်ရင်းနှီးစွာ ပါင်းသင်းနေသည်မှန်သော်လည်း အင်္ဂလိပ်ပညာကို ဟုတ် ပတ်တိ နားမလည်ချေ။

သူတို့ပြောသမျှဆိုသမျှ အကြောင်းအရာများကို မျက်စိ ငယ် နားသူငယ်ဖြင့် စာသူငယ်ကြားဟသာနားသကဲ့သို့ းတိုးအတ ဖြစ်ခဲ့ရလေ၏။

"ဆေးစာဖတ်ရာ နားထောင်ကာ ရောဂါပျောက်နိုးနိုး င်္ဂရိတ်စာဖတ်သောအခါ ဝိဇ္ဇာဖြစ်နိုးနိုး၊ သိုက်စာဖတ်ရာ းထောင်ကာ ဥစ္စာရနိုးနိုး...."

www.burmeseclassic.com



ဟူသည့် ရှေးလူကြီး သူမများပြောသော စကားကဲ့သို့ပင် ဖျောက်နိုးနိုး၊ ဖြစ်နိုးနိုး၊ ရှိနိုးနိုးဖြင့် အင်္ဂလိပ်ဝါသနာရှင် မိတ်ဆွေများနှင့် သီတင်းသုံးဖော်ဖြစ်ကာ သံယောဇဉ်တွယ်ခဲ့မိလေတော့၏။

သူတို့အဖွဲ့နှင့် တစ်ပတ်လျှင်တစ်ကြိမ်ကျ တွေ့ဖြစ်၏။

အများဆုံးဆုံဖြစ်ကြသည့်စုရပ်နေရာမှာ ဦးငွေအောင်၏အိမ်တွင်ဖြစ်၏။ သူ့အိမ်သည် ကျယ်ကျယ်ဝန်းဝန်းရှိ၏။

ဖိုထိုးရန် ရုံကလေးကိုလည်းသီးသန့်ဆောက်လုပ်ထား၏။ အင်္ဂလိပ်ပင်တိုင်ကစားသော ဖားဖိုကြီးနှစ်ဖိုနှင့် စိုက်ဖိုခေါ် ဖိုငယ်ကလေးနှစ်လုံး ရှိလေ၏။

ဆရာငွေအောင်၊ ဆရာကျော်စိန်၊ ဆရာဟိန်းကျော်နှင့် ဆရာခင်မောင်ဦးတို့ လေးယောက်သားသည် မီးသွေးဖိုးကို အချိုးကျစိုက်ထုတ်ကာ နေထွက်မှနေဝင် တစ်နေကုန် ဖိုထိုးကြ၏။

ကျွန်ုပ် သိပ်နားမလည်သော အင်္ဂလိပ် စကားများကို တစ်နေကုန်အောင် ပြောကြ၏။ သူတို့ အဇင်ပန်းခံ၍ ကစားထားသော ဓာတ်လုံးများကို အချင်းချင်းပြသကြ၏။ ကြွားလုံး ထုတ်ကြ၏။ ရံဖန်ရံခါတွင် ငြင်းကြခုံကြ၏။

သူတို့သည် သူတို့ဝါသနာနှင့် သူတို့ ပျော်ရွှင်ကျေနပ်ကြ၏။ သူတို့ထဲတွင် ဓာတ်ကိုးပါးကစားသူ၊ ဓာတ်ငါးပါးကစားသူ၊ ရွှေဖြစ်ငွေဖြစ် စားလမ်းလိုက်သူ စသည်ဖြင့် တစ်ယောက်ကို ပုံစံတစ်မျိုး ဖြစ်ကြ၏။



သူတို့အားလုံးသည် ဓာတ်သာကစားနေကြရမည်ဆိုလျှင် ချစ်မငြိုးသည့် အိမ်ကဇနီးများကိုပင် အားလုံးမေ့ဖျောက်နိုင်ကြသူများ ဖြစ်ကြလေ၏။

ကျွန်ုပ်က အချိန်တန်လျှင် သတိပေးလိုက်မှသာ ညနေမှောင်ရီပျိုးလျှင် လူစုခွဲရန် သတိရကြလေ၏။ ထိုအခါမှသာ သူတို့သည် ဖားဖိုများ၊ စိုက်ဖိုများအနားမှ ခွာဖြစ်ကြလေ၏။

ဤသို့နှင့် ကျွန်ုပ်တို့ငါးဦးသည် သုံးနှစ်ကျော်ကျော်ခန့် တရင်းတနှီး ပေါင်းသင်းခဲ့ကြပြီးနောက် အချင်းချင်းတိုင်ပင်ကာ ဒေသန္တရ ဗဟုသုတဖြစ်စေရန်နှင့် သူတို့အတွက် ဓာတ်ကစားရာတွင် အသုံးတည့်သော ပစ္စည်းများ၊ ဆေးပင်ဂမုန်းပင်များ ရှာဖွေစုဆောင်းရန် ဟူသော ရည်ရွယ်ချက်ဖြင့် မန္တလေး၊ စစ်ကိုင်း၊ ကျောက်ဆည် စသည့် နေရာများသို့ ခရီးထွက်ဖြစ်ခဲ့ကြလေ၏။

ကျွန်ုပ်တို့ ငါးဦးသားသည် အရွယ်ကောင်း ယောကျ်ားကြီးများ ဖြစ်ကြ၍ မညည်းမညူကြဘဲ ခရီးကို ကြုံသလို သွားခဲ့ကြလေ၏။

အားလုံးထဲတွင် အမြဲတမ်း သက်သတ်လွတ်စားနေသော ကျွန်ုပ်သာလျှင် သူတို့ဘက်မှကြည့်လျှင် ဇီဇာကြောင်သူတို့ ဖြစ်နေပေလိမ့်မည်။

သို့သော်လည်း ကျွန်ုပ်မှာ သူတို့လိုပင် ကြုံရာနှင့်စားပါသည်။ ကြုံရာနှင့်ဟူ၍သာ ဆိုရသော်လည်း သက်သတ်လွတ်

www.burmeseclassic.com



အမြဲစားနေသည့် ကျွန်ုပ်မှာ တစ်နေ့မျှ အခက်အခဲ မကြုံခဲ့ရပေ။ သူ့ဘာသာသူ အဆင်ပြေသွားခဲ့သည်ချည်းသာ ဖြစ်ပါ၏။

ကျွန်ုပ်တို့သည် မန္တလေးဘက် မတက်ခင် ကျောက်ဆည် နယ်ရှိ ဘုရားများကို ဝင်ရောက်ဖူးမြော်ကြရင်း ကျောက်ဆည်ခရိုင်ရှိ ပလိပ်မြို့၌ တည်ထားသော မြွေဘုရားသို့ ရောက်ခဲ့ကြလေ၏။

မြွေဘုရားတန်ဆောင်းတွင်းသို့ ဝင်မိကြမှပင် အင်္ဂလိပ်ဆရာများပင် အင်္ဂလိပ်စာအပြိုင်အဆိုင် ရွတ်ဆိုသည့် ကဗျာကို ဟတ်ပ်တိုင်းမ်ပေး၍ ရပ်ဆိုင်းလိုက်ကြလေ၏။

ကျွန်ုပ်တို့ရောက်သွားချိန်တွင် မြွေဘုရား အတွင်း၌ မြွေကြီးသုံးကောင်ကို တွေ့ရ၏။ နှစ်ကောင်မှာ ဖူးတော်ပေါင်တော်တွင်ရှိပြီး ကျန်တစ်ကောင်မှာ ဘုရားဆင်းတုတော်၏ ဦးခေါင်းထက်၌ အရစ်လိုက် အကျအန ခွေထားသည်ကို တွေ့ရလေ၏။

ကျွန်ုပ်သည် မြွေကိုမြင်လျှင် ကြောက်တတ်သည့်ထက် အူသည်းများယားတတ်၏။ ပျော့စိစိရှည်မျော့မျော့ သတ္တဝါကောင်ကို လူတိုင်းလိုလိုပင် အူး ယား တတ် ကြ သည် မှာ ဓမ္မတာဖြစ်၏။

သို့သော်လည်း ထူးထူးဆန်းဆန်းဆိုလျှင် သူ့ထက်ငါ ရှေ့ရောက်အောင် သိချင်မြင်ချင် ထိတွေ့ချင်ကြသည့် လူတို့



ုံးစံအတိုင်း ဘုရားပေါ်ရှိမြွေကြီးများကို ပယ်ပယ်နယ်နယ် ိုင်တွယ်ရင်း အမှတ်တရဓာတ်ပုံရိုက်ကြသည်ကို တွေ့ရ၏။

မြွေကြီးများကို ကိုင်တွယ်၍ ဓာတ်ပုံရိုက်ထားကြသည့် များကိုလည်း နံရံတွင် ကပ်ပြီးပြသထားကြလေ၏။

ထိုဓာတ်ပုံများထဲတွင် နိုင်ငံကျော် အနုပညာသမားများ ည်း များစွာပါဝင်၏။ ရုပ်ရှင်မင်းသားကြီး ကျော်ဟိန်း လည်း မြွေကြီးတစ်ကောင်ကို ပခုံးပေါ်တွင် ထမ်းထား ျက် အမှတ်တရ ဓာတ်ပုံရိုက်ထားသည်ကို တွေ့ရ၏။

မင်းသမီး ချိုပြုံးကမူ သူများထက်ပို၍ ထူးခြားလေ၏။ ိုင်ရုံတင်ကိုင်ထားပြီး ဓာတ်ပုံရိုက်ထားခြင်းမဟုတ်ဘဲ ခန္ဓာ ိုယ်ပေါ်တွင် နှစ်ပတ်သုံးပတ် ပတ်ထားလိုက်သေးရာ ပို၍ င် အူယားစရာကောင်းနေတော့၏။

"ကိုင်း....ဘယ်လိုလဲ ဆရာတို့၊ ကျုပ်တို့လဲ အမှတ်တရ ာတ်ပုံအတူရိုက်သွားလိုက်ကြရအောင်"

ဆရာကျော်စိန်က ပြောလိုက်လေရာ....

ခင်မောင်ဦးက ကောင်းသားပဲ၊ လုပ်လိုက်လေဟု ပြန် ပြောသော်လည်း ဆရာဌေးအောင်ကမူ ပခုံးနှစ်ဖက်ကို ွန့်ပြလိုက်၏။

"ဘာလဲ၊ ဆရာဌေးက ကြောက်လို့လား"

ဆရာ ဟိန်းကျော်က ပြုံးလျက် မေး လိုက် ရာ ဆရာ ဌေးအောင်က....

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တယ်လို့တော့ မထွက်ပါဘူး၊ အူယားလွန်[...]လို့ပါ"

ဟု ပြန်၍ပြောလိုက်လေ၏။

မြွေကြီးများကမူ ဘုရားဖူးများအား ရန်မပြုဘဲ သူတို့ဘာသာ အေးအေးဆေးဆေးနေနေကြ၏။ လူများကသ[...] အလိုက်မသိ အားမနာဘဲ မြွေကြီးများအား ပယ်မယ်နယ်[...]နယ်ကိုင်၍ အမှတ်တရ ဓာတ်ပုံရိုက်ကြ၏။

သူတို့ဘာသာသူတို့ ငြိမ်ငြိမ်မနေရဘဲ တော်ကြာ တ[...]ယောက်ကလာကိုင်လိုက်၊ တော်ကြာ နောက်တစ်ယောက်က[...]ကိုင်လိုက်ဖြင့် လုံးလည်လိုက်၍ နေလေတော့၏။

ပုလိပ်မြို့ မြွေဘုရားကို ဖူးပြီးကြသောအခါ ကျွန်ုပ်တို့သည် ကားဖြင့် ခရီးဆက်ခဲ့ကြပြီး မန္တလေးတောင်သို့ တက်[...]ကြ၏။ ဘုရားဖူးကြ၏။

"စခန်းမငေးပေါင်၊ မန္တလေးတောင်၊ မြွေကြီး နှစ်[...]ကောင် သွားလို့ကြည့်ရအောင်"

ဆိုသည့် လင်္ကာလေးထဲကအတိုင်း မန္တလေးတောင်သို့ ရောက်သောအခါမြွေကြီးနှစ်ကောင်ရှိသည့်နေရာသို့ ရောက်ခဲ့ကြ၏။

စင်းစင်းကြီး အနေအထားဖြင့် နှစ်ကောင်ယှဉ်လျက် ပါးပျဉ်းထောင်နေသော မြွေကြီးနှစ်ကောင်မှာ ယခုအခါ တွင် သံမြွေရုပ်ကြီးများ ဖြစ်နေကြလေပြီ။



ရှေးအခါတုန်းကမူ မြွေကြီးနှစ်ကောင်မှာ ကျွန်းသား[...]ပ်ကြီးများဟု ကျွန်ုပ်ကြားဖူးသည်၊ နှစ်ပရိစ္ဆေဒ ကြာ[...]ညောင်း လာသောကြောင့် သစ်သားမြွေရုပ်ကြီးများမှာ [...]န်းပဲ့ ပျက်စီးကုန်ကြသောကြောင့် နောင် အ ရှည် သံဖြင့် [...]ည်တံ့ခိုင်ခံ့အောင် သံမြွေရုပ်ကြီးများအဖြစ် ပြောင်းလဲ[...]လုပ်လိုက်ခြင်းဖြစ်လေ၏။

"ဒီမြွေကြီးနှစ်ကောင်ကိုသစ်သားရုပ်ကနေ သံရုပ်အဖြစ် ပြောင်းလုပ်လိုက်တဲ့ ပုဂ္ဂိုလ်ဟာ ရသေ့ကြီး ဦးခန္တီများ ဖြစ်[...]လား"

ဆရာဟိန်းကျော်က သံမြွေရုပ်များကို သေသေချာချာ ကြည့်ရင်း ပြောလိုက်၏။

"ဦးခန္တီလုပ်တာဖြစ်ဖို့များတယ်ဗျ၊ မြွေကြီးနှစ်ကောင်ရဲ့ [...]ပ်တုဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို စာရေးဆရာ သိ[...]ထားပြီးပြီလားဗျ"

ဆရာဟိန်းကျော်၏ စကားကို ဆရာ ရွှေအောင်က [...]ထောက်ခံပြောရင်း ကျွန်ုပ်ဘက်သို့ လှည့်၍မေးလိုက်၏။

"ပြောပါဦးဗျ.... ဆရာရွှေအောင်ရဲ့"

"ဒီလိုဗျ...ဟောဟိုက ဗျာဒိတ်ပေးဘုရားနဲ့ မြွေကြီး နှစ်[...]ကောင်နဲ့က ဆက်စပ်မှုတွေရှိနေတယ်ဗျာ"

"ဘယ်လို ဆက်စပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတုန်းမင်း လက်ထက်မှာ ဗျာဒိတ် ပေး ဘုရား ထုဖို့ဆုံးဖြတ်ပြီး ဘုရားဆင်းတုတော်ထုဖို့ ကျွန်းပင်ကိုလှဲ အခါ ကလောဘက်မှာသွားပြီး လှဲခဲ့ကြတယ်၊ ကျွန်းတုံးကြီး ကို အဲ...အဲ ကျွန်းတော်ကြီးကိုသယ်တဲ့အခါ ကုန်းတစ်တ ရေတစ်တန် သယ်ရတာပေါ့၊ အဲဒီလို ကလောတောထဲ ကျွန်းတော်ကြီးကို သယ်လာခဲ့စဉ်ကတည်းက တောထဲက မြွေကြီးနှစ်ကောင်ဟာ နောက်ကနေ တတန်းတန်း လိုက်ပ လာခဲ့ကြတယ်လို့ ဆိုတယ်ဗျ"

"အံ့ဩစရာပဲ"

ဆရာကျော်စိန်က စကားထောက်လိုက်၏။

"အဲ...ဒီကျွန်းတော်ကြီး ဆင်းတုတော် ထုလုပ်တဲ့အခါ လောကမာရဇိန် ဘုရားနားမှာ ထုလုပ်ခဲ့တယ်၊ အဲဒီအချိ မှာလဲ မြွေကြီးနှစ်ကောင်ဟာ ဘယ်မှမသွားဘဲ အနားမှာပဲ ကျက်စားနေထယ်တဲ့၊ ဘယ်သူ့ကိုမှလဲ အန္တရာယ်မပြုခဲ့ဘူး"

ဆရာငွေအောင် ပြောသည်ကို ကျွန်ုပ်တို့အားလုံး စိတ် ဝင်တစား နားထောင်နေခဲ့ကြ၏။

"အဲဒီလို ဆင်းတုတော်ကြီး ထုပြီးတဲ့အချိန် မန္တလေး တောင်ပေါ်ကို ဆင်းတုတော်ကြီး သယ်လာခဲ့ကြတော့လ မြွေကြီးနှစ်ကောင်ဟာ ကောက်ကောက်ပါအောင် လိုက်လာ ခဲ့ကြတယ်ဗျ"



"ဒါနဲ့ နေပါဦး ဆရာငွေအောင်ရဲ့၊ လောကမာရဇိန် ဆိုတာ စန္ဒာမုနိဘုရားကို ခေါ်တာလား"

အမေးအမြန်းထူသည့် ဆရာကျော်စိန်က ဝင်၍ မေး လိုက်ပြန်၏။

"ဟုတ်ပါတယ်ဗျာ၊ လောကမာရဇိန်ဆိုတာ စန္ဒာမုနိ ဘုရားပါပဲ၊ အဲဒီလို ဗျာဒိတ်တော်ပေး ဘုရားနဲ့အတူ လိုက် လာတဲ့ မြွေကြီးနှစ်ကောင်ဟာ တခြား ဘယ်ကိုမှမသွားကြ ဘဲ အဲဒီ ဗျာဒိတ်တော်ပေး ဘုရားနားမှာပဲ နေကြ တော့တယ်၊ ဘုရားဖူးလာကြတဲ့ လူတွေကလဲ မြွေကြီးတွေ ကို ကျွေးကြမွေးကြတယ်ဗျ"

"အကြီးကြီးတွေဆိုတော့ လူတွေက မကြောက်ကြဘူး လား"

ဆရာကျော်စိန်ကပင် မေးပြန်လေ၏။

"ကြာတော့လဲ ရိုးသွားတာပေါ့ဗျာ"

ပြောရင်းဆိုရင်းကျွန်ုပ်တို့သည်ဗျာဒိတ်တော်ပေး ဘုရား ရှိရာသို့ လျှောက်လာခဲ့ကြပြီး ဖူးမြော်ကန်တော့ ကြရလေ သည်။

ဗျာဒိတ်တော်ပေးဘုရားကြီးမှာ မတ်ရပ်ကိုယ်တော်ကြီး ဖြစ်၏။ ဘယ်ဘက် လက်တော်သည် နံဘေးသို့ ချထားပြီး နောက် ညာဘက်လက်တော်သည် ရှေ့တည့်တည့်သို့ ဆန့်

www.burmeseclassic.com

www.burmeseclassic.com



တန်းကာ လက်ညှိုးညွှန်ထားသည့်ပုံ ဖြစ်လေ၏။ ဆန့်တန်းထားသည့် လက်တော်သည် ဆင်နှာမောင်းပုံသဏ္ဌာန် ဖြစ်လေ၏။

"ဒီ ဗျာဒိတ်တော်ပေး ဘုရားကို ခေါ်တဲ့ အခေါ်က ဂဇာဟတ္ထလို့ ခေါ်တယ်မဟုတ်လားဗျ"

တစ်ချိန်လုံးငြိမ်သက်နေသည့် လူဝကြီးဆရာခင်မောင်ဦးက မေးခွန်းဝင်ထုတ်လိုက်ရာ ဤနေရာတွင်မှ လေ့လာထားခဲ့ဖူးသော ကျွန်ုပ်က ခေါင်းညိတ်၍ ထောက်ခံစကား ပြောလိုက်ရ၏။

"ဟုတ်တာပေါ့ ဆရာခင်မောင်ဦးရဲ့၊ ဗျာဒိတ်တော်ပေး ဘုရားကို ဂဇာဟတ္ထလို့ ခေါ်တာသေချာတာပေါ့၊ ခမ္မသုအပ္ပမာဒမင်္ဂလာ ရစေခြင်းငှာ တိုက်တွန်းနေတဲ့ ဟန်ပဲဗျ၊ လူတွေကို မမေ့မလျော့တဲ့ သတိတရားမင်္ဂလာနဲ့ပြည့်စုံစေဖို့ ညွှန်ကြားနေတဲ့ပုံပဲ၊ဒီပုံတော်ဟာ အတ္တုတရသနဲ့ ဟဿရသတို့ကို ပေါ်လွင်စေတယ်၊ အစိန္တာပါရမီ၊ ဝီရိယပါရမီစခန်းတွေကို ဖော်ညွှန်းတယ်လို့ အဆိုရှိတယ်၊ ရန်ကုန်ဆူးလေစေတီမှာရှိတဲ့ ဆူးလေဘိုးဘိုးကြီးနတ်ရုပ်ကလဲ ဒီလိုဂဇာဟတ္ထပုံစံမျိုးပဲဗျ"

ကျွန်ုပ်က ရှင်းပြလိုက်သဖြင့် ဆရာခင်မောင်ဦးသည် ခေါင်းတညိတ်ညိတ်လုပ်ရင်း ဆင်းတုတော်ကြီးကိုမော့ကြည့်ဖူးမြော်နေလေ၏။



"ဒီလို ဂဇာဟတ္ထပုံသဏ္ဌာန် ဗျာဒိတ်တော် ညွှန်းပုံရုပ်ပွားဆင်းတုတော်တွေကို ရှေးမင်းကောင်းမင်းမြတ်တွေဟာ ဘုန်းတန်ခိုး အာနုဘော် ထက်မြက် တိုးတက်စေဖို့အတွက်၊ ပြီးတော့ တိုင်းပြည်ကို တိုင်းတစ်ပါး ရန်သူတွေ မထိပါး မနှောင့်ယှက်နိုင်စေဖို့အတွက်၊ ပြီးတော့ တိုင်းသူပြည်သားတွေ စိတ်ချယုံကြည် အားကိုးစိတ်တွေ ဖြစ်ပေါ်လာကြစေဖို့အတွက် ရည်ရွယ်ပြီးစိုရင်ကိုးကွယ်ခဲ့ကြတယ်ဗျ"

"ဆရာလင်းက တော်တော့ကို လေ့လာထားတာပဲ"

ဆရာကျော်စိန်က ဝင်ပြီး ချီးမွမ်းစကားပြောလိုက်၏။

"စာရေးဆရာဆိုတော့လဲ နည်းနည်းပါးပါး လေ့လာထားရတာပေါ့ ဆရာကျော်စိန်ရယ်၊ အဲ...ပြောလက်စနဲ့ ဆက်ပြီး ပြောလိုက်ရဦးမယ်"

"လုပ်စမ်းပါဦးဗျာ....ဗဟုသုတရတာပေါ့"

ဆရာကျော်စိန်က စကားတောင်းလိုက်သဖြင့် ကျွန်ုပ်က ဆက်၍ ပြောလိုက်ရပြန်လေ၏။

"ဒီ ဗျာဒိတ်ပေးပုံတော် ရုပ်တုတော်မျိုးကို ကိုးကွယ်တဲ့သူတွေဟာ ရှေးအဝတ်ဟောင်းက ကောင်းသောအကျိုးပေးခြင်း၊ မတရားစွပ်စွဲမှုမှ ကင်းလွတ်ခြင်း၊ တည်ကြည်ခန့်ညားခြင်း၊ တိုင်းပြည် စည်ပင်ဝပြောခြင်း၊ လမ်းမှန်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေမြင်ရခြင်း၊ ဘုန်းတန်ခိုး ကြီးမားခြင်း စတဲ့ အကျိုးကျေးဇူးတွေ ရနိုင်တယ်ဆိုပြီးတော့ တန္တရာယာနကျမ်းတွေမှာ ဖွင့်ဆိုထားတယ်ဗျ"

"အေးဗျာ...သိချင်တာလေးတစ်ခု ထပ်ပြီး မေးစမ်းပါရစေ ဆရာလင်းရာ"

ဆရာခင်မောင်ဦးက ပြောလိုက်ပြန်၏။

"မေးဗျာ"

"အခုလို မတ်ရပ်ပုံတော်ပေါ့ဗျာ၊ ဒါပေမယ့် အဲဒီဆင်းတုတော်က လက်ဝါးနှစ်ဖက်ကို ထောင်ပြထားတယ်၊ အဲဒါမျိုးကျတော့ ဘယ်လိုခေါ်သလဲ"

"အဘယမုဒြာပုံတော်လို့ခေါ်တယ်ဗျ၊ဘေးရန်အန္တရာယ်မရှိအောင် ကာကွယ်ပေးနေတဲ့သဘောကို ဆောင်တာပေါ့ဗျာ၊ ဒါပေမယ့် ဒီပုံတော်ကိုပဲ အခေါ်အမျိုးမျိုးကွဲနေကြသေးတယ်ဗျ"

"ဆိုပါဦး"

"တချို့က အဲဒီ အဘယမုဒြာကိုပဲ သိန္တိဒမုဒြာလို့ ခေါ်တယ်၊ တချို့ကျတော့လဲ အဘယဟတ္ထလို့လဲ ခေါ်ကြပြန်တယ်...

"တချို့ ဆင်းတုတော်က လက်ဝါးနှစ်ဖက်လုံးထောင်ပြထားပေမယ့် အချို့ကျတော့လဲ လက်ယာလက်ကို ပခုံးနဲ့အညီ ထောင်ပြထားပြီး လက်ဝဲဘက်လက်တော်ကို ပေါင်ခွင်မှာ တင်ထားတာမျိုးလဲရှိတယ်"



"အဲဒီဆင်းတုတော်ရဲ့ အကျိုးကျေးဇူးကကော ဗျာ"

"အဘယမုဒြာရဲ့ အနက်သဘောကတော့ ကြောက်ရွံ့မှုမရှိစေဖို့ ရည်ရွယ်တာပဲဗျ၊ ဘေးအန္တရာယ်တွေကနေ ကာကွယ် ပေးနေပါတယ်လို့ ညွှန်းဆိုတဲ့သဘောလဲ ဖြစ်တယ်၊ ရှေး မင်းကောင်းမင်းမြတ်တွေကတော့ တိုင်းပြည် ငြိမ်းချမ်းသာယာစေဖို့၊ လူတွေ ကြောက်ရွံ့မှုမရှိစေဖို့၊ မကောင်းတဲ့ သတင်း ကောလာဟလသတင်းတွေ ပယ်ပျောက်နိုင်အောင်လို့ ဒီလို အဘယမုဒြာပုံတော်တွေကို ထုလုပ် ကိုးကွယ်ခဲ့ကြတယ်လို့ ဆိုတယ်"

ကျွန်ုပ် စကားကို ဆရာခင်မောင်ဦးက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသကဲ့သို့ ဆရာကျော်စိန်တို့ကလည်း စိတ်ပါဝင်စားစွာ ငြိမ်သက် နားထောင်နေကြ၏။

"နောက်ပြီးတော့ အဲဒီ အဘယမုဒြာ ရုပ်ပွားတော်ကို ကိုးကွယ်တဲ့သူတွေဟာ အစိမ်းသရဲ၊ သင်းကွဲပြိတ္တာ၊ နတ်မိစ္ဆာတွေရဲ့ နှောင့်ယှက်တဲ့ အန္တရာယ်က ကင်းဝေးတယ်၊ ရဲရင့်တက်ကြွပြီးတော့ သူရသတ္တိနဲ့ ပြည့်စုံစေတယ်၊ စိတ်အားငယ်တာတို့၊ စိတ်ဓာတ်ကျဆင်းတာတို့ မဖြစ်စေဘူး ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ကန္တာရာယာနကျမ်းတွေမှာပါထားခဲ့တယ် ဆရာခင်မောင်ဦးရဲ့”

ဤကဲ့သို့ ပြောကြဆိုကြပြီးနောက် ကျွန်ုပ်တို့သည် ဗျာဒိတ်ပေး ဘုရားမှ ခရီးဆက်ခဲ့ကြလေတော့၏။

မန္တလေးတောင်တော်ပေါ်မှ ဆင်းလာကြသည့်အချိန်တွင် ဆရာဟိန်းကျော်က လေးလေးနက်နက် တွေးလာရင်း ကျွန်ုပ်အား မေးခွန်းတစ်ခု လှမ်းထုတ်လိုက်လေ၏။

“စောစောပိုင်းတုန်းက ဆရာလင်း ပြောတဲ့ အထဲမှာ ဗျာဒိတ်ပေးဘုရားဆင်းတုတော်ပုံသဏ္ဍာန်နဲ့ ဆူးလေဘိုးဘိုးကြီးရဲ့ ပုံသဏ္ဍာန် တူတယ်လို့ ပြောခဲ့တယ်နော်”

“ဟုတ်တယ် ဆရာဟိန်းကျော်၊ ဒါ ကျွန်တော် တစ်ယောက်တည်း ပြောတာ မဟုတ်ဘူး၊ ဆရာကြီး စစ်ထွန်းမှတ်ဝင်းရဲ့ (                    )ဘားမီးစ် ဗုဒ္ဓရှ်အိုင်ကိုနိုဂရပ်ဖီလို့ခေါ်တဲ့ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာမုဒြာများ ဆိုတဲ့ စာအုပ်ထဲမှာလဲ ဒီလိုပဲ ရေးထားတယ်၊ ဆူးလေဘိုးဘိုးကြီးရဲ့ မတ်ရပ်ဟန်ဟာ ဂစဟတ္ထလို့ ခေါ်တယ်လို့ပါတယ်”

“ဒါဆိုရင် ဆူးလေဘိုးဘိုးကြီးကို ပူဇော်သက္ကာရပြုတဲ့ သူတွေဟာလဲ ဘုန်းတန်ခိုး အာနုဘော် တိုးတက်မယ်၊ အန္တရာယ်ကင်းမယ်လို့ ယူဆနိုင်တာပေါ့နော်”



ဆရာဟိန်းမှကျော်က သူ ထင်မြင်ယူဆထားသည်များကို ပြောလိုက်၏။

“အဲဒီလို ယူဆနိုင်တာပေါ့ဗျာ၊ ပြီးတော့လဲ ဆူးလေဘိုးဘိုးကြီးဟာ အဓိဋ္ဌာန်ပါရမီ၊ ဝီရိယပါရမီစခန်းတွေကို ဖော်ညွှန်းတယ်လို့ ယူဆနိုင်တာပေါ့..

“ဒါကြောင့် အဓိဋ္ဌာန် ကြီးကြီးမားမားလုပ်တော့မယ်ဆိုရင် ဆူးလေဘိုးဘိုးကြီးကိုတိုင်တည်ပြီးမှလုပ်ရင် ပိုအကျိုးထူးတယ်၊ အန္တရာယ်ကင်းတယ်၊ လိုအပ်ရင် ဘိုးဘိုးကြီးက အိပ်မက်တွေ ဘာတွေ ပေးလေ့ရှိတယ်ဗျ....

“ဆူးလေဘိုးဘိုးကြီးကို စပြီးကိုးကွယ်ခဲ့တုန်းက သုံးဆယ့်နှစ်လမ်းထဲမှာဗျ၊ မီးသတ်ကြီးရဲ့ နောက်ဘက်နားလောက် နေရာမှာ နတ်ကွန်းဆောက်ပြီး ကိုးကွယ်ခဲ့ကြတာ၊ ရုပ်တုရယ်၊ဘာရယ်လို့ ကြီးကြီးကျယ်ကျယ်မရှိသေးဘူး၊ နောက်မှ ဘုရားပေါ်ရွှေ့ခဲ့တာလို့ ကျွန်တော့်အဘိုး ပြောဖူးတယ်၊ ဆူးလေနတ်ကြီးကို ပူဇော်ကန်တော့ခဲ့ကြတဲ့ သူတွေထဲမှာ ဇာတ်မင်းသားကြီးဦးဖိုးစိန်တောင် ပါသေးတယ်လို့ ယူဆနိုင်တယ်”

“ဘာဖြစ်လို့လဲဗျ”

ဆရာကျော်စိန်က မေးမြန်း၏။

“ဦးဖိုးစိန်က သူ့ဇာတ်မင်းသမီး ပဲခူး မယ်ကျော့ကို တင်စားပြီး သီဆိုတဲ့ သီချင်းထဲမှာ ‘ဆူးလေနတ်ကြီးရယ်၊

www.burmeseclassic.com



ပဲခူးမယ်ကျော့ ရရင် ပုဆိုးနှစ်ထည် ကန်တော့ပါမယ်ဗျ’ ဆိုပြီးတော့ ဝါခဲ့ဖူးတယ်လေ”

“ဟား...ဟား...ဟား...ဟား”

ကျွန်တော့်စကားကြောင့် ဆရာကျော်စိန်က သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေ၏။

ဤကဲ့သို့ ဗဟုသုတ အကြောင်းအရာများကို ပြောကြဆိုကြရင်း၊ ရယ်ကြမောကြရင်း မန္တလေးတောင်ခြေသို့ ရောက်လာခဲ့ကြလေတော့၏။

★

## အခန်း (၃)

### ဘုတ်ငှက်ဂမ္ဘီရ၊ ဓနုက်ဆော်ဝန်းနှင့် ဈေးရောင်းစွ သောအခင်း

မန္တလေးတောင်၊ မဟာမြတ်မုနိဘုရားကြီး စသည့် တန်ခိုးကြီးဘုရားများကို ဖူးပြီးကြသောအခါ ကျွန်ုပ်တို့အဖွဲ့သည် စစ်ကိုင်းတောင်ရိုးဘက်ဆီသို့ ကူးခဲ့ကြလေတော့၏။

စစ်ကိုင်းချောင်၊ စစ်ကိုင်းတောင်ရိုးတစ်လျှောက်တွင် သစ်ပင်ပန်းမန်များ၊ ဂူမုန်းပင်များ ပေါများ၏။ ခေတ်ကာလအားလျော်စွာ အသုံးတည့်သော သစ္စာပစ္စည်းများလည်း ပေါများ၏။

ဆရာငွေအောင်တို့ အဖွဲ့သည် သူတို့ဝါသနာပါရာ အင်္ဂါရုတ်ပညာရပ်နှင့်ဆက်သွယ်သော ရှာဖွေမှုပစ္စည်း၊ ခေတ်

www.burmeseclassic.com



သတ္တုပစ္စည်းများကို ရှာဖွေစုဆောင်းနေကြရသည်ဖြစ်သော ကြောင့် လွန်စွာ လန်းရွှင်ကြည်နူးနေကြလေ၏။

ကျွန်ုပ်ကမူ သူတို့လို ဟိုပစ္စည်း သည်ပစ္စည်း လိုချင် စုဆောင်းသည့်စိတ်ဖြင့် မဟုတ်ဘဲ စစ်ကိုင်းတောင်ရိုး၏ လှပသာယာသော သဘာဝရှုခင်းများအပေါ်၌ နှစ်မျော သာယာသည့်စိတ်ဖြင့်သာ လိုက်ပါလာခဲ့မိခြင်း ဖြစ်လေ၏။

သစ်ပင်တို့သည် စိမ်းစိမ်းစိုစိုရှိကြ၏။ တောပန်း တောင် ပန်းတို့သည် သင်းတပျံ့ပျံ့ မွှေးထုံ၏။

ထုံမွှေးသော ပန်းပွင့်ကလေးများအကြားတွင် ရောင်စုံ လိပ်ပြာကလေးများတို့သည် ဟိုမှသည်သို့၊ သည်မှဟိုသို့ မြူးထူးပျော်ရွှင်ကာ ဝတ်ရည်စုပ်ယူနေကြလေ၏။

ပန်းကလေးတွေလှပစေရန်မည်သူဖန်တီးပေးပါသနည်း။ ရနံ့ကလေးမွှေးပျံ့စေရန် မည်သူ ဆွတ်ဖျန်းပေးပါသနည်း။

လိပ်ပြာကလေးများ၏တောင်ပံတွင် ထူးထူးခြားခြား လှပစေရန် မည်သူ ရောင်စုံခြယ်သပေးပါသနည်း။

အလှဖန်ဆင်းရှင် နတ်သမီးကလေးတို့၏ ဆောင်ရွက် ချက်များလေလား။ ကျွန်ုပ်က တောင်တောင်အီအီလှည့် ပတ်၍ စဉ်းစားနေမိလေ၏။

ပန်းကလေးတွေ၊ လိပ်ပြာလေးတွေ လှသကဲ့သို့ပင် ကျေး ငှက်ကလေးများလည်း လှကြ၏။ သူတို့၏ တီတီတာတာ



အသံကလေးများသည်လည်းတောတောင်တစ်ခိုတွင်အဆက် မပြတ် ထွက်ပေါ်နေကြ၏။

ရုံဖန်ရံခါတွင် စမ်းရေစီးသံ၊ သစ်ခက်ကြွေသံများကို ကြားနေရ၏။

လူသံ၊ ကားသံ၊ ရထားသံများကြားတွင် နေထိုင်ခဲ့ရ သော ကျွန်ုပ်အဖို့ ငှက်မြည်သံ၊ စမ်းရေစီးသံ၊ သစ်ခက် ကြွေသံများသည် နားဝင်ပီယံ ဖြစ်လွန်းလှလေ၏။

ထိုအတွင်း ငှက်အုပ်ကလေးများကလည်း ခပ်မှန်မှန် 'အီလျက်'ရှိကြလေ၏။ ဘုတ်ငှက် အီသံကို သေသေချာချာ နားထောင်ကြည့်လျှင် လွန်စွာလွမ်းဆွတ်ဖွယ် ကောင်းလှ လေ၏။

တောင်ကို လွမ်းရတော့မလိုလို မြောက်ကို လွမ်းရတော့ မလိုလို ဖြစ်မိ၏။

"ဘုတ်ငှက်အီသံလေးတွေက လွမ်းစရာကောင်းလိုက်တာ ဗျာ"

စိတ်ထဲတွင် တွေးတောမိလိုက်ရာမှ နှုတ်ဖျားက စကားသံ အဖြစ် လွှတ်ခနဲ ထွက်သွားမိ၏။

"ဘာလဲဗျ ဆရာလင်းရ၊ ခင်ဗျား အိမ်ကမိန်းမကို လွမ်း နေပြီလား၊ မလွမ်းပါနဲ့ဦးဗျာ၊ ရောက်တာမှ ခုစိရက်နဲ့ တစ်ပိုင်းပဲ ရှိပါသေးတယ်"

www.burmeseclassic.com



ဆရာဟိန်းကျော်က အရွန်းဖောက်လိုက်၏။

"သေချာတာပေါ့ဗျာ၊ ဆရာလင်း အိမ်ကိုလွမ်းနေပြီဗျ"

ဆရာဟိန်း၏စကားကို ဆရာကျော်စိန်က ဝင်၍ ထောက်ခံလိုက်၏။

"ဘုတ်ငှက်အိုးသံက လွမ်းစရာကောင်းသလောက် ဘုတ်ငှက်ရဲ့အသိုက်က တော်တော်ရှုပ်ရှုပ်ထွေးထွေးနိုင်တာဗျ"

ဆရာဌေးအောင်က ဝင်၍ပြောလိုက်၏။

"ဘုတ်ငှက်ရဲ့အသိုက်က စာသူးတောင်းငှက်သိုက်ထက်ပိုပြီး ရှုပ်သေးလို့လားဗျ ဆရာဌေးရ"

ဆရာခင်မောင်ဦးက စိတ်ဝင်စားစွာ မေးခွန်းထုတ်လေသည်။

"ဘယ်နှယ်ပြောပါလိမ့်ဗျာ၊ ဘုတ်ငှက်တွေက သူတို့ရဲ့အသိုက်ကို သစ်ပင်ခွကြားတွေပေါ်မှာ၊ သစ်ကိုင်းတွေပေါ်မှာ လုပ်ကြတာမဟုတ်ဘူးဗျ၊ ကြခတ်ဝါးရုံဆိုတော့ အခက်ချင်းယှက်ပြီး ရှုပ်ထွေးနေကြတယ်လေ၊ အပင်ရဲ့အောက်ခြေမှာ လုပ်ထားတဲ့ အသိုက်ဆိုတော့ တော်ရုံတန်ရုံနဲ့ သူတို့ရဲ့အသိုက်ကို မတွေ့နိုင်ကြဘူး"

ဆရာဌေးအောင်က စိတ်ရှည်လက်ရှည် ရှင်းပြ၏။

"အင်း.... ခင်ဗျားပြောသလိုဆို ဘုတ်ငှက်ရဲ့အသိုက်က တော်တော်ကလေး ရှုပ်ထွေးပုံရ... ဗျနော်၊ ဒါကြောင့်လဲ



...ီးသူမတွေက ခေါင်းမဖြီးမသင်ဘဲထားတဲ့ လူငယ်တွေကို ...ရင် ဆံပင်ဘုတ်သိုက်ကြီးနဲ့လို့ ပြောတာပဲဖြစ်မှာ"

ဆရာခင်မောင်ဦးက မှတ်ချက်ချလိုက်၏။

"ဟုတ်တာပေါ့ ဆရာဦးရယ်၊ ဆံပင်မဖြီးဘဲ ရှုပ်ပွနေတဲ့ ...ါ ဘုတ်သိုက်ကြီးကျနေတာပဲလို့ ပြောတာ အဲဒါ ...င့်ဗျာ၊ ဘုတ်ငှက်ရဲ့အသိုက်ဟာ သိပ်ပြီးရှုပ်ထွေးတာ၊ ဘုတ်ငှက်မှာ ဂမ္ဘီရဆန်ဆန် အကြောင်းအရာတစ်ခု ရှိ...ဗျ"

"ပြောပါဦး"

အထူးအဆန်းဆိုလျှင် ကြားချင်သော ကျွန်ုပ်က ဆရာ...အောင်ကို လှမ်းမေးလိုက်၏။

"ဒီလိုဗျ၊ ဘုတ်သိုက်ငှက် ပေါက်စကလေးတွေ မတော်...ာ မျက်လုံးတွေဘာတွေ ကန်းသွားခဲ့ရင် ဘုတ်ငှက်မကြီး ...ဆေးမြန်ကုပေးတယ်ဗျ"

"ဘာဖြစ်တယ်၊ ဘုတ်ငှက်က ဆေးကုတယ် ဟုတ်လား"

"ဟုတ်တယ် ဆရာလင်းရဲ့၊ အဲဒီလို ငှက်ကလေး တစ်...င်တလေ မတော်တဆ မျက်စိကန်းသွားခဲ့ရင် ဘုတ်...မကာ တစ်နေရာကိုပျံသွားပြီး ဆေးပင်တစ်မျိုးကို ရှာဖွေ...ယ်၊ ပြီးတော့ ပြန်လာပြီး အဲဒီဆေးပင်နဲ့ ဘုတ်ငှက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မျက်လုံးကို တို့ထိုပေးလိုက်တဲ့အခါ မျက်လုံး အလို
ပြန်ကောင်းသွားတယ်လို့ အဆိုရှိကြတယ်၊ ဒါကြောင့်
တချို့ဆိုရင် ဘုတ်ငှက် အသိုက်တွေထဲမှာ ဆေးဖက်
သစ်တိုင်းသစ်ခက်ကို ရှာဖွေကြတယ်လို့ ဆိုတယ်"

"အေးဗျာ၊ ဆရာငွေးအောင်ရဲ့ ငှက်သိုက်တွေထဲမှာ
ဆေးဖက်ဝင် သစ်ကိုင်း သစ်ခက်တွေ ပါနေတာသေချ
တယ်၊ ဒါကြောင့်လဲ တချို့ဆရာတွေက 'သိုက်ပေါင်
ဆိုပြီး ငှက်သိုက်တွေ အများကြီးရှာဖွေပြီး အဲဒီငှက်သို
တွေကရတဲ့ သစ်ကိုင်းသစ်ခက်တွေကို နေလှန်း၊ မှုန့်ည
နေအောင်ထောင်း၊ စစ်ပြီး ဆေးဖော်လေ့ရှိကြတယ်၊ အဲ
ဆေးကို 'သိုက်ပေါင်း' ဆေးလို့ ခေါ်တယ်ဗျ၊ ဂမုန်းပ
တွေ အများကြီးစုပြီး ဖော်တဲ့ဆေးကို 'ဂမုန်းပေါင်း'
ပန်းတွေ အများကြီးစုပြီး ဖော်တဲ့ဆေးကို 'ပန်းပေါင်း'
ခေါ်သလိုပေါ့ဗျာ"

"ဩော်... ဒါနဲ့ စကားစပ်မိလို့ ဆရာလင်းကို မေးကြည့်
ရဦးမယ်"

"မေးဗျာ ဆရာငွေး"

"ခင်ဗျားက ပန်းပေါင်းဆိုလို့ ပြောပါတယ်၊ ပန်းပွ
တွေထဲမှာ အချုပ်က ဇနက်ထော်ပန်းလို့ ပြောတယ်၊ အဲဒ
ဘယ်လိုပန်းမျိုးလဲ"



"ဇနက်ထော်ပန်းဆိုတာက ပြောရမယ်ဆိုရင် သစ်ခွပွင့်
စ်မျိုးပဲဗျ၊ အဝါရောင်ရှိတယ်၊ ဝတ်ဆံကလေးတွေကတော့
နက်ရောင်ဗျ၊ အဲဒါကို ဇနက်ထော်ပန်းလို့ ခေါ်တာ၊
နက်ထော်ပန်းကို သူရဿတီမယ်တော်က ချီးမြှင့်ပေးထား
ာလို့ အယူရှိကြတယ်"

ဆရာငွေးအောင်က ခေါင်းတညိတ်ညိတ် လုပ်နေ၏။

"ပန်းထဲမှာ အချုပ်က ဇနက်ထော်ပန်းဆိုပေမယ့် ပန်း
ဲမှာ အမြတ်ဆုံးကျတော့ မြတ်လေးပန်းလို့ ဆိုကြပြန်
ယ်ဗျ"

"ဟုတ်လား ဆရာလင်း"

"ဟုတ်တယ်၊ ကြုံတုန်း ခင်ဗျားတို့မှတ်ချင်ရင် မှတ်လို့
အောင် ပြောရဦးမယ်၊ ခုနအချုပ်တွေကို ပြန်ကောက်ရ
အစ"

"ပြောဗျာ"

ဆရာငွေးအောင်က စကားထောက်ပေးလိုက်၏။

"တိရစ္ဆာန်တွေရဲ့ အသီတွေအားလုံးထဲမှာ သင်းလိပ်
ီက အချုပ်ပဲဗျ"

"သင်းလိပ်ဆီဆိုတာက ကင်းလိပ်ချောအဆီကို ဆိုတာ
လား"

ဆရာခင်မောင်ဦးက ဝင်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကင်းလိပ်ချော့ရဲ့အဆီကို ပြောတာပ
နောက် အစွယ်တို့ရဲ့ အချုပ်ဟာ ဝက်စွယ်ကင်းပိတ်
ဆိုတယ်၊ အဲ.... အမြုံတေတို့ရဲ့ အချုပ်ကျတော့ လူအမြုံ
ဆိုပဲဗျ"

"လူအမြုံတေ၊ ဟုတ်လားဆရာလင်း"

"ဟုတ်တယ်"

"လူမှာ အမြုံတေရှိတယ်လို့ အခုမှပဲ ကြားဖူးတ
မြွေအမြုံတေအကြောင်း၊ ကြောင်အမြုံတေ၊ ငါးအမြုံ
ဆိုတဲ့ တခြားအမြုံတေတွေအကြောင်းတော့ ကြားဖူးပါ

ဆရာ ခင်မောင်ဦးက အံ့အံ့ဩဩ ပြောလိုက်၏။

"လူမှာလဲ တခြားသတ္တဝါတွေလိုပဲ အမြုံတေရှိတယ်
ဆိုတယ်ဗျ၊ လူအမြုံတေဆိုတာ လူရဲ့ခန္ဓာကိုယ်ထဲမှာ
ရောင်၊ ပုလဲရောင်အဖြစ် တည်ရှိနေကြတယ်လို့ ဆိုတ

"အံ့ဩစရာပဲ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေဆီမှာ ရှိနေ
မဆိုနိုင်ဘူး"

"ဒါတော့ မပြောတတ်ဘူးလေ ဆရာခင်မောင်ဦး
ကျွန်တော်လဲ ကြားဖူးတာကိုပြောပြရတာ"

"မေးလက်စနဲ့ ဆရာလင်းကို မေးရဦးမယ်"

"မေးဗျာ ဆရာဦး"

"ဒီလိုဗျ၊ ငှက်တွေ အသိုက်ဆောက်တဲ့အခြေအနေ
ကြည့်ပြီး မိုးလေဝသ ကြိုတင်ခန့်မှန်းလို့ရနိုင်တယ်ဆို"



"ဟုတ်တယ်ဗျ၊ ရှေးတုန်းကဆိုရင် တောင်သူလယ်သမားဦးကြီးတွေ ဒီနည်းကိုအသုံးပြုပြီး ခန့်မှန်းတွက်ချက်ကြတာပဲ၊ အပင်ထိပ်ဖျားတွေမှာ အသိုက်တွေ ဆောက်ထားကြပြီဆိုရင်တော့ အဲဒီနှစ်ဟာ လုံးဝလေမထန်တဲ့နှစ်ရယ်လို့ သတ်မှတ်ကြတယ်၊ တကယ်လို့ အပင်ရဲ့ အလယ်နားလောက်ဆီမှာ အသိုက်လုပ်ထားကြရင်တော့ လေမိုးမျှတတဲ့နှစ်ပေါ့၊ အဲ.... အပင်ရဲ့အောက်ခြေနားမှာ ငှက်သိုက်လုပ်ထားကြပြီ ဆိုရင်တော့ အဲဒီနှစ်ဟာ လေမိုးထန်လိမ့်မယ်လို့ ကြိုတင်ခန့်မှန်းကြတယ်တဲ့ဗျ"

ကျွန်ုပ်စကားဆုံးသောအခါ အဂ္ဂိရတ်ဆရာလေးယောက်တို့သည် စကားစပြတ်သွားသည်နှင့် သူတို့၏ဝါသနာပါရာ အဂ္ဂိရတ်အကြောင်းသို့ ရောက်သွား၏။ ထို့နောက် ထွက်ရပ်ပေါက်ဝိဇ္ဇာများအကြောင်းသို့လည်း ရောက်သွား၏။

ကျွန်ုပ်ကမူ သူတို့ပြောဆိုနေကျဖြစ်သော အဂ္ဂိရတ်ပညာရပ်များနှင့် မကျွမ်းကျင်လှသော်လည်း ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများနှင့် ပတ်သက်လျှင်မူ တီးမိခေါက်မိရှိ၏။ မှတ်မှတ်သားသားလည်း ရှိထား၏။

"ကျွန်တော် မှတ်ထားသလောက်ကတော့ မြဒါးဝိဇ္ဇာပုဂ္ဂိုလ်ကြီးငါးပါးရှိတယ်ဗျ"

"လုပ်စမ်းပါဦး ဆရာလင်းရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ဆရာခင်မောင်ဦးကပင် စကားထောက်လိုက်ပြန်၏။

"အရိမဒ္ဒနပေါက္ကံ နေပြည်တော်လို့ ခေါ်တဲ့ ပုဂံနေပြည်တော်ကြီး ကောင်းစားစဉ်က အရှင်အဇ္ဇဂေါဏအမည်ရှိတဲ့ ပြဒါးဝိဇ္ဇာကြီးက တစ်ပါးဗျာ၊ ဒါကတော့ ခင်ဗျားတို့အများစု သိပြီးသားဗျာ"

"နောက်ကော"

"နောက်တစ်ပါးက အင်းဝမြို့ ဘိုးတော်မင်းတရားကြီး အုပ်စိုးစဉ် အခါကာလတုန်းက မယားမင်းရွာဇာတိ ဆရာအောင်လို့လဲ ခေါ်ကြတဲ့ ရသေ့အောင်ဆိုတာပဲ၊ ပြဒါးဝိဇ္ဇာလမ်းကပဲ ထွက်ခဲ့တာလို့ဆိုတယ်ဗျ"

"နှစ်ပါးရှိပြီဗျ"

ဆရာခင်မောင်ဦးက လက်နှစ်ချောင်းချိုးထားပြီး ပြောလိုက်၏။

"တစ်ဆယ်ပြဒါးဝိဇ္ဇာတစ်ပါးက အင်းဝမြို့ နောင်တော်ကြီးမင်းတရားကြီးလက်ထက်မှာ အောင်ချမ်းသာရွာ၊ ရွာဟောင်းတောရကျောင်းမှာ သီတင်းသုံးတော်မူခဲ့တဲ့ အရှင်ကုန္ဒစရိယအမည်ရှိတဲ့တစ်ပါးဗျ၊နောက်တစ်ခါ ဒွါရဝတီမြို့ အရှင်ကဝိန္ဒသာရ အမည်ရတဲ့ ရေတိမ်ရွာဇာတိ ရေတိမ်ဆရာတော်တွဲ့ရတဲ့ ပြဒါးဝိဇ္ဇာဓိုရ်တစ်ပါးဗျာ၊ နောက်တစ်ပါးကတော့ ရတနာပူရ အင်းဝမြို့တည်ခဲ့တဲ့ သတိုးမင်းဖျားလက်ထက်တော်မှာ မ-ဇုသိခ်ရာ အမည်ရတဲ့ ပြဒါးဝိဇ္ဇာဓိုရ်ဗျာ၊ အားလုံးငါးပါး"



ကျွန်ုပ်၏စကားကို နားထောင်ရင်း ဦးခင်မောင်ဦးက ခေါင်းတညိတ်ညိတ်လုပ်လိုက်၏။

"ဆရာလင်းက ပြဒါးဝိဇ္ဇာတွေစာရင်း ရွတ်ပြတော့ ကျုပ်ကလဲ သံဝိဇ္ဇာတို့ အင်းဝိဇ္ဇာတို့စာရင်း ရွတ်ပြရသေးတာပေါ့ဗျာ"

ဆရာဟိန်းကျော်ကလည်း တစ်စခန်းထလေ၏။

"ဆိုပါဦး ဆရာဟိန်းကျော်"

ကျွန်ုပ်က သူ့အကဲလှည့်၍ ပွဲတောင်းလိုက်ရလေ၏။

"အမရပူရမြို့မှာ နောင်တော်ကြီးလက်ထက်တုန်းက မြို့တော်ရဲ့ အရှေ့ဘက်ယွန်းယွန်းမှာ တောင်သမန်ရွာဆိုတာ ရှိတယ်ဗျ၊ အဲဒီတောင်သမန်ရွာနားက နွားမို့စုလို့ ခေါ်တဲ့ရွာကြီးမှာ အရှင်နာဂိန္ဒသာရဆိုတဲ့ ကိုယ်တော်တစ်ပါးရှိခဲ့တယ်၊ အဲဒီကိုယ်တော်ကြီးက ခတိနရလောမလို့ ခေါ်တဲ့သံကို စီမံပြီး ထွက်ရပ်ပေါက် အောင်မြင်သွားခဲ့ဖူးတယ်၊ သူက သံကိုစီရင်တဲ့အတွက် သံဝိဇ္ဇာဓိုရ်ကြီးရယ်လို့ ခေါ်ခဲ့ကြတယ်"

ကျွန်ုပ်က ခေါင်းတဆတ်ဆတ် ညိတ်မိ၏။

ဆရာဟိန်းကျော်က စကားဆက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပုဂံမြို့ ကျစွာမင်းလက်ထက်တုန်းက အရှင်ဉာဏဝံသ မည်တဲ့ ကိုယ်တော်ကြီးဟာ စိန္တာမယအင်းကို အကြိမ်ကြိမ် ကစားဖူးတဲ့အတွက် ထွက်ရပ်ပေါက်အောင်မြင်ပြီး အင်း ဝိဇ္ဇာဖြစ်ခဲ့ဖူးတယ်၊ ကျွန်တော်သိတဲ့ နောက်ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးတစ်ပါးကတော့ ဇေယျသိခ်မင်း လက်ထက်က ပညာသိရိကျော်အမည်ရှိတဲ့ ဆေးဝိဇ္ဇာကြီးပဲဗျ"

ဆရာဟိန်းကျော်၏စကားဆုံးလျှင် ဆရာကျော်စိန်က...

"ဘယ့်နှယ်လဲ ဆရာလင်းရဲ့၊ ခင်ဗျားကော အင်းလေး ဘာလေး မကစားဘူးလားဗျ"

ဟုဆိုကာ ကျွန်ုပ်ဘက်သို့ လှည့်၍မေးလိုက်လေ၏။ ကျွန်ုပ် ကလည်း အလိုက်သင့်အလျောက် ပြန်၍အဖြေပေးရလေ၏။

"အေးဗျာ....ခင်ဗျားတို့လို အဂ္ဂိရတ်ဘက်မလိုက်ပေမယ့် အင်းလေးဘာလေးတော့ ဝါသနာပါလို့ ကစားကြည့်ဖူး ပါတယ်၊ အင်းကလဲ မလွယ်ပါဘူး၊ စည်းကမ်းတွေ၊ သတ် မှတ်ချက်တွေ တော်တော်များသားပဲဗျ၊ အင်းကောင်သား ရင်းရွတ်တဲ့ဂါထာ၊ အင်းသနချေတဲ့ဂါထာ၊ အင်းနှိုးတဲ့ ဂါထာ၊ အင်းဟိန်းတဲ့ဂါထာတွေကိုလဲ ကျက်ရသေးသဗျ"

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ခင်ဗျားလေ့လာတဲ့၊ ကစားကြည့်တဲ့ အထဲက လွယ်လွယ်နဲ့ ထိရောက်တဲ့ အင်းလေးဘာလေး အကြောင်း မှတ်သားထားတာရှိရင်လဲ ဝေငှပါဦးဗျ၊ မှတ် သားထားရတာပေါ့"



"အင်း....ခင်ဗျားက ကုန်ရောင်းကုန်ဝယ်လေးဘာလေး လုပ်တဲ့လူဆိုတော့ ကုန်ရောင်းစွံတဲ့ အက္ခရာအင်း ရေးပုံရေးနည်းလေး မှတ်ထားလိုက်ဗျာ"

"ကောင်းသားပဲ ဆရာလင်း"

ဆရာကျော်စိန်က အားတက်သရော ပွဲတောင်းလိုက် လေ၏။

သို့ဖြစ်၍ ကျွန်ုပ်လည်း ကုန်ရောင်းစွံသည့် အက္ခရာ အင်းကို အညောင်းအညာ ဖြေနားနေချိန်တွင် ရေးဆွဲပြ လိုက်ရလေတော့၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

### စံခေဝီလို မျက်သုံးများ

အရိပ်ကောင်းသော သစ်ပင်ကြီးတွင် ခေတ္တမျှ နားနေကြပြီးသောအခါ ကျွန်ုပ်တို့သည် ခရီးဆက်ခဲ့ကြလေ၏။ အင်္ဂလိပ်ဆရာများသည် ဂမုန်းများ၊ ဆေးဖက်ဝင် အပင်များ ရှာဖွေကြရင်း လုပ်ရပ်သံစီရင်နည်းလင်္ကာကို ဆက်၍ ရွတ်ကြပြန်၏။

"မိုးဦးကျလျှင် ပွဲလှကိုထား၊ ရှစ်ပါးသီလခံပြီးမှလျှင်၊ သံစီရင်တော့၊ ဆေးလျှင်သုံးပုံ၊ ထိုတစ်ပုံကို သုံးလုံးစီသာ၊ အန္တာလုံသွင်း၊ မီးမြင်းနာနာ၊ ထိုးပြီးခါလျှင်၊ ယူပါအစ ပယထမဆေးမှာ၊ ဖြူးကာတစ်လီ၊ မြွေဟောက်ဆီမှာ"



"လောင်းပါတစ်လီ၊ မြွေဟောက်ဆီမှာ၊ ဆေးဖြူးကာနှင့်၊ နှစကိုးလီ၊ စဉ်စီမြောက်ထွေး၊ လင်းမြွေတစ်လီ၊ မြွေဟောက်ဆီနှင့်၊ မြင်းဆီသုံးပါး၊ ခံရေများကို၊ တစ်ပါတည်းပေါင်း၊ ကိုးကြိမ်လောင်းက..."

သူတို့တစ်တွေ ရွတ်ဆိုနေကြသည့် လုပ်ရပ်သံစီရင်နည်းလင်္ကာ အနက် အဓိပ္ပာယ်များကို ကျွန်ုပ် ရေရေရာရာ နားမလည်ချေ။

သို့သော်... မြွေဟောက်ဆီ၊ လင်းမြွေဆီ စသည်ဖြင့် မြွေ...မြွေ...မြွေ...ဟူသည့် မြွေသံများကိုသာ ကြားနေရလေရာ နဂိုက ပုလိပ်မြွေဘုရားတွင် မြွေကြီးများကိုတွေ့၍ အူယားနေသည့် ကျွန်ုပ်မှာ ကျောချမ်း၍ပင် သွားမိလေ၏။

ယခုကဲ့သို့ တောထဲတောင်ထဲတွင် လျှောက်သွားနေကြရသည့် အချိန်မျိုး၌ မြွေဟူသည့် အသံကို ကြားရခြင်းအတွက်ပို၍ ကျောမလုံချင်ပေ။

အင်္ဂလိပ်ဆရာများ ရှေ့ဆက်သွားကြမည့် တောနက်ထဲသို့ ကျွန်ုပ်လိုက်ပါသွားရန် သင့် မသင့် ချင့်ချိန်နေမိလေ၏။

တောထဲလျှင် မြွေတွေ ကင်းတွေလည်း ထူထပ်သည်မဟုတ်လား။

ထူးတော့ ထူးဆန်းသည် ဟူပင် ဆိုရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားမကြောက်၊ ဆင်မကြောက်၊ တစ္ဆေမကြောက်ရန် သတ္တိမွေးလေ့ရှိသော ကျွန်ုပ်သည် မြွေဆိုသော အသံကြားရလျှင် အဘယ်ကြောင့် တစ်မျိုးတစ်မည် ခံစားရမှန်း မသိချေ။

အထူးသဖြင့် မျက်ခွံများမရှိဘဲ ပြောင်တောင်ပြူး ပွင့်နေလေ့ရှိသည့် မြွေတို့၏ မျက်ဝန်း ပြောင်ပြောင်ကလေးများကို မြင်ရလျှင် ကျွန်ုပ်သည် ရင်ဖို၍ ခုန်လေ့ရှိ၏။

သို့ဖြစ်၍ ကျွန်ုပ်သည် သူတို့နှင့်အတူ တောထဲမလိုက်ရန် ဆုံးဖြတ်မိသည်။

ထိုသို့ မလိုက်ရန် တွေးသည့်အတွေးကို ပံ့ပိုးသည့် အခြေအနေတစ်ရပ်ကလည်း အလိုလိုပေးလာခဲ့လေ၏။

တခြားမဟုတ်၊ မြေတလင်းပြောင်ပြောင်၌ လှည်းကျင်းထားသော ကျောင်းသင်္ခမ်းကလေးတစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

"ကိုင်း....ဆရာတို့"

ကျွန်ုပ်ထံမှအသံပြုလိုက်သောကြောင့် ကျန် ဆရာလေးဦးတို့သည် ကျွန်ုပ်ထံသို့ လှည့်ကာ ခြေလှမ်းများတုံ့ရပ်သွားကြ၏။

"စိတ်မရှိကြပါနဲ့ ဆရာတို့ရာ၊ ကျွန်တော် ရင်ကျပ်ရောဂါ ထချင်လာလို့ ဟောဟို ကျောင်းသင်္ခမ်းကလေးမှာ



ရတောင်းပြီး ဆေးသောက်ရင်း ချန်ရစ်ခဲ့ပါရစေ၊ဆရာတို့ ိုက်သလောက်ကြာကြပါ၊ ဆေးတွေဂမုန်းတွေရှာကြပါ၊ ြန်လာမှ ကျွန်တော့်ကို ဝင်ခေါ်ကြပေါ့"

အခြေအနေအရ ညဏ်သုံး၍ ပြောလိုက်မိ၏။ အမှန်ကယ်လည်း မြွေဟောက်၊ လင်းမြွေ စသည့် မြွေသတ္တဝါ ား အသံကိုကြားလိုက်ရသဖြင့် ရင်ကျပ်ချင်လာသည်က မှန်ပင် ဖြစ်၏။

"ဘယ်လိုဖြစ်တာလဲ ဆရာလင်းရဲ့၊ ခင်ဗျားပဲ ကျုပ် ့နဲ့အတူတူ လေ့လာချင်တယ် ဆိုပြီးတော့...."

ဆရာကျော်စိန်က မျက်မှောင်ချို၍ မကျေမနပ် ပြော သ၏။

"ဟာဗျာ....ဆရာကျော်စိန်ကလဲ၊ ရင်ကျပ် ချင်မါတယ် နေမှ နေရစ်ခဲ့ပါစေဗျာ၊ တော်ကြာ သိပ်ပင်ပန်းပြီး ဆိုးနေပါဦးမယ်၊ ကဲ...ဆရာလင်း၊ စိတ်အေးလက်အေး ားနားနေနေသာ နေခဲ့ပေတော့"

ဆရာဟိန်းကျော်က ကျွန်ုပ်ဘက်မှ ထောက်ခံစကား ြောသဖြင့် များစွာ ကျေနပ်အားရ ဖြစ်သွားမိလေ၏။

သူတို့၏ လက်ခံမှုကို ရယူပြီးသောအခါ ကျွန်ုပ်သည် လှမ်းမကမ်းတွင် မြင်တွေ့နေရသော ကျောင်းသင်္ခမ်း လေးရှိရာသို့ ဖြည်းဖြည်းမှန်မှန် လျှောက်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျော်စိန်၊ ဆရာဌေးအောင်၊ ဆရာဟိန်းကျော်၊ ဆရာခင်မောင်ဦးတို့ လေးဦးသားတို့၏ ပြောစကားများသည်လည်း ခပ်လှမ်းလှမ်းဆီတွင် ဝေး၍ဝေး၍ သွားခဲ့ကြလေ၏။

ကျွန်ုပ်သည်လည်း ရှင်းလင်းလှပသပ်ရပ်သော ကျောင်းသခ်မ်းကလေးရှိရာသို့ လျှောက်လာခဲ့မိလေတော့၏။

ကျောင်းသခ်မ်းကလေးသည် သေးငယ်သော်လည်း နေချင့်စဖွယ်ဖြစ်၏။ဝါးထရံများကာရံထားလျက် တောင်ထန်းများ မိုးထားလေ၏။

နေရာကလေးသည် လွန်စွာ အေးအေးချမ်းချမ်းလည်း ရှိ၏။ သီးပင်စားပင်ကလေးများလည်း ရှိ၏။ ကျောင်းကလေး၏ နောက်ကျောဘက်ဆီတွင်လည်း စမ်းချောင်းကလေးသည် ရစ်ခွေစီးဆင်းနေ၏။

အရိပ်အာဝါသကောင်းသဖြင့် နေချင့်စဖွယ် နေရာကလေးပင်ဖြစ်၏။

ကျွန်ုပ်သည် စိတ်နှလုံးအေးချမ်းစွာဖြင့် ကျောင်းသခ်မ်းကလေးရှိရာသို့ ဖြည်းဖြည်းချင်း လှမ်း လျှောက် သွားခဲ့လေ၏။



ကျောင်းဝင်းကလေးမှာ အတန်ငယ် ကျယ်ဝန်းသောကြောင့် ကျောင်းသခ်မ်းကလေးရှိရာသို့ တော်တော်ကလေး လျှောက်ရ၏။

ထိုအတွင်း ကျောင်းသခ်မ်းကလေး ရှေ့တွင် အစတ်အထည်များ လှန်းထားသော ဝါးလုံးတန်းရှိရာသို့ ကျွန်ုပ်၏မျက်လုံးများ ရောက်ရှိသွားလေ၏။

ထိုအခါ မှန်မှန်လှမ်းသွားနေသော ကျွန်ုပ်၏ ခြေလှမ်းများသည် တုံ့ခနဲတန့်ရပ်သွားကာတစ်စုံတစ်ရာကို စူးစူးစိုက်စိုက် ကြည့်မိလေ၏။

ပထမဦးမူ ထိုအရာဝတ္ထုကို သို့လော...သို့လော တွေးတောထင်မြင်ရင်း ဖြည်းညင်းသော ခြေလှမ်းများဖြင့် ထိုအရာဝတ္ထုရှိရာသို့ တိုးကပ်ကြည့်မိလေ၏။

ဝါးလုံးတန်းပေါ်တွင်တင်၍ လှန်းထားသည့် အရာဝတ္ထုမှာ ကြည့်ရင်း ကြည့်ရင်း ပိုပြင်လာလေတော့၏။

လွန်စွာကြီးမားသော မြွေကြီးတစ်ကောင်၏ အရေခွံကြီးတစ်ခု၊ ခေါင်းမှသည် အမြီးဖျားအထိ ဆွတ်ဆွတ်ဖြူဖွေးနေသော မြွေအခွံရေခွံကြီး၊ ကျွန်ုပ်၏ရင်သည် တဒိတ်ဒိတ် ခုန်လှုပ်နေမိလေ၏။

ထိုကဲ့သို့ ခေတ္တမျှ ကိုယ်နှလုံးခုန်သံကို ကိုယ်ပြန်ကြားယောင်နေရင်းက ကိုယ့်ကိုယ်ကိုပြန်၍ အားပေးမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို...ဒါဟာ တကယ့်သက်ရှိထင်ရှား မြွေကြီး တစ်ကောင်မှမဟုတ်တာ၊ မြွေအရေခွံကြီးတစ်ခုကို ငါကဘာလို့များ ကြောက်စရာရှိလို့လဲ"

ကိုယ့်ကိုယ်ကို အားပေး နေမိသည့်ကြားကပင် အစွယ်ပြူးပြူးနှင့် မြွေခေါင်းကြီးကို သေသေချာချာ စူးစိုက်ကြည့်မိသောအခါ ပြောင်လက်နေသည့်မျက်လုံးအစုံကို တွေ့ရ၏။

ထိုမျက်လုံးအစုံကား မြွေအသေတစ်ကောင်၏ မျက်လုံးများနှင့်မတူဘဲ သက်ရှိထင်ရှား မြွေကြီးတစ်ကောင်၏ မျက်လုံးများနှင့် ပို၍တူ၏။

ထိုကဲ့သို့ မြွေအရေခွံအဖြူကြီးထံသို့ အာရုံ ရောက်နေသော ကျွန်ုပ်သည် ဘေးပတ်ဝန်းကျင်အခြေအနေများနှင့် ခေတ္တခဏ အဆက်အသွယ်ပြတ်သွားသလိုဖြစ်နေ၏။

ထိုအခိုက် ကျွန်ုပ်၏ မလှမ်းမကမ်းရှေ့နားဆီမှ "ရှူး" ခနဲ နှာမှုတ်သံတစ်ချက် ကြားလိုက်ရလေရာ ကျွန်ုပ်သည် ထမခုန်မိအောင် မနည်းကြီး ကြိုးစားလိုက်ရ၏။

အသံကြားရာဆီသို့ ကြည့်လိုက်မိသော အခါတွင် ကားစေါ်းပျဉ်းခွက်၍ ထောင်ထားသော မြွေဟောက်ကြီး တစ်ကောင်ကို ရုတ်တရက် တွေ့လိုက်မိလေ၏။



ဘယ်က ဘယ်လိုရောက်လာမှန်းမသိရသည့်အတွက် မြွေဟောက်ကြီးကို ကြည့်ရင်း ကျွန်ုပ်သည် ကြက်သေ သေသွား၏။

စောစောကခုန်လှုပ်စပြုခဲ့သည့် ရင်သည် ခပ်ရှိုင်းရှိုင်း ဒိုင်းဒိုင်း လှုပ်ခုန်လာလေတော့၏။

ချက်ချင်းပင် လာရာလမ်းဆီသို့ ပြန်လှည့်ပြေးရကောင်းမလားလည်း စဉ်းစားမိသေး၏။

သို့သော်လည်း ကိုယ့်လိပ်ပြာကိုယ် ရှက်သောကြောင့် ထိုသို့မပြေးဖြစ်။

"ငါ ဘာလုပ်ရမလဲ"

အမြန်ဆုံး တွေးတောမိသည်။

တစ်စုံတစ်ခုသောလက်နက်ကို ရှာဖွေရယူ၍ တိုက်ခိုက် သတ်ပုတ်ရမည်လား။

ထိုသို့လုပ်ရန် မလျော်ကန် မသင့်မြတ်ချေ၊ ထိုသို့လုပ်ပါ သော်လည်း အောင်မြင်လိမ့်မည်မထင်။

စင်စစ် ကျွန်ုပ်သည် အသတ်အပုတ်၌လည်း လက်မယဉ်ပါ၊ သက်ရှိဆို၍ ဖားတစ်ကောင်၏အသက်ကိုပင် သတ်ဖူးသူမဟုတ်။

တိုက်ခိုက်သတ်ဖြတ်သည့် ဘက်တွင် အတွေ့အကြုံမရှိ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ကျွန်ုပ်သည် ကိုယ်နှင့် သင့်လျော်မည်ထင်သည့် ပရိတ်ကြီး (၁၁)သုတ်ထဲမှ မြွေသတ္တဝါတို့နှင့် သက်ဆိုင်သော ခန္ဓသုတ်ပရိတ်တော်ကို ရွတ်ဖတ်ရန် သတိရလာ၏။

ထို့ကြောင့် သဗ္ဗသီဝိသ၊ ဇာတိနံ၊ ဒိဗ္ဗမန္တာ၊ ဂဒံဝိယ ... အစချီသည့် ခန္ဓသုတ်တို့ကို အလောသုံးဆယ်ရွတ်လေ၏။

အမြီးအမောက် တည့်ချင်မှ တည့်မည် ဖြစ်သော်လည်း ဘုရားရှင်၏ နှုတ်ကပတ်တော် သုတ်ပရိတ်သည် လွန်စွာ အစွမ်းထက်၏။ တရှူးရှူးဖြင့် ဒေါသတကြီး လှုပ်ယမ်းနေသော မြွေဟောက်၏ပါးပျဉ်းကြီးသည် မြေလျှော့ငုပ် လျှိုးသွား၏။

ထိုကဲ့သို့ မြွေဟောက်ကြီးပါးပျဉ်းကျသွားသည့်အချိန်မှာပင် မလှမ်းမကမ်း ကျောင်းသင်္ခမ်းစင်းကလေးဆီမှ အသံတစ်သံ ထွက်လာလေ၏။

"ဟဲ့....ဟဲ့....မဟုရား၊ သွားစမ်း....သွားစမ်း၊ နင့်တောင်ပို့ရှိတဲ့နေရာကို နင်ပြန်ပြီးသွားစမ်း"

ထိုအသံသည် စူးရှသလိုထင်ရသော်လည်း နားထောင်၍ ကောင်းသည်ဟု ထင်ရ၏။

မြွေဟောက်ကြီးသည်လည်း အသံရှင်၏အမိန့်ကို နာခံသွားဖြင့် ဦးခေါင်းကို ငုံ့လျှိုးကာ နောက်ဘက်ဆီသို့လှည့်၍ လျှာခနဲ ထွက်ခွာသွားလျက် မကြာမီမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။



ကျွန်ုပ်လည်း မြွေဟောက်ကြီးအား လူစကားဖြင့် ငေါက်ငမ်း အမိန့်ပေးလိုက်နိုင်သော အသံရှင် အမျိုးသမီးအား ကျေးဇူးတင်စွာဖြင့် လှမ်း၍ကြည့်လိုက်မိ၏။

ထိုအခါ ရည်မွန်တည်ငြိမ်သော အပြုံးမျိုးဖြင့် ပြုံးလျက် ကြည့်နေသည့် အမျိုးသမီးနှင့် မျက်လုံးချင်း ဆုံမိလေတော့၏။

ထိုအမျိုးသမီးသည် ယောဂီဝတ်စုံကို ဝတ်ဆင်ထားလေ၏။

အညိုရောင်ဝတ်စုံ ဝတ်ဆင် ထားသဖြင့် အတန်ငယ် ခြွေရနေသော်လည်း နုပျိုဆဲဖြစ်သည့် ယောဂီမလေး၏ အလှအပတာရားများကို ဖုံးကွယ်ထားနိုင်စွမ်း မရှိချေ။

တည်ငြိမ်သော ယောဂီဝတ်စုံကိုသာ ဝတ်မထားဘူးဟု ဆိုလျှင် ထိုအမျိုးသမီး၏ အလှအပကွန်ယက်များ၌ မည်သို့သော ယောကျ်ားမျိုးမဆို တိုးဝင်ငြိတွယ်မိမည် ဖြစ်လေသည်။

သို့သော်လည်း တရားရိပ်တွင် မွေ့လျော်နေသူ ဖြစ်စေသဖြင့် တည်ငြိမ်အေးချမ်းလှသည့် အလှမျိုး ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



အထူးအဖြင့် ကျွန်ုပ် သတိထားမိသည်မှာ ထိုယော
အမျိုးသမီး၏ စူးရှတောက်လက်သော မျက်လုံးအစုံပ
ဖြစ်၏။

သာမန်မိန်းကလေး ရာထောင်တွင် တစ်ယောက်မရှိနိ
သည့် ထူးထူးခြားခြား မျက်လုံးမျိုး ဖြစ်၏။

သူ့မျက်လုံးများကို မြင်တွေ့ရသောအခါ ကျွန်ုပ်ယေ
က ဖတ်ရှုခဲ့ဖူးသော ဆရာကြီး ရွှေဥဒေါင်း၏ တစ်သက်တ
အတွေးအခေါ်မှတ်တမ်းများ စာအုပ်တွင် ပါဝင်သ
အကြောင်းအရာ ကလေးများကို ပြေး၍ အမှတ်ရလိုက
လေ၏။

ဆရာကြီး ရွှေဥဒေါင်းတွင် စံဒေဝီဟု အမည်ပေးထ
သည့် လွန်စွာစွဲမက်ခဲ့ဖူးသော မိန်းကလေးတစ်ယောက် ရှ
ဖူးသည်ဟုဆို၏။

ထိုမိန်းကလေးတွင် စိတ်ဝင်စားစရာ အကောင်းဆုံးမ
မျက်လုံးအစုံပင် ဖြစ်လေ၏။

မျက်လုံးများသည် လွန်စွာ ညို့အားကောင်းလွန်း
သည်ဆို၏။ အကယ်၍သာ ဆရာကြီးသည် စံဒေဝီတစ်ကို
လုံးကို မရဆည့်တိုင် သူ့မျက်လုံးအစုံကို ရရှိမည်ဆိုပါ
ဖန်ပေါင်းချောဝ်ထဲတွင်ထည့်လျက် အလှသာထိုင်၍ကြည့်
ချင်တော့၏ ဟူသော သဘောမျိုး ရေးသားခဲ့ဖူး၏။



ယခု အမျိုးသမီးသည်လည်း ဆရာကြီး ရွှေဥဒေါင်း၏ စံဒေဝီနှင့် တစ်ထပ်တည်း တူညီမည်မဟုတ်သော်လည်း ထို မျက်လုံးကဲ့သို့ပင် ညှို့နိုင်းဆိုရမည် ဖြစ်ပါ၏။

ယောဂီအမျိုးသမီး၏ မျက်လုံးအစုံမှာ တစ်ရာတွင် တစ်ယောက်၊ တစ်ထောင်တွင် တစ်ယောက်၊ တစ်သောင်းတွင် တစ်ယောက် မရှိလောက်သည့် ထူးခြားစွာ စူးရှလှသော မျက်လုံးမျိုးပင် ဖြစ်၏။

သူ့မျက်လုံးကို စိုက်ကြည့်နေမိသော ကျွန်ုပ်မှာ အညှို့ခံရသလို ခံစားနေရလေတော့၏။

★

www.burmeseclassic.com

## အခန်း (၅)

### မြွေချစ်သူ

ကျွန်ုပ်သည် အံလန့်တကြား ထူးခြားတောက်လက်သော ယောဂီအမျိုးသမီး၏ မျက်လုံးများကို ငေးကြည့်နေမိသည်မှာ မည်မျှကြာရှည်သွားသည်မသိ။ ယောဂီအမျိုးသမီးထံမှ ချောင်းတစ်ချက် ရှင်းသံကြားမှသာ မျက်တောင်ခတ်၍ အကြည့်လွှဲမိ၏။

"ကျွန်မရဲ့ မဟူရာကြီးကို တွေ့လိုက်ရတာ တော်တော်လေးမှ လန့်သွားရဲ့လားရှင်"

ရယ်ရွှင်သံရောစွက်သော လေသံဖြင့် ဖော်ဖော်ရွေရွေဆိုလာသည့် သူမ၏စကားကြောင့် ကျွန်ုပ်လည်း ပြုံး၍ ခေါင်းညိတ်လိုက်မိလေ၏။



"ဘယ့်နှယ် ပြောလိုက်ပါလိမ့်ခင်ဗျာ၊ လူကို လိပ်ပြာလွင့်မတတ်ပါပဲ၊ တော်ပါသေးရဲ့၊ ခန္ဓာသုတ်တော်ကယ်ပေလို့"

"ကျွန်မလာပြီး မောင်းထုတ် ပေးလိုက်လို့ မဟုတ်ဘူးလားရှင့်"

"နှစ်မျိုးစလုံးကြောင့် ဖြစ်မှာပေါ့ဗျာ၊ ကျွန်တော် ခန္ဓာသုတ်ကို ရွတ်လိုက်တော့ နည်းနည်း ဒေါသငြိမ်သွားတယ်၊ ခင်ဗျား မောင်းထုတ် လိုက်တော့ တခြားထွက်သွားပြီး အန္တရာယ်ပိုကင်းသွားတယ်"

"တခြားကို ထွက်သွားတာ မဟုတ်ဘူးရှင့်၊ ဟောဒီ ကျောင်းရဲ့ နောက်နားလေးဆီမှာ သူ့ရဲ့ တောင်ပို့ကြီး ရှိတယ်၊ အဲဒီမှာ သူနေတယ်လေ"

"ခင်ဗျား မွေးထားတာလား"

"တမင်ခေါ်ပြီး မွေးထားတာမဟုတ်ပေမယ့် သူရောက်လာတယ်၊ ဒီမှာပဲအမြဲနေတယ်ဆိုတော့ ဘယ်လိုပြောမလဲ၊ သံယောဇဉ်လဲဖြစ်နေတာပေါ့၊ ကျွန်မက သူ့အတွက် ကြက်ဥတွေ နို့တွေ ကျွေးတယ်လေ၊ သူကလဲ ကျွန်မရဲ့ခြံဝင်းထဲမှာ ခွေးတစ်ကောင်လိုပဲ စောင့်ရှောက်ပေးတယ်၊ လူစိမ်း

www.burmeseclassic.com

www.burmeseclassic.com



အဝင်မခံဘူး၊ လူစိမ်းရောက်လာပြီဆိုရင် ခုလိုပဲ ခြောက်လှန့်တော့တာပဲ"

"ပေါက်ကော မပေါက်ဘူးလား"

"ဟင့်အင်း၊ ဒုက္ခရောက်အောင် ဘယ်တော့မှသူမလုပ်ပါဘူး၊ မဟာရာက လူစကား နည်းနည်းပါးပါး နားလည်ပါတယ်ရှင့်၊ အထူးသဖြင့် ကျွန်မပြောတဲ့စကားကို သူတစ်သဝေမတိမ်း လိုက်နာတယ်"

ကျွန်ုပ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်မိလေ၏။

"ဘာပဲဖြစ်ဖြစ်၊ မြွေဟောက်ကြီးကို အဲ....အဲ....ခင်ဗျားရဲ့ မဟာရာကြီးကို မောင်းထုတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီထက် ပိုပြီး ကျေးဇူးတင်ရအောင် ရေလေးတစ်ခွက်လောက် သောက်ပါရစေ၊ ပြီးတော့ ကျွန်တော့်မိတ်ဆွေတွေ ပြန်လာတဲ့အထိ ဒီကျောင်းသခ်မ်းလေးကပဲ ထိုင်ပြီး စောင့်နေပါရစေ၊ ကျွန်တော်က လမ်းသွားရင်း မောလာတာနဲ့ နေခဲ့တာပါ"

"ရပါတယ်ရှင်....ရပါတယ်၊ လာပါ အထဲမှာဝင်ထိုင်ရှင့်လဲ ရပါတယ်"



ယောဂီ အမျိုးသမီးက ဖော် ရွေ သော အပြုံးဖြင့် ဖိတ်ခေါ်လိုက်၏။

သူ့ကြည့်ရသည်မှာ လူတစ်ဖက်သားကို ယုံကြည်တတ်သကဲ့သို့ သူကိုယ်တိုင်ကလည်း ရိုးသားမှန်ရည်ပုံရလေ၏။

ကျွန်ုပ်ကလည်း ယောဂီအမျိုးသမီး တစ်ယောက်တည်းနေနေသော တဲထဲတွင် ဝင်ထိုင်ရန် မသင့်တော်သဖြင့်....

"တဲထဲတော့ မ ဝင် တော့ ပါ ဘူး ခင်ဗျာ၊ ဟောဒီအပြင်က ကွပ်ပျစ်ကလေးပေါ်မှာပဲ ထိုင်ပါ့မယ်ခင်ဗျာ"

ဟု ပြောလိုက်ရလေ၏။

"ကောင်းပါပြီရှင်၊ အပြင်မှာပဲ ထိုင်ချင်လဲ ရပါတယ်ဗျာ၊ ကျွန်မ သင်ဖြူးဖျာကလေး ခင်းပေးပါ့မယ်"

"နေ....နေပါစေ ခင်ဗျာ၊ ရေကလေးတစ်ခွက်လောက်သာ အရင်ပေးပါ"

ယောဂီအမျိုးသမီးသည် သွက်လက်စွာဖြင့် တဲအတွင်း ဝင်သွားနောက် ယွန်းဖလားအနက်ကလေးဖြင့် ရေအပြည့်ခပ်လျက် ယွန်းလင်ပန်းကလေးပေါ် တင်ယူလာပြီး ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ရေဖလားကို လှမ်းယူပြီး ဆာဆာ ဖြင့် တဂွတ်ဂွတ် သောက်ချလိုက်လေတော့၏။

ကျွန်ုပ် ရေသောက်နေစဉ် အချိန်အတွင်း ယောဂီအမျိုးသမီးသည် သွက်လက်စွာဖြင့် အတွင်းသို့တစ်ခေါက် ပြန်စင်ကာ သင်ဖြူးဖျာကလေးတစ်ချပ် ယူလာလျက် ကွပ်ပျစ်ပေါ်၌ ခင်း၏။ ကျွန်ုပ်အားထိုင်စေ၏။

ထို့နောက် ရေနွေးကြမ်းကရားအိုးနှင့် အကြမ်းပန်းကန်များ လာချ၏။

"ထမင်းစားပြီးခဲ့ပြီလားရှင့်၊ မစားရသေးရင် စားပါလား၊ ကျွန်မတို့တဲမှာတော့ သက်သတ်လွတ်ဟင်းပဲရှိတယ်"

"ကျေးဇူးပါပဲ၊ ကျွန်တော် ထမင်းစားလာခဲ့ပါတယ်၊ ကျွန်တော်လဲ ခင်ဗျားတို့လိုပါပဲ၊ သက်သတ်လွတ်စားတာ ကြာပါပြီဗျာ"

"သာဓုပါရှင်၊ သာဓုပါ၊ ခဏကလေး နေပါဦးနော်၊ ကျွန်မ ထန်းလျက်ခဲကလေး သွားပြီးယူလိုက်ပါဦးမယ်၊ ရေနွေးနဲ့ မြည်းရတာပေါ့ရှင်"

ပြောပြောဆိုဆိုဖြင့် ယောဂီမလေးသည် ကျွန်ုပ် သောက်ပြီးသွားပြီဖြစ်သော ယွန်းရေခွက်ကလေးနှင့် ယွန်းလင်ပန်းကလေးကို တဲအတွင်းသို့ယူသွားကာ ခေတ္တမျှတဲထဲတွင် ရှိနေလေ၏။



ကျွန်ုပ်သည် ထိုအချိန်တွင် မြေတလင်းညီညီပြောင်ပြောင်ကလေးကို လည်းကောင်း၊ သစ်ပင်ပန်းမန်များကို လည်းကောင်း၊ ပတ်ခွေစီးဆင်းနေသော ချောင်းငယ်ကလေးကို လည်းကောင်း ငေးကြည့်လျက်ရှိပြီး စိတ်ကြည်နူးနေမိ၏။

ထိုအခါတွင် ဆရာမင်းသုဝဏ်ရေးစပ်သော 'ဝက်ပါ'ဟု ခေါင်းစဉ်တပ်ထားသည့် ကဗျာကလေးတစ်ပုဒ်ကို ခေါင်းထဲ၌ ပြန်လည်၍အမှတ်ရနေမိ၏။

ထို့အတူ နှုတ်မှလည်း ဖွဖွရွတ်ဆိုနေလိုက်မိလေ၏။

"ဝက်ပါ"

အေးရိပ်သာတဲ မချောင်ညို
ဥယျာဉ်တွန်သံချို
တိုးလျှိုစီးတဲ့ နဒီတွင်း
သမင်ရေသောက်ဆင်း....။
မြက်ခင်းလဲ့လဲ့ မြေညီညီ
ကံ့ကော်ဝတ်မှုန်စီ
ဇာလီပျော်တဲ့ ကျောင်းသခ်မ်း
လှုလေးသွားချင်စမ်း။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးမင်းသုဝဏ်သည် ဝေဿန္တရာဇာတ်တော်ကြီးကိုဖတ်ပြီးနောက် ဤကဗျာကလေးကို ခံစားရေးဖွဲ့ခဲ့ခြင်းဖြစ်ပေလိမ့်မည်။

ဝေဿန္တရာမင်းကြီးတို့ မိသားစု ဝင်္ကပါတောထဲတွင် နေထိုင်သီတင်းသုံးခဲ့ကြစဉ်က အကြောင်းအရာများကို တွေးတောကြည့်ကာ ဆရာကြီးက ရေးဖွဲ့ခဲ့ခြင်းဖြစ်လေသည်။

ကျွန်ုပ်ကလည်း ဆရာကြီး၏ကဗျာထဲက ဇာလီပျော်တဲ့ကျောင်းသင်္ခမ်းနေရာကလေးနှင့် ကျွန်ုပ် ယခုရောက်နေသော ယောဂီကျောင်းသင်္ခမ်းကလေးကို နှိုင်းယှဉ်ကြည့်နေမိကာ ကျေနပ်နှစ်သိမ့်မိလေ၏။

ထိုအတွင်း တဲတွင်းသို့ ဝင်ရောက်သွားခဲ့သည့် ယောဂီအမျိုးသမီးသည်လည်းကျွန်ုပ်ရှိရာသို့ရောက်လာပြီးနောက်....

"ကဲ...ပဲလှော်နဲ့ ထန်းလျက်ခဲကလေး သုံးဆောင်ပါဦးရှင်"

ဟုဆိုကာ ပန်းကန်ကို ကွပ်ပျစ်ပေါ်သို့ ချလိုက်၏။

သို့ဖြစ်၍ ကျွန်ုပ်လည်း အတွေးများ ရပ်ဆိုင်းသွားလျက် သတိပြန်ရလိုက်ရ၏။



"ဩော်...ဒါနဲ့ ရှင်က စစ်ကိုင်းကဘော့ မဟုတ်တန်ပါဘူး ထင်ပါရဲ့နော်"

"ဟုတ်ကဲ့....ကျွန်တော်က ရန်ကုန်မှာနေတာပါ၊ မိတ်ဆွေတွေနဲ့အတူ ဘုရားလဲဖူးရင်း၊ ဝေဿန္တရဝဟုသုတလဲ ရှာဖွေရင်း လာခဲ့တာပါ"

"အလုပ်အကိုင်ကကော ဘာများလုပ်ပါသလဲရှင်"

"ကျွန်တော် စာရေးဆရာပါ"

"ဩော်....ဟုတ်လား၊ ကောင်းပါတယ်ရှင်၊ စာရေးပြီး အသက်မွေးဝမ်းကျောင်းရတော့ သမ္မာအာဇီဝဖြစ်တာပေါ့၊ ကျွန်မလဲ စာပေလေ့လာလိုက်စားရတာ ဝါသနာပါပါတယ်၊ ဆရာက ဘာစာမျိုးတွေ ရေးပါသလဲ"

"ကျွန်တော့် အနေနဲ့ စာရေးသားတာ တစ်ခုတည်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေတာဆိုတော့ စာတို အစုံရေးပါတယ်၊ ပြဇာတ်လာအပ်လဲ ရေးလိုက်ရတာပါပဲ၊ ရုပ်ပြဇာတ်လမ်းဆိုလဲ ရေးရတာပါပဲ၊ ရုပ်ရှင်ဇာတ်ညွှန်း ရေးခိုင်းရင်လဲ ရေးရတာပါပဲ၊ ပင်တိုင်ကတော့ ဂမ္ဘီရတို့လို၊ ရောင်ပြန်တို့လို၊ လပြည့်ဝန်းတို့လို မဂ္ဂဇင်းတွေမှာ ဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါး အတိုအရှည်တွေ အခန်းဆက်တွေ ရေးရပါတယ်....

"ပုံမှန် လုံးချင်းဝတ္ထုစာအုပ်တွေလဲ ရေးရပါတယ်၊ လောလောဆယ်ဆယ်တော့ ထူးထူးဆန်းဆန်း အကြောင်းအရာလေးတွေကို ရေးဖွဲ့ရတဲ့ ဂမ္ဘီရဝတ္ထုတွေ ရေးဖြစ်နေပါတယ်၊ စပ်စုတယ်လို့ မထင်ရင်တော့ ကျွန်တော် တစ်ခုလောက် မေးပါရစေဗျာ"

"မေးပါရှင်....မေးပါ၊ မေးနိုင်ပါတယ်"

"တခြားတော့ မဟုတ်ပါဘူးခင်ဗျာ၊ ဟောဟိုမှာတွေ့နေရတဲ့ ဝါးလုံးတန်းမေါ်က အရေခွံဖြူဖြူကြီးက မြွေအဖြူကြီးတစ်ကောင်ရဲ့ အရေခွံမဟုတ်လား"

ယောဂီအမျိုးသမီးသည် ကျွန်ုပ် လက်ညှိုးညွှန်ပြရာသို့ လှမ်းကြည့်လိုက်ပြီးနောက် မျက်နှာပျက်သလိုဖြစ်သွားပြီး ချက်ချင်းကလန့်ဆည်၍....

"ဟုတ်ပါတယ်ရှင်၊ မြွေဖြူအရေခွံပါ"

ဟု ပြန်ဖြေလိုက်၏။

"ဘာဖြစ်လို့ မြွေအရေခွံကြီးကို အခြောက်ခံလှန်းထားရတာလဲ၊ ဆေးဖော်ဖို့များလား"



"ဆေးဖော်ဖို့ မဟုတ်ပါဘူးရှင်၊ ကျွန်မက မြွေတွေကို ချစ်တတ်လို့ပါ"

"ဗျာ"

ယောဂီအမျိုးသမီး၏စကားကြောင့် ကျွန်ုပ်မှာ တွန့်ခနဲတစ်ချက်ဖြစ်သွားမိ၏။

ဤမျှလောက် အသည်းယားစဖွယ် ကောင်းလှသော အကောင်ရှည်ရှည် ပြောင်ပြောင်ချောချော သတ္တဝါမျိုးကို ချစ်တတ်သည်ဆိုသော အမျိုးသမီးကိုလည်း ထူးဆန်းစွာ ငေးကြည့်လိုက်မိ၏။

ယောဂီအမျိုးသမီးကမူ ကလန့်မပျက် ကျွန်ုပ်အား ပြုံးလျက်ပြန်ကြည့်လေ၏။

"ဘာခေါ်မလဲ၊ ဟော်ဘီပေါ့ ဆရာရယ်၊ ဟင်း.... ဟင်း....ဟင်း....လူတစ်ကိုယ်မှာ ဝါသနာတစ်မျိုးစီ ရှိကြတာပေါ့ ဆရာရယ်၊ ခွေးကလေးတွေ၊ ကြောင်ကလေးတွေ သိပ်ပြီးချစ်ကြတဲ့လူတွေ ရှိသလိုပေါ့၊ ကျွန်မက မြွေတွေကို ချစ်တယ်၊ မြွေတွေနဲ့အတူနေရရင် ပျော်တယ်"

မြွေကို ချစ်ရုံမျှသာမကသေး၊ မြွေတွေနဲ့အတူနေရရင် ပျော်တယ်ဟူသောစကားကို ပြောလိုက်သဖြင့် ကျွန်ုပ်မှာ ကြက်သီးမွေးညင်းများပင် ထလာမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တော့လည်း ဟုတ်ပေမည်။

စောစောကမြွေကြီးမှာ သူအမိန့်ပေးသံကို နာခံခဲ့သည့်ကား မျက်မြင်ပင်ဖြစ်၏။ သူ့အနေနှင့် မြွေများကို အကျွမ်းတဝင်ရှိနေသည်ကတော့ သေချာလေသည်။

"ဪ....ဆရာ၊ ဆရာက စစ်ကိုင်းကိုလာပြီး စာသာရေးတာလား"

"အင်း....ဘယ်လိုပြောရမလဲ၊ အချိန်ရတဲ့နေ့တွေမှာတော့ စာနည်းနည်းရေးပါတယ်၊ အမှန်ကတော့ စာရေးဖို့လာတယ်ဆိုတာထက် ကျွန်တော့်ရဲ့မိတ်ဆွေ အဂ္ဂိရတ်ဆရာတွေ အတင်းဆွဲပြီးခေါ်လာခဲ့လို့ ပါလာခဲ့ရတာပါဆိုရင်တော့ ပိုပြီးမှန်ပါလိမ့်မယ်၊ သူတို့က စစ်ကိုင်းတောင်ရိုးပေါ်မှာ အဂ္ဂိရတ်သုံး ရက္ခမူတွေ၊ သယ်ဇာတတွေ ရှာဖွေရင်း ကျွန်တော်က ဗဟုသုတ ရှာရအောင် လိုက်လာခဲ့တာပါ"

ကျွန်ုပ်၏စကားအဆုံးတွင် ယောဂီအမျိုးသမီးက ခေါင်းတညိတ်ညိတ် လုပ်လိုက်၏။

"ကောင်းပါတယ်ရှင်၊ ရောက်တုန်းရောက်ခိုက်မှာ စုံအောင် လေ့လာသွားပေါ့၊ စစ်ကိုင်းတောင်ရိုးမှာတော့



…ဂ္ဂိရတ်ဆရာတွေ၊ သယ်ဇာတပစ္စည်းတွေ၊ ရက္ခမူပစ္စည်းတွေ …ပါတယ်ရှင်....

"ပြောရမယ်ဆိုရင် ဥမင်သုံးဆယ်တောင်မှာ သုဝဏ္ဏ…ချိတ်ကျောက်တွေ ရှိတယ်၊ နောက်ပြီး သုဝဏ္ဏပထာ…ကျောက်၊ သုဝဏ္ဏဘုမ္မိကျောက်တွေလဲရှိတယ်၊ မဏိသေလ…တောင်မှာတော့ ကျောက်သေလာ၊ ကျောက်ဟင်း၊ ကျောက်…နန်း၊ ကျောက်စပါးတွေ အစုလိုက် အပြုံလိုက် ရှိနေတယ်၊ …ကိုကဋ္ဌနလို့ ခေါ်တဲ့ ပတ္တမြားစေတီတောင် မှာတော့ …တ္တမြားတွေတောင်ရှိတယ် ဆရာရဲ့"

"ခင်ဗျားက တောင်ညွှန်းတွေ တော်တော်သိထားတာပဲ …နော်ဗျ"

"ဒီလိုပေါ့ ဆရာရဲ့၊ ကိုယ် နေထိုင်တဲ့ အရပ်ဒေသက …တာတွေ၊ တောင်တွေမှာ ဘာတွေ ဘယ်လိုရှိနေတယ် ဆို…ာကို တီးမိခေါက်မိအောင်တော့ လေ့လာထားရတာ …ပါ"

"ဒါပေါ့ဗျာ....ဒါပေါ့၊ ကဲ...ပြောလက်စနဲ့ ပတ္တမြား…စေတီတောင် အကြောင်းကို ဆက်ပြောပါဦး၊ ပတ္တမြားတွေ …တယ်ဆိုတာ တကယ်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ ဆရာရဲ့၊ ဒါပေမယ့် ခုအခါမှာတော လူတွေက လောဘကြီးကြလွန်းလို့ နတ်များက ဖှက်ထားပြ တယ်ရှင့်"

"ဪ...အင်း...ဟုတ်မှာပေါ့လေ"

"အဲဒီ ပတ္တမြားစေတီတောင်မှာ ဂဝံပတော့ ရှင်ရသေ တာ ဆေးဝါး၊ အင်း၊ အိုင်၊ ယတြာအနံ့အထား အစီအရ တွေ မြှုပ်ထားခဲ့ကြတယ်လို့လဲ အဆိုရှိပါတယ်၊ အဲဒီတော ရဲ့ မြောက်ဘက်ခြမ်းမှာတော့ ကမ္ဘလာနီပင် ဆိုတာ တယ်"

"ကမ္ဘလာနီပင် ဟုတ်လား၊ သူက ဘာ့အသုံးတည့်သ ပြောပါဦး"

"ကမ္ဘလာနီပင် ဆိုတာ အရွက်မှာ မွေးဖွားဖွားပေ ပေါက်နေတယ် ဆရာရဲ့၊ အပွင့်က နှစ်ထပ်ပွင့်တယ်၊ အသ သီးရင် ဆင်ရွေးလောက်အရွယ် သီးတယ်၊ ဘာအသုံးတည့ သလဲ ဆိုတာကတော့ အင်္ဂရိတ်ဆရာတွေအသုံးချလေ့ရှိတ ရှင့်၊ သံလွှမ်းပြီးတယ်လို့ ပြောသံကြားဖူးတာပဲ"

"အေးဗျာ...ကျွန်တော့် မိတ်ဆွေ အင်္ဂရိတ်ဆရာတေ သာ ဒီအကြောင်းကြားရရင် သိပ်ပြီး စိတ်ဝင်စားကြမှ ပဲဗျ"



"အဲဒီတောင်မှာ ကမ္ဘလာနီပင်တင် မကဘူး၊ ကြက်မ ပ်ပင်တွေလဲ အများကြီးရှိတယ်၊ ကျောက်ချဉ်လဲ ရနိုင် ယ်"

ကျွန်ုပ်က ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်စားစွာ နား ထောင်နေမိလေ၏။

"အဲဒီ ပတ္တမြားစေတီတောင်မှာပဲ သိကြားရေတွင်း ဆို ာ ရှိတယ် ဆရာ"

"ဟုတ်လား"

"ဟုတ်ကဲ့၊ အဲဒီ သိကြားရေတွင်းရဲ့ အနောက်ဘက်မှာ ကျောက်ဂူဟောင်းကြီးတစ်ခု ရှိတယ်၊ အဲဒီဂူဟောင်းကြီးရဲ့ အနောက်ဘက်မှာ မှန်ကျည်းဓင်မောင်နှံ့ရှိတယ်၊ မန်ကျည်း ်မောင်နှံ့ နားမှာတော့ အိမ်လောက်ရှိတဲ့ကျောက်တုံးကြီး စ်တုံးရှိတယ်၊ လုံးလုံးကြီးဖြစ်နေတယ်၊ ကျောက်လုံးကြီးကို ယ်ရှားပြီးတူးကြည့်မယ်ဆိုရင်ရှစ်တောင်လောက်အရောက် ာ ကြေးနီတွေ အများကြီးတွေ့လိမ့်မယ်"

"တယ်ဟုတ်ပါလား"

"ကျွန်မတို့ စစ်ကိုင်းတောင်ဘက် တစ်ကြောမှာအသာ့ ယ်ဟုတ်တာတွေ အများကြီးပဲ ဆရာရဲ့၊ စေတီပျံတောင်

www.burmeseclassic.com

www.burmeseclassic.com



မှာဆိုရင် ဟတ္တိဂုဏ်လို့ခေါ်တဲ့ ကျောက်တစ်မျိုး ရှိသေ
တယ်....

"အဆင်းက လုံးလုံးလျားလျားသဏ္ဍာန်ရှိတယ်၊ ခွဲကြ
လို့ရှိရင် အသားက နစါးသွဲ့စိမ်းရှိတယ်၊ အင်္ဂလိပ်ဆရာ
အနေနဲ့ ဘော်ကို ထက်အောက်နှိုးပြီး ထိုးမယ်ဆိုရင် ဖော
သေတယ်....

"အဲ....အင်တစ်ဆယ်သားလောက်ထပ်ပစ်ရင် သုဓ
ဓမ္မစေ ဖြစ်တယ်"

"ရွှေဖြစ်တဲ့လမ်းပေါ့"

"ဟုတ်ပါတယ် ဆရာ"

"အေးဗျာ....ကျွန်တော်ကတော့ ဒီ အင်္ဂလိပ်နည်းေ
သိပ်မသိပါဘူး၊ ဆရာဟိန်းတို့၊ ဆရာဌေးတို့ အတွက်တေ
သိပ်ပြီး အသုံးတည့်မှာပဲ"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်မ ပြောတဲ့ ပတ္တမြားေ
တောင်ရဲ့ အရှေ့မြောက်ဘက်မှာ ရှိတဲ့ တောင်ကိုေ
ဆေးဒန်းတောင်လို့ ခေါ်တယ်၊ ဆေးဒန်းတွေ အများကြ
ရှိတယ် ဆရာ"



"ဆေးဒန်းက ခုနေခါမှာ အတော် ဈေးကောင်း
တယ်ဗျ"

ကျွန်ုပ်သည် တောင်သူန်းများကို ငယ်ငယ်ရွယ်ရွယ်နှင့်
ပြောပြနိုင်သော အသက် သုံးဆယ်ဝန်းကျင်ခန့် ယောဂီ
အမျိုးသမီးကလေးကို လွန်စွာ လေးစားသွားမိလေ၏။

တရားဘာဝနာဘက် လိုက်စားဟန် ရှိသော ယောဂီ
အမျိုးသမီးတစ်ဦးအနေနှင့် သူမနှင့် မျှားစွာမသက်ဆိုင်လှ
သော အကြောင်းအရာများကို သိနေသောကြောင့် အထင်
လည်း ကြီးမိသွား၏။

"ခင်ဗျား ပြောမြတဲ့အကြောင်းအရာတွေဟာ အတော်
လေးကို စိတ်ဝင်စားစရာအကြောင်းအရာတွေပါပဲ ဒေါ်....
အဲ....မ"

ကျွန်ုပ်က ယောဂီအမျိုးသမီး၏ အမည်နာမကို မသိရ
သေးသောကြောင့် စကားပြောရင်း တွန့်ဆိုင်းသွားလေရာ
အလိုက်သိသောအားဖြင့် စကားထောက်လိုက်၏။

"ဩော်....ဆရာ၊ ကျွန်မရဲ့ နာမည်က နာဝသီပါတဲ့၊
အလွယ်ခေါ်ချင်ရင် မသိဂီလို့ခေါ်လဲ ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်… ဟုတ်ပါပြီ မသီဂီ၊ ကျွန်တော်စာရေးတဲ့ ကလောင်နာမည်က လင်းရောင်တင်ပါ၊ ကျွန်တော့်မိတ်ဆွေတွေကတော့ လွယ်လွယ်ကူကူ ဆရာလင်းလို့ပဲ ခေါ်ကြပါတယ်"

"ဟုတ်ကဲ့ ဝမ်းသာပါတယ်ဆရာ၊ ဆရာ့ရဲ့ ကလောင်နာမည်ကို ကျွန်မသိနေပါတယ်၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတို့၊ ရောင်ပြန်မဂ္ဂဇင်းတို့၊ ဂမ္ဘီရမဂ္ဂဇင်းတို့မှာ ဆရာ့နာမည်နဲ့ ဆောင်းပါးဝတ္ထုတွေ ဖတ်ရပါတယ်"

"မသီဂီက စာပေကို တော်တော်လေ့လာ လိုက်စားတာပဲနော်"

"စာအဖတ်ကြီးတော့ မဟုတ်ပါဘူးဆရာ၊ ပြောရင် ဆရာယုံပါ့မလားတော့ မဆိုနိုင်ပါဘူး၊ ကျွန်မမှာ ထူးခြားတဲ့ အမူအကျင့်တစ်ခု ရှိတယ်ဆရာ"

"ယုံသင့်ယုံထိုက်တဲ့ အကြောင်းအရာဆိုရင် ယုံရမှာပေါ့ ခင်ဗျာ၊ ပြောပါဦး"

"ဒီလိုဆရာရဲ့၊ ကျွန်မက အရာဝတ္ထုတွေကို လေ့လာကြည့်ရှုမယ်ဆိုရင် အဲဒီအရာဝတ္ထုနဲ့ ကျွန်မနဲ့ထပ်တူဖြစ်သွားအောင်လုပ်တဲ့အကျင့်ကို လေ့ကျင့်ထားတယ်လေ"



"အဆန်းသားပါလား"

"ဟုတ်ပါတယ်ဆရာ၊ ဥပမာဆိုပါတော့၊ ကြက်တူရွေးငှက်ကလေးတစ်ကောင်အကြောင်းကိုသိချင်ရင် ကျွန်မကိုယ် ကျွန်မ ကြက်တူရွေးကလေးတစ်ကောင် ဖြစ်အောင်နေလိုက်တယ်လေ၊ ဟောဟိုက စမ်းချောင်းကလေး အကြောင်းကို သိချင်ရင်တော့ ကိုယ့်ကိုယ်ကို စမ်းချောင်းကလေး ဖြစ်အောင် နေလိုက်တာပေါ့"

"ဒါဖြင့် ပတ္တမြားစေတီတော် အကြောင်း သိချင်တဲ့ အခါကျတော့ ခင်ဗျားကိုယ်ခင်ဗျား ပတ္တမြားစေတီတော် နေလိုက်တယ် ဆိုပါတော့"

"အစစ်ပါပဲ ဆရာ"

မသီဂီကပြုံးလျက် ခေါင်းညိတ်လိုက်လေ၏။

"ကျွန်ုပ်အနေနှင့် မသီဂီ၏ အပြုံးနှင့် အမူအရာကို သတိထားမိသောအခါ စိမ်းစိမ်းကားကား မရှိလှဘဲ တစ်နေရာရာ တစ်ချိန်ချိန်တွင်တော့ သိနှင့်ခဲ့ဖူးသော အပြုံးမျိုးဖြစ်နေ၏။

"ဒါနဲ့ စကားမစပ်ဗျာ၊ ဒီစစ်ကိုင်းတောင်ရိုးတစ်မှာ သီလရှင် ယောဂီနဲ့ ရဟန်းတော်တွေ တရားအားထုတ်ကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



ချောင်တွေ စုစုပေါင်း ဘယ်လောက်များများ ရှိနေသလဲ မသီဂီ”

“တိတိကျကျ ပြောရမယ်ဆိုရင်တော့ ရဟန်းတွေ သီတင်းသုံးနေကြတဲ့ ကျောင်းပေါင်းက ငါးရာနဲ့ ခုနစ်ကျောင်း ရှိပါတယ်၊ သီလရှင်ချောင်ပေါင်းက တစ်ရာနှစ်ဆယ့်ခြောက်ချောင် ရှိပါတယ်၊ စုစုပေါင်းဆိုရင်တော့ ခြောက်ရာ့သုံးဆယ်ပေါ့”

“အတော်ကိုတိတိကျကျမှတ်မိနေတာပဲ၊ သီတင်းသုံးတဲ့ ပုဂ္ဂိုလ်ဦးရေအရေအတွက်ကရော ဘယ်လောက်ရှိမယ်ထင်သလဲ”

“ရဟန်းပေါင်း တစ်ထောင့်ငါးဆယ့်တစ်ပါး၊ သာမဏေ ကိုးရာကိုးဆယ့် ကိုးပါး၊ဘိုးသူတော်အပါးသုံးဆယ်၊ သီလရှင်နဲ့ယောဂီက တစ်ထောင့်ခုနှစ်ရာရှစ်ဆယ့်လေးပါး”

မသီဂီက သွက်လက်စွာ ပြောပြလေ၏။

“ကျွန်တော်တော့ ခင်ဗျားရဲ့ မှတ်ဉာဏ်ကို အတော် လေး လေးစားသွားပြီဗျာ၊ ကိန်းဂဏန်းတွေကို ဒီလောက် တိတိကျကျသတ်မှတ်နိုင်တဲ့ မှတ်ဉာဏ်မျိုးသိပ်ပြီးရှားတယ်၊ ကျွန်တော်ဆို ကိုယ့်မှတ်ပုံတင်နံပါတ်တောင် မေ့မေ့နေတတ် လွန်းလို့”



“ဒီလောက်တောင်ပဲလားရှင်”

“ဒီထက်တောင်ဆိုးနေတဲ့ မေ့နည်းမျိုးတွေရှိသေးတယ်၊ ပြောရင်ပိုတယ်ထင်မှာ စိုးလို့၊ ဟဲ...ဟဲ...ဟဲ”

(မှတ်ချက်။ ။အထက်ပါစစ်ကိုင်းမှချောင်စာရင်း၊ပုဂ္ဂိုလ်များစာရင်းတို့မှာ နှစ်ပေါင်းများစွာ ကြာသွားခဲ့ပြီဖြစ်၍ ယခုအခါ အပြောင်းအလဲ အတိုးအလျော့တွေရှိပါလိမ့်မည်။စာရေးသူ)

★

www.burmeseclassic.com

www.burmeseclassic.com

၁၃

အခန်း (၆)

ဆူတော်ကောင်း နတ်ကောင်းမလိမ့်မည်

ကျွန်ုပ်သည် ကျွန်ုပ်၏အဖော် မိတ်ဆွေများဖြစ်ကြသော အင်္ဂရိတ်ဆရာ လေးဦးကို စောင့်ဆိုင်းရင်း ယောဂီမလေး မသိဂီနှင့် တောအကြောင်း တောင်အကြောင်းတွေ ရောက်တတ်ရာရာတွေ ပြောမိကြ၏။

ဤသို့ဖြင့် ကျောင်းသင်္ခမ်းကလေးသို့ ကျွန်ုပ်စ၍ ရောက်လာလာချင်းက အကြောင်းအရာဖြစ်သော မဟူရာအမည်ရှိ မြွေဟောက်ကြီးအကြောင်း ရောက်သွားလေ၏။

ထို့နောက် ပု လိပ် မြွေ ဘု ရား မှ မြွေ ကြီး သုံး ကောင် အကြောင်း ပြောဖြစ်၏။ ထို့နောက် မြွေနှင့်ပတ်သက်သော



ရောက်တတ်ရာရာ အကြောင်းအရာ ဗဟုသုတများကို နှစ်ဦးသား ပြောဖြစ် ဆိုဖြစ်ကြပြန်လေ၏။

"ကြုံတုန်းကြိုက်တုန်း စာရေးဆရာကို မြွေနဲ့ပတ်သက်တဲ့ ဇာတ်လမ်းလေး တစ်ပုဒ်လောက်တော့ ပြောပြဦးမှ ထင်တယ်"

မသိဂီက တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် ပြောလိုက်လေ၏။

"လုပ်ပါဗျာ....ကျွန်တော်ကလဲ ဒါမျိုးဆို ကြားချင်နေတာ၊ ကျွန်တော်လို စာရေးဆရာဆိုတဲ့ လူတန်းစားမျိုးကလဲ အဲသလို ဇာတ်လမ်းပေးမယ့်လူကို အမြဲလိုလိုမျှော်နေတတ်ကြတာဗျ၊ ဇာတ်လမ်း နားထောင်တယ် ဆိုတာကိုက ကျွန်တော်တို့အတွက် ဘယ်လိုပြောမလဲ၊ ကျွန်တော်တို့ရဲ့ အလုပ်တစ်ခုပဲလေ"

မသိဂီက ခေါင်းတညိတ်ညိတ်လုပ်လိုက်၏။

"ကုန်ကြမ်းပစ္စည်း ဆိုပါတော့ရှင်၊ အင်း....ကျွန်မပြောပြမယ့်ဇာတ်လမ်းက နည်းနည်းတော့ ဖတ္တာရီဆန်နေမလားပဲ၊ ဒါပေမယ့် ဒီအကြောင်းအရာကိုတော့လူတော်တော်များများ သိနေကြတဲ့ကိစ္စပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒဏ္ဍာရီဆန်တယ်ဆိုပေမယ့် တချို့တကယ့်အဖြစ်အပျက်အကြောင်းအရာတွေဟာ တစ်ခါတစ်ခါမှာတော့ အချိန်ကာလက သိပ်ပြီး ကြာလာကြရင် ဒဏ္ဍာရီလိုလို ဘာလိုလို ဖြစ်သွားတတ်ကြတာပဲလေ"

"ဟုတ်ပါတယ်ရှင်....နားထောင်ကြည့်မယ် ဆိုရင်တော့ ဆရာ့အတွက် စိတ်ဝင်စားစရာကောင်းမယ့် ဇာတ်လမ်းကလေးတစ်ပုဒ် ရနိုင်တယ် ထင်ပါတယ်"

"ဟုတ်ကဲ့....မသီဂီ"

"ဒီဇာတ်လမ်းကလေး စတင်တဲ့နေရာကတော့ ဟောဒီမနီးမဝေးမှာ သာလွန်မြို့နဲ့ ကြွက်လူး ဆိုတဲ့ ရွာကလေးနှစ်ရွာ ရှိတယ်ရှင့်"

"သာလွန်မြို့နဲ့ ကြွက်လူးရွာ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်....ဟိုးခေတ် ဟိုးအခါတုန်းကတော့ သာလွန်မြို့ဆိုတဲ့ရွာကို သလွန်မြို့ရွာရယ်လို့ ခေါ်ခဲ့ကြတာပါ၊ ခေတ်ကာလတွေ ရွေ့လျောလာကြပြီး သာလွန်မြို့ရွာရယ်လို့ဖြစ်လာပါတယ်၊ဒီလိုပဲကြွက်လူးရွာကိုလဲ အရင်တုန်းက ကြွယ်လူးရွာရယ်လို့ ခေါ်ကြတာပါပဲ၊ ခေတ်ကာလရွေ့လျောပြောင်းလဲပြီး ကြွက်လူးရွာ ဖြစ်လာတာပါ"



"ဟုတ်ကဲ့...ပြောပါဦး မသီဂီ"

"ပြောပါ့မယ် ဆရာ၊ ရေနွေး ကြမ်း က လေး မျှား လဲ သောက်ပါဦး၊ ထန်းလျက်ခဲကလေးများလဲ စားပါဦး"

ကျွန်ုပ်ကလည်း မသီဂီ ကျေနပ်စေရန် ထန်းလျက်ခဲတစ်လုံးကို ကောက်ဝါးလျက် ရေနွေးကြမ်းကို တဖူးဖူးမြည်အောင် မှုတ်၍ သောက်လိုက်ရလေတော့၏။

"အင်း...ဒီအကြောင်းအရာကိုပြောပြချင်လို့သာ ပြောပြရမှာ၊ စိတ်ထဲမှာတော့ မကောင်းချင်သလိုပဲ ဆရာ"

မသီဂီက စောစောက ရှိနေခဲ့သည့် အပြုံးရိပ်များပျောက်ကွယ်ခဲ့ပြီး တစ်စုံတစ်ရာကို အမှန်တကယ် ခံစားနေရသည့်အသွင်သဏ္ဌာန် ပေါ်ပေါက်လာခဲ့၏။

"ဘာဖြစ်လို့လဲ မသီဂီ၊ ဘာဖြစ်လို့ စိတ်မကောင်းချင်ရတာလဲ"

"ဒီဇာတ်လမ်းကလေးက စိတ်ဝင်စားစရာကောင်းသလိုသနားဖို့လဲ ကောင်းတယ်ဆရာ၊ ပြီးတော့ ဒီအကြောင်းအရာကို နားထောင်ပြီးရင်လဲ ဒီတစ်သက် မေ့မရအောင်ကို စွဲလမ်းသွားတတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်သက် မေ့မရလောက်အောင်ကို စွဲသမ်းသွားတတ်တယ် ဟုတ်လား မသိဂီ"

"ဟုတ်ပါတယ် ဆရာ"

"တယ်ဆိုတဲ့ စာပါလား"

"တမင် တင်စားပြီး ပြောတာမဟုတ်ပါဘူး ဆရာရယ်၊ တကယ်ကို မယုံကြည်နိုင်တဲ့ ဂမ္ဘီရဆန်တဲ့ အဖြစ်အပျက်တစ်ခုမို့လို့ ပြောရတာပါ ဆရာ"

မသိဂီသည် ပြောနေရင်းဆဲဆဲကပင် ရင်တွင်းခံစားချက်တစ်စုံတစ်ရာ ပေါ်ပေါက်လာသကဲ့သို့ ခေတ္တမျှ စကားပြောခြင်းရပ်ဆိုင်းသွား၏။ လွန်စွာ လှပတောက်လက်သော မသိဂီ၏ မျက်လုံးအစုံမှာလည်း ခေတ္တမျှ ငုပ်သီမှုန်မှိုင်းသွားသည်ဟု ထင်ရ၏။

ကျွန်ုပ်မှာလည်း မသိဂီ၏မျက်လုံးအစုံကို ငေးကြည့်ရင်း စိတ်ထဲ၌ သရိုးသရီ ဖြစ်မိ၏။

ဘာကြောင့်မှန်းတော့ မသိ။

"အဖြစ်အပျက်ကတော့ သိပ်ပြီး ကြာခဲ့ပါပြီ ဆရာရယ်၊ ဒါပေမယ့် ကျွန်မရဲ့ရင်ထဲ အသည်းထဲမှာတော့ ဒီအဖြစ်အပျက်ဟာ မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတစ်ခုလိုပဲ စွဲထင်နေခဲ့တယ်၊ ရင်ခုန်လှိုက်မောနေခဲ့ရတယ်"



ရင်ခုန် လှိုက်မောနေခဲ့ရတယ်...ဆိုသော စကားသည် ကျွန်ုပ်၏ရင်ထဲ၌ ပဲ့တင်ထပ်၍ ခံစားမိလိုက်၏။

ထို့နောက် ယောဂီမလေး မသိဂီသည် ကျွန်ုပ်အား လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသည့် လွန်စွာ ထူးဆန်းအံ့သြဖွယ်ကောင်းသည့် ဒဏ္ဍာရီဆန်ဆန် အကြောင်းအရာကလေးကို ပြောပြလေတော့၏။

မသိဂီသည် ဇာတ်လမ်းအကြောင်းအရာများကို ကျွန်ုပ်အား ပြောပြနေသည် မှန်သော်လည်း မျက်လုံးအစုံကမူ ကျောင်းသခ်ိမ်းကလေးမှသည် အဝေး တိုးတစ်နေရာဆီသို့ ပို့ထားလေ၏။

ပြောရမည်ဆိုလျှင် တစ်စုံတစ်ရာကို ဇွမ်းလွမ်းဆွတ်ဆွတ် ခံစားနေရသည့် မျက်လုံးမျိုးပင် ဖြစ်လေသည်။

တစ်ခါတစ်ခါတွင်မူ မသိဂီ၏မျက်လုံးများသည် ဝါးလုံးတန်းပေါ်တွင် တင်လှန်းထားသည့် မြေဖြူ အရေခွံကြီးဆီသို့ ရောက်ရောက်သွားသည်ကိုလည်း ကျွန်ုပ်အမှတ်ထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပို၍ ထူးခြားသည့် ခံစားချက် တစ်ခုမှာကား...မသိဂီ ပြောနေသည့် အကြောင်းအရာများအား နားထောင်နေသည့် အချိန် တစ်ချိန်လုံးလိုလိုပင် ကျွန်ုပ်၏ ခန္ဓာကိုယ်တွင် ကြက်သီးများ မကြာခဏ တဖြန်းဖြန်း ထနေမိခြင်းပင် ဖြစ်ပါ၏။

*　　*　　*

သလွန်ဖြူရွာကလေးသည် သစ်မင်ဝါးပင်များ အုံ့အုံ့ဆိုင်းဆိုင်းဖြင့် နေချင့်စဖွယ် ရွာကလေး ဖြစ်၏။ သရက်၊ ပိန္နဲ၊ မာလကာ စသည့် သီးမင်စားပင်များသည်လည်း ဝေဝေဆာဆာဖြင့် ပွင့်သီးကြ၏။

အေးအေးချမ်းချမ်းနှင့် ပျော်စရာကောင်းလှသော ရွာကလေး တစ်ရွာ ဖြစ်သည်။

ရွာ၏မြောက်ဘက်ပိုင်းတွင် နှစ်ဆောင်မြိုင် အိမ်ကြီး တစ်လုံး ရှိ၏။ ထိုအိမ်ကြီး၌ နေထိုင်သူများထဲတွင် မောင်နန္ဒ ဆိုသော အသက်သုံးဆယ်နီးနီး လူငယ်ကလေးမှာ အိမ်ရှင်ပင် ဖြစ်၏။



မောင်နန္ဒသည် ငယ်စဉ်ကပင် မိဘနှစ်ပါး ဆုံးပါးသွားပြီဖြစ်၍ ဦးလေးဖြစ်သူ ဦးစံခင်နှင့်အတူ နေထိုင်ရလေသည်။

ဦးစံခင်သည် ယောက်ဖဖြစ်သူ ဦးလှမင်း သေဆုံးခါနီးချိန်တွင် တူ မောင်နန္ဒအား မိမိ သားရင်းနှင့် မခြားစောင့်ရှောက်ရစ်ရန် မှာကြားပြီး ကွယ်လွန်သွားခဲ့သောကြောင့် တာဝန်ကျေပွန်စေရန် အိမ်ထောင်မပြုဘဲ နေခဲ့သည်။

လူပျိုကြီးဘဝနှင့်ပင် အရွယ်လွန်အောင်အထိ နေရင်း ာင်နန္ဒကို စောင့်ရှောက်ခဲ့လေသည်။

ဦးစံခင်၏အစ်မ၊ မောင်နန္ဒ၏မိခင်သည် သားမောင်နန္ဒ ယ်စဉ်ကပင် ဆုံးပါးသွားခဲ့သောကြောင့် စောစောစီးစီး ာဆိုး ဖြစ်ခဲ့ရလေ၏။

ဖခင်ဖြစ်သူ ဦးလှမင်း ကွယ်လွန်ချိန်တွင်မူ မောင်နန္ဒ ဆ့်ငါးနှစ်သားခန့်ရှိနေပြီ ဖြစ်၏။

မောင်နန္ဒနှင့် သူငယ်ချင်းလိုလည်းဖြစ်၊ ညီအစ်ကိုလို ည်းဖြစ် အနီးကပ်ဆုံး နေထိုင်သူမှာ ဦးလှမင်း၏တပည့် ာန်းဇံ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဖြစ်၍ ထိုနှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံးတွင် မော[င်]နန္ဒ၊ ဦးစံခင်နှင့် ကိုသန်းဇံတို့မှာ ဆင်၊ မျောက်၊ ခါ[...] သုံးဦးကဲ့သို့ တစ်ယောက်နှင့် တစ်ယောက် မိတ်ဆွေဖွဲ့ရ[...] နေထိုင်ခဲ့ကြလေ၏။

မောင်နန္ဒသည် မိဘဘိုးဘွားတို့ထားရှိခဲ့ကြသော အ[...]များကြောင့် တစ်သက်လုံး မပူမပင် နေထိုင်စားသော[...] သုံးဖြုန်းသွားနိုင်သည့် အခြေအနေများ ရှိနေသော်လည်း လက်လွတ်စပယ် မနေခဲ့ချေ။

ဆေးပညာကို တန်ဖိုးထား လိုက်စားခဲ့ရာမှ ဆေးဆ[...]ကြီး တစ်ဦးဖြစ်လာခဲ့လေသည်။

မောင်နန္ဒ၏ဆရာရင်းမှာ သမားတော်ကြီး ဆရာခဖြစ်[...] အာဂိမ္မတောင်သာ ဆေးပညာတွင် တစ်ဖက်ကမ်းခ[...]အောင် တတ်မြောက်ခဲ့လေ၏။

"ငါ့တပည့်တွေအားလုံးထဲမှာတော့ မင်းအတော်ဆုံး[...] မောင်နန္ဒ၊ ဒါကြောင့်မို့လို့ ငါသေရင်ငါ့မှာရှိတဲ့ အာဂိမ္မ[...]တောင်သာ ဆေးပညာနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ[...] အားလုံး မင်းကို အမွေပေးခဲ့မယ်"



ဆရာကြီး ဆရာခ ပြောလိုက်သည့်စကားကြောင့် မောင်[န]န္ဒ အံ့ဩခဲ့ရသည်။

"ဘာပြောလိုက်တယ် ဆရာကြီး၊ ကျွန်တော့်ကို ဆရာ[ကြ]ီးရဲ့ ဆေးစာအုပ်တွေအားလုံး အမွေပေးခဲ့မယ် ဟုတ်[လ]ား"

"အေးလေကွာ"

"မဟုတ်တာပဲ ဆရာကြီးရယ်၊ အဲသလို ဆရာကြီးရဲ့ [ဆ]ေးစာအုပ်တွေ အားလုံးကို ကျွန်တော်က ယူလိုက်မယ် ဆိုရင် ကျန်ရစ်ခဲ့တဲ့ ဆရာကြီးရဲ့ သားသမီးအရင်းတွေက [ကျ]ွန်တော့် အပေါ် ကျေနပ်မှ ကျေနပ်ကြပါ့မလား ဆရာ[ကြ]ီးရယ်"

ဆရာကြီးက ခေါင်းကို ယမ်းခါလိုက်၏။

"မကျေနပ်ရင်လဲ မတတ်နိုင်ဘူး မောင်နန္ဒ၊ ငါ့ရဲ့သား[သမ]ီးယောက်စလုံးဟာ ငါ့ရဲ့ပညာကိုယူကြတဲ့နေရာမှာ မင်း[တ]တ်တာရဲ့ သုံးပုံပုံရင် တစ်ပုံတောင် တတ်အောင်မသင်နိုင်[က]ြဘူး၊ ဇွဲလဲမရှိဘူး၊ ဉာဏ်လဲ မင်းရဲ့ခြေဖျားတောင် မမီ[က]ြဘူး...."

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ သူတို့သုံးယောက်ကို ဒီပညာအမွေတွေ ပေး
လိုက ဘာအကျိုးတစ်စုံတစ်ခုမှရှိမှာမဟုတ်ဘူး၊ ပီသာချိန်
ရောင်းစားလိုက်တာကမှ တစ်စုံတစ်ခု အတိုင်းအတာ
လိမ့်ဦးမယ်"

"ဒီစကားမျိုး ဆရာကြီးရဲ့ သားသုံးယောက်ရှေ့မှာ
တော့ မပြောလိုက်ပါနဲ့ ဆရာကြီးရယ်"

"ဘာဖြစ်လို့လဲကွ"

"တော်တော်ကြာ စိတ်ထိခိုက်နေပါဦးမယ်ဗျာ"

မောင်နန္ဒ၏ စကားကြောင့် ဆရာကြီးသည် ပြုံးလျ
ခေါင်းတညိတ်ညိတ်လုပ်လိုက်၏။

"အင်း....ငါကလဲ အဲဒါကြောင့်မို့ မင်းကို သဘော
တာ၊ ပညာအမွေ အကုန်လွှဲချင်တာ၊ မင်းဟာ ဆေးပညာ
မှာ တော်တဲ့အပြင် စိတ်စေတနာလဲ လှတ်ကောင်းတယ်
သူတစ်ပါးရဲ့ရင်ထဲကို ဝင်ပြီးကြည့်တတ်တယ်၊ ဒါကို ကိုယ်
ချင်းစာ ကြင်နာစိတ်လို့ ခေါ်တယ်...."

"လောကကြီးမှာ ဆရာတစ်ဆူ လုပ်တော့မယ် ဆိုရင်
ကိုယ်ချင်းစာ ကြင်နာစိတ်ရှိမှ ဖြစ်မယ်၊ ပြတ်ပြတ်သားသား



ဝန်ခံရရင် ငါ့သားတွေမှာ အဲဒီ ကြင်နာစိတ်မျိုး မရှိကြ
ဘူးကွ....

"အဲဒီစိတ်မျိုးမရှိရင် အလကားပဲ၊ ဆေးမစွမ်းနိုင်ဘူး၊
ပြီးတော့ ငါ့သားသုံးယောက်စလုံး သုရာမေရယက် မလုံခြုံ
ဘူး၊ ဆရာလုပ်တဲ့သူဟာ ကံငါးပါးလုံခြုံနိုင်ရင် အကောင်း
ဆုံးပဲ မောင်နန္ဒ"

"ကျွန်တော် လုံခြုံအောင် အမြဲနေပါတယ် ဆရာကြီး"

"ငါသိတယ်လေ၊ ဒါကြောင့်လဲ မင်းရဲ့ဆေးစွမ်းတွေ
ထက်နေတာပေါ့ကွ"

ဤသို့ဖြင့် မောင်နန္ဒသည် ဆေးဆရာကြီး ဆရာခေ၏
ပညာကုန်ရလိုက်သည်ဟူ၍ ဆိုရမည်။

မောင်နန္ဒကုသည့် လူနာမှန်သမျှ ပျောက်ကင်းချမ်းသာ
သည်၊ မပျောက်သူဟူ၍ မရှိခဲ့။

ဆေးဖိုးဝါးခ ယူရာတွင်လည်း ပိုက်ဆံချမ်းသာသူများ
ထံမှသာ သင့်သလောက် ယူသော်လည်း ဆင်းရဲသားများ
ထံကမူ မယူသည်က များလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆေးကုခကိုသာ မယူရုံမျှမကဘဲ ဆေးဖိုးများကိုပါ လှူဒါန်းလေ့ရှိသောကြောင့် မောင်နန္ဒအား သလွန်ဖြူရွာကလေးက ချစ်ခင်လေးစားကြ၏။

မောင်နန္ဒ ဆေးကုသက် ရင့်လာသောအခါ သလွန်ဖြူရွာသူရွာသားများသာလျှင်မက အနီးအပါးပတ်ဝန်းကျင်ရှိ ရွာနီးချုပ်စပ်က လူများကပါ မောင်နန္ဒ၏ အမည်ဂုဏ်သတင်းကို ကြားသိလာကြ၏။

လှည်းတစ်တန်၊ လှေတစ်တန်ဖြင့် လာရောက်၍ ပင့်ကြလေ၏။

မောင်နန္ဒက လက်ခံ၍ ကုသောလူနာများ မပျောက်သည့် လူနာဟူ၍ မရှိချေ။ ဆေးရုံများမှ လက်လွှတ်လိုက်ကြသည့် လူနာများပင်လျှင် မောင်နန္ဒ လက်ခံ၍ ကုသပြီဆိုလျှင် သေမင်းခံတွင်းဝမှ လွတ်မြောက်ခဲ့ကြသည်ချည်း ဖြစ်လေ၏။

အကယ်၍ မောင်နန္ဒက လက်လွှတ်လိုက်ပြီဆိုသော လူနာများဆိုလျှင်ကား မည်သည့် နာမည်ကြီး အထူးကုဆရာဝန်ကြီးများပင် ကုသ သည်ဆိုစေကာမူ ပျောက်ကင်းချမ်းသာသူဟူ၍ မရှိသလောက် ဖြစ်၏။



သို့ဖြစ်၍လည်း ဆရာကလေး မောင်နန္ဒ ဆေးကုတာ သိကြားမင်းကြီး နဂါးကင်းနဲ့ဆင်းပြီး ကုသလိုပဲ၊ သူလက်ခံပြီး ကုတယ်ဆိုရင် စိတ်သာချနေပေတော့။ တစ်ပတ်အတွင်း ထထိုင်စေရမယ်ဟု ပြောစမှတ်ပြုကြရလေ၏။

တစ်ညသ၌ မောင်နန္ဒတို့ အိပ်မောကျနေကြပြီ ဖြစ်သော ညကြီးသန်းခေါင် အချိန်လောက်တွင် မောင်နန္ဒ၏ အိမ်ဝင်းခြံတံခါးမှ လူခေါ်ခေါင်းလောင်း မြည်သံ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာလေ၏။

သို့ဖြစ်၍ ပထမဦးဆုံး မောင်နန္ဒက နိုးသွားပြီး ကိုသန်းဇံကို နှိုးလိုက်လေ၏။

"ကိုသန်းဇံ၊ ကိုသန်းဇံ၊ ခြံရှေ့က ခေါင်းလောင်းလှုပ်သံကြားတယ်ဗျ၊ ဘယ်သူလဲမသိဘူး၊ သွားကြည့်စမ်းပါဦးဗျာ"

"ဟော.... ဘယ်သူတုံး မောင်နန္ဒရဲ့"

"မသိဘူးလေဗျာ၊ ဒါကြောင့် ကိုသန်းဇံကို သွားကြည့်ခိုင်းတာပေါ့"

မောင်နန္ဒ ပြောလိုက် သောကြောင့် ကိုသန်းဇံသည် အိပ်မှုန်စုံမွှား အမူအရာဖြင့် ပြေလျော့နေသော ပုဆိုးကိုမြင်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရင်း မီးအိမ်ကိုလွှန်းညှိကာ အပြင်သို့ ထွက်သွားလေတော့၏။

အိမ်တံခါးမကြီးကို ဖွင့်ပြီး ခြံထဲသို့ဆင်းကာ ဝင်းတံခါးအနီးသို့ ရောက်သွားသည်။

ကိုသန်းဇံသည် မီးအိမ်ကို မြှောက်ကြည့်လိုက်သောအခါ အသက်ငါးဆယ်နီးပါး လူကြီးတစ်ဦးနှင့် အသက်သုံးဆယ်အရွယ် လူငယ်တစ်ယောက်ကို တွေ့ရလေ၏။

ထိုသူနှစ်ဦးစလုံးကို ကိုသန်းဇံ မမြင်ဖူးချေ။ သလွန်ဖြူရွာက မဟုတ်သည်က သေချာ၏။

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာကိစ္စလဲ"

ကိုသန်းဇံက သူတို့နှစ်ယောက်၏ မျက်နှာများကို အကဲခတ်ရင်း ခပ်ပြတ်ပြတ် မေးလိုက်၏။

"ကျွန်တော်တို့ ကြွက်လူးရွာက လူတွေပါ၊ ကျွန်တော်က ဦးဖေခင်၊ ဟောဒါက ကျွန်တော့်ရဲ့သား မောင်မောင်ခင်ပါ"

"ကြွက်လူးရွာက ဟုတ်လား၊ အချိန်မတော်ကြီးမှဗျာ"

"ဟုတ်ပါတယ် နောင်ကြီးရယ်၊ ကျွန်တော့်ရဲ့ သမီးလေး အပြင်းဖျားပြီး အမောဖောက်နေလို့ ကြံရာမရဖြစ်ပြီး ဒီကဆရာလေး ကိုနန္ဒကို လာပြီးပင့်ရတော့တာပါဗျာ"



ကိုသန်းဇံက ခေါင်းကို တဖျင်းဖျင်းမြည်အောင် ကုတ်လိုက်၏။

"ခက်တာပဲဗျာ၊ ခင်ဗျားတို့ကလဲ အချိန်လေးဘာလေး ရှိတုန်း လာကြမှပေါ့"

ကိုသန်းဇံ၏ စကားကြောင့် သားအဖနှစ်ယောက်စလုံး မျက်နှာငယ်ကလေးများနှင့် ဖြစ်သွားကြ၏။

"ဝန်ခံရမယ်ဆိုရင်တော့ ကျွန်တော်တို့လဲ ကြွက်လူးရွာက ဆေးဆရာနဲ့ ပြကြည့်ပါတယ်ဗျာ၊ သူက ဆေးဖိုးဝါးခ သိပ်တောင်းလွန်းတော့ ကျွန်တော်တို့ မတတ်နိုင်တော့တာနဲ့ နောက်ဆုံး ဆရာလေး ကိုနန္ဒဆီ ပြေးချလာတာပဲ၊ ဆရာလေး ကိုနန္ဒ ရှိတယ်မဟုတ်လား"

"အင်း.... ရှိတော့ ရှိတယ်၊ နေဦးဗျာ၊ သူလိုက်နိုင်မလိုက်နိုင် သွားပြီးမေးလိုက်ဦးမယ်"

"ကောင်းပါပြီ နောင်ကြီးရယ်၊ လိုက်နိုင်အောင်လဲ ပြောပေးပါ"

ကိုသန်းဇံက သူတို့အား ဘာမျှမပြောဘဲ အိမ်ကြီးဘက်သို့ပြန်၍ သွက်သွက်လျှောက်လာ၏။ မီးအိမ်ကို မြှောက်

www.burmeseclassic.com

www.burmeseclassic.com



ကာမြောက်ကာ လှေကားထစ်များကိုကြည့်ရင်း အပေါ်သို့ ပြန်တက်လာခဲ့၏။

"ဘယ်သူတွေလဲဗျ"

မောင်နန္ဒက ဆီး၍မေးလိုက်၏။

"ကြွက်လူးရွာက လူနှစ်ယောက်တဲ့ မောင်နန္ဒရဲ့၊ အရေးကြီးတဲ့လူနာကို ပြချင်လို့တဲ့"

"ဟုတ်လား၊ ဒါဆိုရင်လဲ လိုက်သွားမှဖြစ်မှာပေါ့"

ကိုသန်းဇံက မျက်မှောင်ကြုတ်လိုက်၏။

"လိုက်သွားတာကတော့ လွယ်ပါတယ် မောင်နန္ဒရယ်၊ ဒါပေမယ့် သူတို့ကလာပင့်တာ အချိန်အခါမဟုတ်ဘူးကွ၊ သန်းခေါင်သန်းလွဲကြီး"

"မကျန်းမာတာ အချိန်အခါ ဘယ်စောင့်နိုင်ပါ့မလဲ ကိုသန်းဇံရယ်"

"မဟုတ်သေးဘူးလေ မောင်နန္ဒရယ်၊ ဒီအချိန်က မကောင်းဆိုးဝါးတွေ ကျက်စားတတ်တဲ့ အချိန်မျိုးမဟုတ်လား၊ တော်တော်ကြာ ကျွတ်တွေဘာတွေဖြစ်နေရင် မခက်ဘူးလား၊ မင်းငယ်ငယ်တုန်းက တို့ရွာက ဆေးဆရာကြီး ဦးမှဲ့ဆိုရင် အဲဒါမျိုး တစ်ခါဖြစ်ဖူးတယ်လေကွာ၊ လူတွေ



လာပင့်တယ်မှတ်ပြီး လိုက်သွားတာ၊ ဟိုကျတော့ သင်္ချိုင်းကုန်းကြီးဖြစ်နေတယ်၊ အမယ်လေး.... ပြောရင်းနဲ့တောင် ကြက်သီးတွေ တဖြန်းဖြန်းထလာတယ်ကွာ"

"ဟာဗျာ...ကိုသန်းဇံကလဲ၊ မဖြစ်နိုင်ပါဘူး"

မောင်နန္ဒက စေတနာအားကောင်းလှသည့် ဆေးဆရာဖြစ်သည်နှင့်အညီ ခေါင်းကိုခါ၍ ငြင်းဆန်လိုက်၏။

"ဟုတ်ပါပြီ၊ ကျွတ်ရွာကလူတွေ မဟုတ်ဘူးပဲထား၊ လူဆိုးသူခိုးဓားပြတွေ ဘာတွေဖြစ်နေရင်ကော"

"ဒါကတော့ ကံပေါ့ ကိုသန်းဇံရယ်၊ ကိုယ်က လူတစ်ဖက်သားကို စေတနာထားပြီး သွားကုပေးမှာပဲ၊ သူတို့က လိမ်ညာခေါ်တာဆိုရင်တော့ ကိုယ့်ကုသိုလ်ပေါ့ဗျာ၊ သူတို့ တောင်းတာ ထုတ်ပေးလိုက်ရုံပဲ ရှိတော့တာပေါ့"

"အရေးထဲ မင်းက စေသန္တရာလက်သစ်လုပ်နေပြန်ပါပြီ မောင်နန္ဒရယ်၊ ကဲကွာ...မင်းပြောသလို ပစ္စည်းတင်မယူဘဲ လူကိုပါသတ်ဖို့ ကြံမယ်ဆိုရင်ကောကွာ"

"အင်း....ဒီလိုဆိုရင်လဲ တတ်သလောက်မှတ်သလောက် ပြန်ပြီးချကြတာပေါ့ဗျာ၊ ယောကျ်ားတွေပဲ၊ ဘာလဲခင်ဗျား အဖော်မလိုက်ရဲလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး....မောင်ရာ၊ မင်း ရှေ့ကသွားမှတော့ ငါက နောက်က မလိုက်ရဲစရာမရှိပါဘူး"

"အေး....သန်းဇံ မင်းလိုက်သွား၊ သေသေချာချာ ဂရုစိုက်ပေါ့၊ လူနာအတွက် ဆရာလာပင့်တာ စိုးရိမ်လို့လိုက်မသွားဘူးဆိုတာတော့ မဖြစ်ပါစေနဲ့၊ သတ္တိနည်းရာကျပါတယ်၊ သတိဝီရိယတော့ထားပေါ့"

သူတို့နှစ်ယောက် အချီအချပြောနေကြစဉ် နောက်ဘက်ဆီမှ ဦးစံခင်ရောက်လာပြီး ပြောလိုက်ခြင်းဖြစ်၏။

"စိတ်ချပါ ဦးလေးရယ်၊ သန်းဇံတစ်ယောက်လုံး ပါသွားမှတော့ ဦးလေးတူ မှဲ့တစ်ပေါက် မစွန်းစေရဘူး"

"အင်း....သတ္တိရှင်ကြီးဆိုတော့ ယုံစရာပဲ"

ဦးစံခင် ပြုံး၍ မှတ်ချက်ချလိုက်၏။

ထိုအတွင်း မောင်နန္ဒသည် ယူစရာဝတ်စရာ ဆေးပစ္စည်းများကို လွယ်အိတ်အတွင်းသို့ သွင်းနေလေ၏။

အဆင်သင့်ဖြစ်လျှင် ကိုသန်းဇံက ဆေးအိတ်ကိုလွယ်လိုက်ပြီးနောက် အိမ်ရှေ့သို့ထွက်ခဲ့ကြ၏။

ဦးစံခင်ကလည်း တံခါးပြန်ပိတ်ရန်အတွက် နောက်နားဆီမှကပ်၍ လိုက်လာခဲ့လေ၏။



ကိုသန်းဇံက မီးအိမ်ကိုမြှောက်ရင်း ရှေ့မှာသွားကာ ခြင်းတံခါးကို ဖွင့်ပေးလေ၏။

ဆေးဆရာလေးမောင်နန္ဒကိုယ်တိုင် ပါလာသည်ကို မြင်တွေ့ကြရသောအခါ ဆရာလာပင့်သည့် ဦးဖေခင်နှင့် မောင်မောင်ခင်တို့ နှစ်ယောက်စလုံး၏ မျက်နှာများသည် အားတက်ရွှင်လန်းသွားကြလေ၏။

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ညကြီးသန်းခေါင်ဆိုတော့ ဆရာများ လိုက်မှလိုက်ပါ့မလားလို့"

ဦးဖေခင်က ဝမ်းသာအားရ ပြောလိုက်၏။

"ဆေးဆရာပဲဗျာ၊ လူနာရှင်ကပင့်ရင် ဘယ်အချိန်မဆို လာပင့်ပင့် လိုက်ရမှာပဲ၊ အသက်ထက်အရေးကြီးတဲ့ အရာလောကမှာမရှိဘူး မဟုတ်လား"

"မှန်ပါတယ် ဆရာလေးရယ်၊ ကျွန်တော့် သမီးကလေး မြသီတာရဲ့အသက်ကို ကယ်ပါဦးခင်ဗျား"

"မြသီတာ"ဆိုသော အမည်နာမကို ကြားလိုက်ရသည်နှင့် မောင်နန္ဒ မည်ကဲ့သို့ ဖြစ်သွားသည်မသိ၊ နှလုံးသွေးခုဒိတ်ဒိတ်လှုပ်ခုန်သွားလေ၏။

"မြသီတာတဲ့လား"

မောင်နန္ဒ နှုတ်ဖျားမှ ယောင်ယမ်းလျက် ဖွဖွကလေး ရေရွတ်မိလိုက်သည်ကို ဦးဖေခင် ကြားဖြစ်အောင် ကြားသွားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာလေး၊ သမီးလေးနာမည်က မြသီတာပါတဲ့ခင်ဗျား၊ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေလို့ ကယ်ပါဦးဆရာ"

"ကဲ...ကဲ...သွားရမယ်လေ၊ လှည်းပေါ်တက်ကြလေ"

သမီးဇောကြောင့် ယောင်ကြောင်နေသည့် ဦးဖေခင်နှင့် မောင်မောင်ခင်တို့ နှစ်ယောက်သားကို မောင်နန္ဒက နှိုးဆော်လိုက်မှ ကမန်းကတန်း သက်ဝင်လှုပ်ရှား သွားကြလေတော့၏။

မောင်နန္ဒသည် လှည်းဦးပိုင်းတွင် တက်ထိုင်လိုက်သောအခါ ဦးဖေခင်က လှည်းမောင်းသူနေရာတွင် ဝင်ထိုင်လိုက်သည်။

မောင်မောင်ခင်နှင့် ကိုသန်းဇံတို့က လှည်းနောက်ပိုင်းတွင် ယှဉ်၍ထိုင်လိုက်လေ၏။

မောင်နန္ဒတို့ပါသွားသော လှည်းကလေးစတင်ထွက်ခွာသွားသည်နှင့် အိမ်စောင့် ကျန်ရစ်ခဲ့သော ဦးစံခင်သည်လည်း မီးအိမ်ကိုမြှောက်ကာ ဝင်းခြံတံခါးကို ပြန်ပိတ်ရင်း အိမ်ကြီးထက်သို့ပြန်၍ လှည့်လျှောက်သွားလေတော့၏။

ဦးစံခင်အနေနှင့် မောင်နန္ဒကို လူနာရှင်တွေ လာပင့်ကြသည့် ယခင်အခါများကမူ သိပ်မစိုးရိမ်လှချေ၊ ယခုအခါ



လာပင့်သည့်အခါမှာ ကြွက်လူးရှာမှ ဖြစ်နေသောကြောင့် အနည်းငယ် စိတ်ပူချင်သည်။

နေရာကလည်း ခပ်လှမ်းလှမ်း၊ အချိန်မတော်လည်း ဖြစ်သောကြောင့် စိုးရိမ်မိခြင်းဖြစ်သည်။

သို့သော်လည်း သူတော်ကောင်း နတ်ကောင်းမဆိုသည့် စကားအတိုင်း မောင်နန္ဒကို မည်သူမျှ အနှောင့်အယှက် ပေးနိုင်လိမ့်မည်မဟုတ်ဟု ဆင်ခြင်တွေးတောရင်း ဦးစံခင် ဖြေတွေး တွေးကာ အိမ်ကြီးပေါ် ပြန်တက်လာလေတော့၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

### ကမ္ဗွာနီးရှုပ်ကို ဆေးကုခြင်း

အိမ်ပေါ်သို့ တက်လိုက်သည်နှင့် မိန်းမ၊ ယောကျ်ားသုံးလေးဦးဝိုင်းရံနေသော လူနာမိန်းကလေးကို တွေ့လိုက်ရသဖြင့် မောင်နန္ဒက ပြောသင့်ပြောထိုက်သည်ကို အလျင်ပြောလိုက်ရလေ၏။

"လူနာနံဘေးမှာ လူတွေအများကြီး ခုလို ဝိုင်းအုံနေကြတာဟာ လူနာအတွက် အနှောင့်အယှက်ပေးသလို ဖြစ်နေပါတယ်ခင်ဗျား၊ ကျေးဇူးပြုပြီး နံဘေးကို ဖယ်ပေးကြပါ"

မောင်နန္ဒ၏ အသံကြောင့် လူနာနံဘေးတွင် ဝိုင်းအုံကြည့်နေကြသည့် မိန်းမ-ယောကျ်ားအားလုံးမှာ နံဘေးသို့ ရှိပေးလိုက်ကြ၏။



ထိုအခါ အသက်ကိုလှ၍ ရှူရှိုက်နေရသော အရိုးပေါ်အရေတင်ဖြစ်နေသည့် လူမမာမိန်းကလေးကို တွေ့လိုက်ရလေ၏။

"အဲဒါ ကျွန်တော့်ရဲ့ သမီးလေး မြသီတာပါပဲဆရာ၊ ကယ်ပါဦး ဆရာရယ်"

ဦးဖေခင်က စိုးရိမ်တကြီး ငိုသံပါဖြင့် ပြောလိုက်လေရာ မောင်နန္ဒက အသံကျယ်ကျယ်မထွက်ရန် သတိပေးသည့်အနေဖြင့် လက်ကို ကာလိုက်လေ၏။

ထို့နောက် လူနာနားဆီသို့ တိုးကပ်သွားကာ ပခုံးတွင် လွယ်ထားသည့် ဆေးလွယ်အိတ်ကို နံဘေး၌ အသာချလျက် တင်ပျဉ်ခွေ ထိုင်ချလိုက်လေ၏။

ထို့နောက် မိန်းကလေး မြသီတာအား စူးစူးစိုက်စိုက် ကြည့်ရှုလေ့လာရလေ၏။

မြသီတာကလေးမှာ ဝေဒနာခံစားရသည်မှာ ရက်ရှည်လများ ဖြစ်ဟန်ရှိ၍ အရိုးပေါ်အရေတင်ကလေး ဖြစ်နေရာ၏။

ကျန်းကျန်းမာမာဝဝဖြိုးဖြိုး အခြေအနေမျိုးမှာဆိုလျှင် မြသီတာသည် ချောမောလှပမည့် အသွင်လျာရှိသော်လည်း

www.burmeseclassic.com



ယခုအနေအထားမှာမူ ကမ္ဘာ့ဒါန်းရုပ်သဖွယ် မကြည့်ရက်စရာအစမျိုးတွင် ရှိနေရှာ၏။

မောင်နန္ဒသည် ကရုဏာသက်စွာဖြင့် မြသီတာ၏ လက်ဖျံတလေးကို ဖြည်းဖြည်းရွရွကလေး ကိုင်တွယ်ကာ သွေးစမ်း၏။

"ခင်ဗျားတို့ ဒီလောက် ရက်မကြာခင်က လာရောက်ခေါ်ကြဖို့ကောင်းတယ်ဗျာ၊ အေးလေ ဘာပဲဖြစ်ဖြစ် ကံကအားကိုးရတော့မှာပေါ့၊ ကျွန်တော်လဲ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကုသပေးပါ့မယ်၊ ရာခိုင်နှုန်းအားဖြင့်တော့ ငါးဆယ်....ငါးဆယ်ပဲ"

မောင်နန္ဒက မြသီတာ၏ဖခင် ဦးဖေခင်ကို လှည့်၍ပြောလိုက်၏။

ဦးဖေခင်ကမူ သမီးလေးဇောဖြင့် ရင်တွေပူနေသောကြောင့် မောင်နန္ဒ ဘာတွေပြောနေသည်ကိုပင် ရေရေရာရာမကြားတော့ဘဲ ခေါင်းကိုသာ ဆတ်ညိတ်နေမိ၏။

မောင်နန္ဒသည် လူနာ၏အသက်ကို ဓားမင်း၏လက်ထဲမှ ပြန်၍လုယူရန်အတွက် ခွန်အားတလုံးလုံးဖြင့် ကြိုးစားနေရှာ၏။



သောက်ဆေး လိမ်းဆေးများကို စဉ်းစားချိန်ဆတွေးခေါ်ပြီး ကိုယ်တိုင်ပြုစုပေးလေ၏။

ဦးဖေခင်နှင့် မြသီတာ၏အစ်ကိုဖြစ်သူ မောင်မောင်ခင်တို့သည် မြသီတာအတွက် ရတက်မအေးနိုင်ကြဘဲရှိရာမှ မြသီတာ၏နှုတ်ဖျားက တအင်းအင်းတအဲအဲ ညည်းညူသံကလေး ထွက်ပေါ်လာသောအခါတွင်ကား အားရဝမ်းသာဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

"သမီး....သမီး....သမီး သတိရပြီလား"

"ညီမလေး သတိပြန်လည်လာပြီ အဖေ"

ဦးဖေခင်နှင့်မောင်မောင်ခင်တို့ သားအဖနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ရွှင်ပျမ်းသာသွားကာ မောင်နန္ဒကိုလည်း ကျေးဇူးတင်သောမျက်လုံးများဖြင့် ကြည့်မိကြလေ၏။

အတန်ကြာသောအခါ မောင်နန္ဒသည် လူနာအပါးမှ ခွာလာခဲ့ပြီး ဦးဖေခင်ကို ခပ်တိုးတိုးပြောလိုက်၏။

"အသက် အန္တရာယ်တော့ စိုးရိမ်စရာမရှိတော့ပါဘူးလေး၊ ဒါပေမယ့် နာလန်ထူပြီး အားပြန်ပြည့်လာအောင်တော့ လနဲ့ချီပြီး ပြုစုပေးရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်....ဟုတ်ကဲ့ပါ ဆရာလေး၊ ကျေးဇူးတင်ပါတယ် ဆရာလေးရယ်၊ ဆရာလေးအတွက် ဆေးဖိုးဝါးခ...."

ဦးဖေခင် စကားမဆုံးခင် မောင်နန္ဒက လက်ကာလိုက်၏။

"ဒါက အရေးမကြီးပါဘူး ဦးဖေခင်၊ လူနာ သက်သာပျောက်ကင်းသွားဖို့သာ လိုရင်းပါ၊ ဆေးဖိုးဝါးခဆိုတာ နောင်အဆင်ပြေမှ ပေးလဲရပါတယ်....

"ကိစ္စမရှိပါဘူး၊ အခု ကျွန်တော်ပြောပြမယ့် အချက်အလက်တွေကိုသာ ဂရုစိုက်ပြီး နားထောင်ထားပါ၊ ဘယ်အစာကို မကျွေးနဲ့၊ ဘယ်အစာကို ကျွေးဆိုတာ မှတ်ထားဖို့က ဆေးဖိုးဝါးခထက် ပိုအရေးကြီးတယ်ဗျ၊ ပြီးတော့ သေသေချာချာလိုက်နာဖို့လဲ လိုတယ်နော်"

"ဟုတ်ကဲ့....ဟုတ်ကဲ့ပါ ဆရာလေးရယ်၊ ကျွန်တော် တစ်သဝေမတိမ်း လိုက်နာပါ့မယ်ခင်ဗျာ"

ဦးဖေခင်က ရိုရိုကျိုးကျိုးအမူအရာဖြင့် မောင်နန္ဒပြော ပြသည်များကို နားထောင်၍ မှတ်သားနေလေ၏။

မြသီတာကိုဆေးကုရင်း၊ ဦးစံဖေကို ရှင်းပြပြောဆိုရင်းဖြင့် ညနေအားကြီးအချိန်သို့ ရောက်လာခဲ့သည်။



မောင်နန္ဒနှင့်ကိုဆန်းဖေတို့သည် လူနာရှင်များကိုအားနာသောကြောင့် ညကြီးမင်းကြီးမှာ ပြန်မပို့ခိုင်းတော့ဘဲ မိုးလင်းအောင်အထိ တုံးလုံးပက်လက်နေ၍ စောင့်နေခဲ့ကြရသည်။

ထိုအတွင်း မြသီတာလည်း ကောင်းကောင်းသတိရလာလေ၏။

"ရေ....ရေ....ရေဆာလိုက်တာ၊ ရေသောက်ချင်တယ်၊ ရေ"

မြသီတာ၏ ညင်သာတိုးသဲ့သော အသံကလေးများကြားရသဖြင့် မောင်နန္ဒမျက်လုံးများ ဖျတ်ခနဲ ပွင့်သွားလေ၏။

ဟိုတိုသည်သည် မျက်စိကစားကြည့်သောအခါ အနားတွင် ထိုင်ငိုက်နေသည့် ဦးဖေခင်တို့သားအဖကို တွေ့ရသည်။

သူတို့ ပင်ပန်းပြီးအိပ်ပျော်နေကြသောကြောင့် မြသီတာ ရေတောင်းသံ တိုးတိုးညင်းညင်းကလေးကို မကြားမိကြခြင်း ဖြစ်ပေမည်။

မောင်နန္ဒကမူ အအိပ်ဆတ်သူဖြစ်သောကြောင့်ချက်ချင်း ပင် ငုတ်တုတ်ထထိုင်လိုက်ပြီးနောက် မြသီတာအပေါ်သို့သွား

www.burmeseclassic.com



ကာ အသင့်ရှိနေသည့် ရေခွက်ထဲမှရေကို ဇွန်းကလေးဖြင့် ကြင်နာယုယစွာ ခပ်တိုက်ပေးလိုက်၏။

မြသီတာခမျာ သတိသေသေချာချာ ရလာပြီဖြစ်သော ကြောင့် ရေကို အငမ်းမရ သောက်လေ၏။

ထိုအချိန်တွင် နေမင်းကြီးသည်လည်း လောကဓာတ် တစ်ခွင်ကို ထွက်ပြူလာပြီဖြစ်လေရာ အလင်းရောင်လည်း ကောင်းကောင်းမြင်ရပြီဖြစ်လေ၏။

သို့ဖြစ်၍ မြသီတာ၏ သနားစဖွယ် မျက်နှာကလေးကို လည်း မောင်နန္ဒ သေသေချာချာ ကြည့်ရှုစေ့ငုခွင့် ရလေ တော့၏။

စင်စစ် မြသီတာမှာ ချောမောလှပသူကလေးတစ်ဦး ဖြစ်၏။ မျက်လုံး၊ မျက်ဖန်၊ နှာတံ စသည်တို့မှာ ပြောစရာ မရှိအောင် တင့်တယ်လှပသူဖြစ်ကြောင်း အကဲခတ်မိလေ သည်။

ရောဂါဖိစီးထားသဖြင့် ကြုံလှီပိန်ကပ်နေသော‌ကြောင့် သာ မြသီတာ၏အလှတရားများ မပေါ်လွင်ဘဲနေရခြင်း ဖြစ်၏။



မောင်နန္ဒသည် မြသီတာကိုရေတိုက်နေရင်းမှ မှင်တက်မိ ငေးမော ကြည့်ရှုနေမိလေရာ မည်မျှကြာညောင်းသွားသည် ဟု မဆိုနိုင်ချေ။

မြသီတာ မျက်လုံးဖွင့်ကြည့်လိုက်သော အခါကျမှပင် မောင်နန္ဒစိတ်မှာ အသိတွေပြန်ဝင်သွားမိ၏။

"ရှင်....ရှင်...ရှင်က...."

မြသီတာက ခြောက်ကပ်အက်ကွဲသော အသံသေးသေး ကလေးဖြင့် အံ့ဩစွာ မေးခွန်းထုတ်လိုက်၏။

"ကျွန်တော်က မြသီတာကို ဆေးကုပေးနေတဲ့ ဆေးဆရာ ပါ မြသီတာ"

မောင်နန္ဒက လေသံများ မတုန်ယင်စေရန် သတိထားပြီး အဖြေပေးလိုက်မိ၏။

"ဩော်....ဆေးဆရာကိုး"

"ဟုတ်ပါတယ် မြသီတာ၊ မြသီတာ ဘာမှစိတ်မပူပါနဲ့ တော့၊ မကြာခင် နေကောင်းသွားတော့မှာပါ၊ အားရှိ အောင် အားရှိမယ့် အစားအစာတွေ စားပေါ့"

မြသီတာက ခေါင်းကလေးဆတ်ညိတ်ပြလိုက်၏။

"ဆရာ့ကို မြသီတာ ကျေးဇူးတင်ပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ကျေးဇူးတင်ဖို့မလိုပါဘူး၊ နေကောင်းအောင်သာကြိုးစားပါ၊ ကျွန်တော်လဲ တစ်ရက်ခြားတစ်ခါ လာလာပြီး ကြည့်ပေးပါ့မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ဆရာရယ်"

"မြသီတာ စကားတွေအများကြီးမပြောနဲ့နော်၊ အားရှိအောင် အသာလေး ငြိမ်မှိန်းနေလိုက်ဦး၊ ခုန မြသီတာ သိပ်ပြီး သတိမရခင်တုန်းက ခွံ့ကျွေးထားတဲ့ ဆေးတွေက များများ အိပ်ပြီး အနားယူပေးမှ ပြန်အားပြည့်လာမှာ မြသီတာရဲ့"

မြသီတာက ခေါင်းကလေးကိုဖြည်းညင်းစွာညိတ်ပြလိုက်ပြန်၏။

ထိုအတွင်း ဦးဖေခင်ရော မောင်မောင်ခင်ပါ နိုးလာကြလေ၏။

"ဟာ...ဆရာရယ်၊ ဆရာကိုယ်တိုင် သမီးကို စောင့်ရှောက်ပေးနေရတာကိုး၊ အားနာစရာကြီးဗျာ"

"အားနာစရာမလိုပါဘူး ဦးဖေခင်ရယ်၊ ဆရာဆိုတာ လူနာကို ဘယ်လိုအချိန်မျိုးမှာပဲဖြစ်ဖြစ် ကုသပေးဖို့ တာဝန်ရှိပါတယ်"

"အေးဗျာ...ကျွန်တော် သိပ်ပင်ပန်းပြီး အိပ်ပျော်သွားတယ်"



"ဟုတ်ပါရဲ့ အဖေရယ်၊ ကျွန်တော်လဲ တစ်ချက် မှေးခနဲ ငိုက်သွားတယ်"

ဦးဖေခင်၏စကားကို မောင်မောင်ခင်က ထောက်ခံလိုက်၏။

ယခုမှပင် ခပ်လှမ်းလှမ်းတွင် အိပ်ပျော်နေသော ကိုသန်းဇော်လည်း နိုးလာ၏။

"ဟာ...မိုးတောင် စင်စင်လင်းနေပြီပဲ၊ ကဲ...မောင်နန္ဒ၊ တို့လဲ အိမ်ပြန်ကြရအောင်၊ ဦးလေး ဦးစံခင် စိတ်ပူနေလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ပြန်ပို့ပေးပါ့မယ်"

ဦးဖေခင်က သွက်လက်စွာ ပြောလိုက်၏။

"ဦးဖေခင် ကိုယ်တိုင် လိုက်မပို့ပါနဲ့တော့ဗျာ၊ ပင်ပန်းနေပါတယ်၊ ကိုမောင်မောင်ခင် လိုက်ပို့လဲ ပြီးတာပါပဲ"

မောင်နန္ဒက ဦးဖေခင်ကို အားနာသောကြောင့် ပြောလိုက်၏။

"ဟုတ်သားပဲဗျ၊ သမီးနားမှာလဲ ယောကျ်ားဖော်ရှိဦးမှ ဖြစ်မှာပေါ့"

ကိုသန်းဇော်ကပါ ဝင်ပြောလိုက်သောကြောင့် ဦးဖေခင် နေရစ်ခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း...မြသီတာ၊ ဆရာတို့ ပြန်လိုက်ပါဦးမယ်နော်၊ မကြာခင် နေကောင်းသွားမှာပါ၊ စိတ်ကိုချမ်းချမ်းသာသာထား၊ ဆရာ သန်ဘက်ခါကျရင် တစ်ခါလာဦးမယ်"

မောင်နန္ဒက မြသီတာကို နှုတ်ဆက်လိုက်၏။ မြသီတာက နွမ်းနယ်နေသောကြောင့် ခေါင်းကလေးညိတ်ရုံသာ ညိတ်ပြနိုင်လေ၏။

မောင်နန္ဒတို့ လှည်းကလေး ဖုန်တထောင်းထောင်းနှင့် ပြေးနေချိန်တွင် နေအတော်မြင့်နေလေပြီ။

★

## အခန်း (၈)

### အလွမ်းမိုး မမိုးပါစေနဲ့

ဆေးဝါး၏အာနိသင်ကြီးမားခြင်း၊ ကုသသူ ဆရာမောင်နန္ဒ၏ စေတနာမေတ္တာထက်သန်ခြင်းတို့ကြောင့် မြသီတာသည် ချက်ချင်းပင် ထူထူထောင်ထောင်ဖြစ်လာခဲ့လေတော့သည်။

နောက်တစ်ခေါက် မောင်နန္ဒ ရောက်လာသောအခါ မြသီတာ၏ မျက်နှာကလေးသည် လန်းလန်းရွှင်ရွှင်ကလေးဖြစ်နေလေ၏။

"ကျွန်မကိုယ် ကျွန်မ သေပြီလို့ အောက်မေ့တာ ဆရာရယ်"

www.burmeseclassic.com

www.burmeseclassic.com



"သေကံမရောက် သက်မပျောက် ဆိုတဲ့စကား ရှိတာပဲ မြသီတာရဲ့၊ သေရမယ့်အချိန်နဲ့ သေရမယ့်ကံ မကျသေးရင် လူဟာ မသေနိုင်ပါဘူး၊ ပြီးတော့ ဆရာနန္ဒနဲ့ တွေ့ရတဲ့ လူနာတွေဟာလဲ များသောအားဖြင့် သေခွင့်မကြုံကြရပါဘူး"

မောင်နန္ဒက ပြုံးလျက်ပြောလိုက်လေရာ....

မြသီတာကလည်း အပြုံးဖြင့် တုံ့ပြန်လိုက်၏။

မြသီတာ ပြုံးလိုက်သောအခါ အရိုးပေါ် အရေတင်နေသည့် ခန္ဓာကိုယ်ဖြစ်၍ ပါးရိုးများပေါ်ထွက်နေသော်လည်း ကြည့်၍ကောင်းလှသော မျက်နှာအနေအထားကို မဖုံးနိုင် မဖိနိုင် ပေါ်လွင်နေပေသည်။

အထူးသဖြင့် ထူးထူးခြားခြား ဆွဲဆောင်အားအကောင်းဆုံးမှာ မြသီတာ၏ မျက်လုံးအစုံပင် ဖြစ်၏။ မြသီတာ၏ မျက်လုံးများသည် လိုအပ်သည်ထက် ပို၍ တောက်လက်စူးရှသည်ဟု ထင်ရသည်။

မြသီတာ၏မျက်လုံးများသည် အခြားသော မိန်းကလေးများ၏ မျက်လုံးများထက် အဆပေါင်း ရာ့ထောင်မကသာလွန်ကာ စိတ်ဝင်စားဖွယ်ကောင်းလှသည်ဟု မောင်နန္ဒ ထင်မြင်မိသည်။



မြသီတာ၏ မျက်လုံးများနှင့် ရင်ဆိုင်ကြည့်မိသောအခါ စပါးကြီးမြွေ တစ်ကောင်၏ ညို့ငင်ထားမှုမျိုးကဲ့သို့ ဆွဲဆောင်အား ကောင်းလွန်းလှသည်ကို မောင်နန္ဒ သတိထားမိ၏။

မြသီတာနှင့် မျက်လုံးချင်း ဆိုင်မိတိုင်း မောင်နန္ဒ သက်ပြင်းအကြိမ်ကြိမ်ချမိသည်ကို ကိုယ့်ဘာသာ သတိထားမိသည်။

ဤကဲ့သို့ ထူးခြားသည့် မျက်လုံးပိုင်ရှင် မြသီတာထံသို့ တစ်ရက်ခြား တစ်ရက်ခြားဖြင့် အကြိမ်ပေါင်း ငါးကြိမ်ခန့် ဆယ်ရက်လောက်အကြာတွင်ရောက်သွားခဲ့လေရာ မြသီတာလည်း အတော်ကလေး ကျန်းကျန်းမာမာ ဖြစ်လာလျက် မောင်နန္ဒနှင့်လည်း ရင်းနှီးကျွမ်းဝင်ခဲ့လေတော့၏။

နောက်ပိုင်းအခေါက်များတွင် မောင်နန္ဒသည် မြသီတာဆီသို့ သွားရာတွင် လက်ချည်းမသွားတော့ဘဲ စားသောက်စရာများကို ဝယ်ခြမ်းသွားလေ့ရှိ၏။

မောင်နန္ဒ စားစရာ ဝယ်သွားတိုင်းလည်း မြသီတာမှာ အားတုံ့အားနာ ဖြစ်ရလေ၏။

"ခြေဒ်...ဝယ်လာခဲ့ပြန်ပြီလား ဆရာရယ်....

www.burmeseclassic.com

www.burmeseclassic.com



"မြသီတာတော့ အားနာတာနဲ့ သေရတော့မယ်ထင်ပါတယ်"

"အို... ဘယ့်နှယ်ဟာတွေ လျှောက်ပြော နေတာလဲ၊ အားနာတာနဲ့တော့ မသေလိုက်ပါနဲ့ မယ်မင်းကြီးမရယ်၊ တစ်ရွာကနေလာပြီး ကုသပေးနေရတဲ့လူကို သနားပါဦး"

"ဆရာက ဆေးကုပေးရုံတင် မကဘူး၊ ဓာတ်စာတွေပါ ဝယ်ဝယ်လာနေတော့ ကျွန်မ ဘယ်လိုလုပ်ပြီး ကျေးဇူးဆပ်ရတော့မှာလဲဆရာ၊ ပြီးတော့ ဆေးဖိုးဝါးခပေးတော့လဲ ဆရာက တစ်ပြားမှ ယူတာမဟုတ်ဘူး"

"မြသီတာဆီက ဆေးဖိုးဝါးခမယူလို့ ကျွန်တော်က ငတ်သေသွားတာမှ မဟုတ်တာ"

"ဒါတော့ ဒါပေါ့ဆရာရယ်၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ...ပြော"

"ပြောပြီးပြီပဲ ဆရာရယ်၊ အားနာပါတယ်လို့"

"မြသီတာနဲ့ ဆရာနဲ့ကြားမှာ အားနာတယ်ဆိုတဲ့ စကားဟာ စိမ်းကားလွန်းပါတယ်လေ"

မောင်နန္ဒ၏စကားကြောင့် မြသီတာက ဖျတ်ခနဲ လှမ်းကြည့်မိသွား၏။



ထုံးစံအတိုင်း မြသီတာ၏ တောက်လက်သော မျက်လုံးများ၏ဒဏ်ကို ခံစားရလေသောကြောင့် မောင်နန္ဒ၏ ရင်သည်လည်း ဒိန်းခနဲ လှုပ်ရှားသွားရပြန်လေ၏။

"ဆရာ တောင်းပန်ပါတယ် မြသီတာ၊ ဆရာ့ကိုခင်ရင် အားနာတယ်ဆိုတဲ့စကား မပြောပါနဲ့တော့၊ မပြောပါဘူးလို့ ကတိပေးပါ"

"မြသီတာ ကတိပေးရမယ်"

"ဟုတ်တယ်၊ အဲဒီလို မပြောတော့ပါဘူးလို့ ကတိပေးရမယ်၊ ဒါမှမဟုတ်ရင် ဆရာဆက်ပြီး မလာဘဲနေလိုက်မှာ"

မောင်နန္ဒ စကားကြောင့် မြသီတာ မျက်နှာကလေး ကွက်ခနဲပျက်သွားလေ၏။

"ဆရာကပြောတော့ မြသီတာရောဂါ ရှင်းရှင်းမပျောက်သေးဘူးဆို၊ ရှင်းရှင်းပျောက်တဲ့အထိ ဆရာလာပေးမှာဆို"

"အင်းပေါ့...လာမှာပေါ့၊ အဲလို အားနာစကားမပြောဘဲနေမှ လာမှာ"

"ဆရာကရော မြသီတာဆီလာရင် ဓာတ်စာတွေဝယ်ဘဲလာလို့ မရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး"

"ဘာဖြစ်လို့"

"ဘာဖြစ်လို့ ရမှာလဲ၊ မြသီတာ ရောဂါပျောက်သွားပြီ ဆိုပေမယ့် အာဟာရပြည့်စုံဖို့ လိုသေးတယ်၊ ပုံမှန် ဝဖြိုး လာဖို့ လိုသေးတယ်၊ ဒီအတွက် အာဟာရကို ဖြတ်ပစ်လို့ မရဘူး"

"ဒါပေမယ့် ဆရာရယ်"

"ဒါပေမယ့် လုပ်မနေနဲ့ မြသီတာ၊ ဆရာဆက်ပြီးလာစေ ချင်သေးတယ်ဆိုရင် ဆရာ့ပြောစကားကို နားထောင်၊ ဘယ့်နှယ်လဲ အားနာစကား မပြောတော့ပါဘူးလို့ ကတိ ပေးမှာလား"

မြသီတာက ရှက်ပြုံးကလေးဖြင့် ခေါင်း ညိတ် လိုက် ၏။ မြသီတာမှာ အနည်းငယ် ဝဖြိုးလာပြီ ဖြစ်သောကြောင့် အလှသဏ္ဌာန်မှာလည်း ပေါ်လွင်လာခဲ့ပြီ ဖြစ်လေ၏။

ဤသို့ မြသီတာနှင့် ဆရာမောင်နန္ဒတို့၏ သံယောဇဉ် ကြီးသည် တစ်စထက်တစ်စဖြင့် ခိုင်တွယ်ရစ်နှောင်မိကြလေ တော့၏။

* * *



"အင်း.... ငါတော့ ပြော မပြောချင်တော့ပါဘူး မောင် ရာ"

တစ်နေ့ မောင်နန္ဒက မြသီတာတို့အိမ်သို့သွားရန် စား ာက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများကို ကိုယ်တိုင် ယ်ကျ ပြင်ဆင်နေသောကြောင့် ကိုသန်းဇော်က အနားသို့ ရင်း ပြုံးဖြဲဖြဲအမူအရာဖြင့် ပြောလိုက်၏။

"ဘာလဲဗျ၊ ဘာကိုမပြောချင်ရတာလဲ ကိုသန်းဇော်ရ"

"ဟ.... ဘာကမှာလဲ၊ ငါ မင်းကိုကြည့်နေတာကြာပြီ၊ လှမ်းတွေ ပျက်နေတယ်နော် မောင်နန္ဒ"

ကိုသန်းဇော်၏ စကားကြောင့် မောင်နန္ဒ ပြည့်ပြည့်ဝဝ လိုက်၏။

"ဘာမှ ခြေလှမ်းမပျက်ပါဘူး ကိုသန်းဇော်ရာ၊ ကျွန်တော် ှမ်း လှမ်းတိုင်း ဘယ်တစ်ဖက် ညာတစ်ဖက် ပုံမှန်လှမ်း တယ်ဗျ၊ ဘယ်တော့မှ စုံမလှမ်းပါဘူး၊ ပြီးတော့ ဘယ် ပဲသက်သက်၊ ဒါမှမဟုတ် ညာချည်းပဲသက်သက်လဲ မ်းပါဘူးဗျ၊ ဟဲ ဟဲ"

"မင်း ပေါက်ကရတွေ စကားတတ်တိုင်း လျှောက် ာနေနဲ့ မောင်နန္ဒ၊ မင်း ငါ့ကို မှန်မှန်ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးနဲ့ လာတွေ့နေပြီ၊ ကျမ်းတွေဘာတွေများ ကိုင်ရဦးမှာလား"

"မင်း မြသီတာကို စိတ်ဝင်စားနေပြီ မဟုတ်လား"

"မြသီတာက ကျွန်တော့် လူနာပဲဗျ"

"လူနာတိုင်းကို ခုလို လက်ဆောင်ပစ္စည်းတွေ အများကြီးပေးတာ ငါမတွေ့ဖူးခဲ့ပါဘူး မောင်နန္ဒရ၊ အခုတော့ မင်းဟာက လွန်လွန်းတယ်၊ တစ်ခါတစ်ခါဆို ငါမပြောပါဘူး၊ သွားတိုင်းလိုလို လက်ဆောင်တွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့"

"ပေးကမ်းခြင်းဟာ မင်္ဂလာတစ်ပါး မဟုတ်လား ကိုသန်းဇော်ရဲ့"

"ဟုတ်ပါတယ် ဆရာသမားရယ် ဟုတ်ပါတယ်၊ ပေးကမ်းခြင်းဟာ မင်္ဂလာတစ်ပါးပါပဲ၊ ဒါပေမယ့် ခင်ဗျားမင်္ဂလာက လွန်အားကြီးတယ်...."

"ဘယ့်နှယ်ဗျာ၊ လူနာကို လက်ဆောင်ပေးတယ်ဆိုတာ ထားပါတော့၊ သစ်သီးစလံလေး ဘာလေးဆို ဟုတ်ကုတ်တုတ်၊ ခုဟာက အင်္ကျီတွေရော၊ ထဘီတွေရော ပါတယ် ဒါက ဘာသဘောလဲ"



"မြသီတာတို့က နှမ်းပါးရှာတယ်ဗျ"

ကိုသန်းဇော်က ခနဲ့ပြုံး ပြုံးလိုက်၏။

"နှမ်းပါးလို့ ဟုတ်လား"

"ဟုတ်တယ်"

"ကျုလဲကျတဲ့ ဆရာလေးပါပဲ"

"ဘာဖြစ်လို့လဲ"

"နှမ်းပါးတဲ့လူ လူချင်သပဆို ကိုယ့်သလွန်ဖြူ ရွာကလေးမှာတင် တစ်ပုံတစ်ပင်ကြီးရှိတယ်၊ ဆွေရိပ်မကင်း မျိုးရိပ်မကင်းတွေလဲ ရိုက်သတ်လို့တောင် မကုန်ဘူး...."

"လူစမ်းပါလေဗျာ၊ ခုတော့ အမေကျော် ဒွေးတော်ခီ လွမ်းပြီး ကြွက်လူးရွာအထိတောင် သွားလူရသလား၊ ဝိမနေနဲ့တော့ မောင်နန္ဒ၊ မင်း မြသီတာကို သဘောကျနေပြီ မဟုတ်လား"

"အင်း.... မုသာဝါဒကို မသုံးကြေး ဝန်ခံရရင်တော့ သဘောကျနေပြီဆိုတာထက် မြတ်နိုးတွယ်တာနေပြီ ဆိုရင် ပိုပြီးမှန်ပါလိမ့်မယ် ကိုသန်းဇော်"

"ကောင်လေး၊ စကားတွေသိပ်ပြီး တတ်နေပါလား"

www.burmeseclassic.com

www.burmeseclassic.com



"မြသီတာ သင်ပေးတာပဲ ဖြစ်မယ်"

"တကယ်စုံမက်လို့ မိသားဖသားပီပီ တောင်းရမ်းယူ အထိ ဆုံးဖြတ်ပြီးပြီဆိုရင်တော့ ငါမတားလိုပါဘူး မေ နန္ဒရယ်၊ ဒါပေမယ့် မြသီတာအကြောင်း ဘယ်လော သိထားပြီးပြီလဲ"

"မြသီတာမှာ အမေမရှိတော့ဘူး ကိုသန်းဇော်၊ အဖေ မောင်ပဲ ရှိတော့တယ်၊ ပြီးတော့ အပျိုစစ်စစ်ဖြစ်တယ် အိမ်ထောင် တစ်ခါမှ မပြုဖူးဘူး"

"တော်ပြီ တော်ပြီ မောင်နန္ဒ၊ ဆက်မပြောနဲ့တော့ မပြောနဲ့တော့"

"ဘာဖြစ်လို့လဲဗျ"

"ဟာ... ဘာဖြစ်ရမှာလဲကွ၊ မင်းဟာက ကုလားကြီး အရာကြီး၊ တရုတ်ကြီးနဲ့ ပေါက်ဖော်ဆိုတာလို ကျနေပြီ ထူးထူးခြားခြားများ ကြားရမလားမှတ်ပါတယ်၊ မြသီတာ အပျိုစစ်စစ်ဖြစ်မှတော့ အိမ်ထောင် မပြုဖူးသေးတာ ပြော စရာလိုသလားကွ..."



"ပြီးတော့ သူ့မှာ အမေမရှိတာတွေ၊ အဖေနဲ့ အစ်ကိုနဲ့ပဲ နေရတာတွေက မင်းပြောမှလား၊ ငါလဲ သိပြီးသားတွေပဲ ဥစ္စာ"

"ဒါဖြင့် ဘာပြောရမှာလဲ၊ ဘာတွေသိရဦးမှာလဲ"

"အများကြီးရှိသေးတာပေါ့ မောင်နန္ဒရယ်၊ မင်းမလဲ ဆရာတစ်ဆူလုပ်နေပြီး ဒါလေးမှသဘောမပေါက်ဘူးလား"

"ပြောစမ်းပါဦး ကိုသန်းဇော်"

"အရေးကြီးတာက မိန်းကလေးတစ်ယောက်ပဲဖြစ်ဖြစ်၊ ယောကျ်ားလေးတစ်ယောက်ပဲဖြစ်ဖြစ် အကျင့်စာရိတ္တပဲကွ၊ အကျင့်စာရိတ္တ ကောင်းမကောင်းကို အရင်လေ့လာရမယ်၊ ပြီးတော့ မျိုးရိုးဇာတိ ကောင်းမကောင်းကို စုံစမ်းရမယ်၊ ပြီးတော့ နောက်ကြောင်း ရှင်းမရှင်းလဲ စနည်းနာရမယ်၊ ပြီးတော့ သူ့မှာရှိတဲ့ ဝေလေ့စရိုက်ကိုလဲ သိထားသင့်တယ်"

"ပြီးတော့ကော ဗျာ"

"ပြီးတော့ သူဘာကြိုက်တတ်သလဲဆိုတာမျိုးလဲ သိထားသင့်တယ်"

မောင်နန္ဒက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ညဘက်အိပ်ရင်ထထပြီးယောင်တတ်သလား၊ ဒါမှမဟုတ် အကျယ်ကြီးဟောက်ပြီး အိပ်တတ်သလားဆိုတာ တွေကိုကော သိထားဖို့မလိုဘူးလား ကိုသန်းဇော်"

"အေး...သိနိုင်ရင် အကောင်းဆုံးပဲ"

ကိုသန်းဇော်က စိတ်မရှည်တော့သလို တုံးတိတိကြီးပြောချလိုက်၏။

မောင်နန္ဒက ခေါင်းကို တော်တော်ကြာသည်အထိ ယမ်းခါပစ်လိုက်၏။

"ကျွန်တော့် အနေနဲ့ မြသီတာအပေါ်မှာ ဒါတွေလိုက်ပြီး စုံစမ်းဖို့မလိုတော့ပါဘူး ကိုသန်းဇော်ရယ်"

"ဘာဖြစ်လို့တုံး"

"ကျွန်တော်က သူ့ကို ချစ်နေပြီးသား ဖြစ်နေလို့ပဲ"

"ဗုဒ္ဓေါ"

"တကယ်ပြောတာ"

"နေစမ်းပါဦး ကိုယ့်ဆရာရယ်၊ ဘယ်တုန်းကများ အဲ့ဒါ ဖြစ်လိုက်သတုံး"



"ဆေးသွားကုတဲ့ ညမှာပဲဗျ"

"ဒုတိယမွိဗုဒ္ဓေါ"

"ဘာဖြစ်သွားတာလဲ"

"အံ့ဩသွားတာလေ၊ အံ့ဩတာ"

"မိန်းမပျိုလေး တစ်ယောက်ကို ယောကျ်ားပျိုတစ်ယောက်ကချစ်တာ ဘာအံ့ဩစရာရှိလို့လဲဗျ"

"အံ့ဩတာပေါ့ဟ၊ မင်း ဆေးသွားကုတဲ့ညက ငါလဲ ပါတဲ့ဟာ၊ ဒီလောက် အရိုးပဲဒေသာ ရုပ်ကို မင်းက သဘောကျရတယ်လို့၊ ကမ္ဘဋ္ဌာန်းရုပ် ပေါက်နေတာလေကွာ၊ ငါဖြင့် ကြောက်တောင် ကြောက်သေး"

မောင်နန္ဒက အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။

"ဘာကြောက်စရာလိုလို့လဲ၊ ခင်ဗျားတို့ ကျွန်တော်တို့လဲ တစ်နေ့သေရင် အရိုးပဒေသာ ဖြစ်ကြရမှာပဲ၊ ကမ္ဘဋ္ဌာန်းရုပ် ပေါက်ကြရမှာပဲ"

"ဟာကွာ၊ သေရင်တော့ ဟုတ်တာပေါ့၊ ခုတော့ မသေသေးဘဲ ကမ္ဘဋ္ဌာန်းရုပ်ပေါက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်၊ ခင်ဗျားမမြင်တဲ့ သူ့ရဲ့အလှဆုံးအရာ တစ်ခုကို ကျွန်တော်က တွေ့လိုက်ပြီဗျ"

"ဘာလဲ"

"မြသီတာရဲ့ မျက်လုံးနှစ်လုံး"

"လုပ်ပြန်ပြီကွာ၊ မြသီတာရဲ့ မျက်လုံးနှစ်လုံးက ဘာလုပ်လို့ရမှာလဲ၊ ဆိတ်မျက်လုံးတို့ ဖက်မျက်လုံးတို့ဆိုလဲ ပြုတ်စားလို့ကောင်းသေး"

ကိုသန်းဇော်က အရွှန်းဖောက်လိုက်သော်လည်း မောင်နန္ဒက မရယ်မပြုံးဘဲ ခပ်တည်တည်ကြီး လုပ်နေလိုက်သောကြောင့် ကိုသန်းဇော် အနေရခက်သွားလေ၏။

"မနောက်ပါနဲ့ ကိုသန်းဇော်၊ ကျွန်တော်က ရယ်စရာပြောနေတာမဟုတ်ဘူး၊ တကယ့်ကို ရင်ထဲအသည်းထဲက လာတဲ့စကားတွေ ပြောနေတာ အမှန်ပဲဗျ၊ မြသီတာရဲ့ မျက်လုံးကလေးတွေက တို ....ဘယ်လိုပြောမလဲ၊ သောက်ရှုံးကြယ်ညီနောင်လို၊ ဟာဗျာ....ဒီလောက်နဲ့လဲ မလုံလောက်သေးဘူး၊ ဒီထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ မျက်လုံးမျိုးတွေဗျ၊ သူ့မျက်လုံးကို တစ်ခါတိုင်ကြည့်ပြီးရင် တစ်သက်



လုံး မမေ့တော့လောက်အောင် ဆွဲငင်အားကောင်းတဲ့ သဘောရှိတယ်ဗျ"

"မသိပါဘူး မောင်နန္ဒရယ်၊ တို့ကတော့ မဝင်းလို မျက်လုံးရဲ့အဓိပ္ပာယ်လဲ မဖွင့်တတ်ပါဘူး၊ လှတယ်၊ မလှဘူး၊ ပြူးတယ်၊ ကျဉ်းတယ်၊ စွေတယ်၊ စောင်းတယ်၊ ဒီလောက်ပဲ ပြောတတ်တာပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ မြသီတာရဲ့မျက်လုံးလေးတွေကို သဘောကျတယ်၊ နှစ်သက်စွဲလမ်းတယ်ဗျာ၊ ဒါကြောင့်လဲ မြသီတာကို မတွေ့ရရင် မနေနိုင်လောက်အောင်ကို ဖြစ်နေရတာပဲ"

"မျက်လုံးတင်ပဲလား၊ အခုဆိုရင် မျက်နှာကလေးကလဲ လှ၊ ကိုယ်လုံးကလေးကလဲ အစ်ကိုကာလသားများအကြိုက် ရှိုက်ဖိုကြီးငယ်အသွယ်သွယ်နဲ့ တင့်တယ်နေပြီမဟုတ်လား၊ အဲဒါတွေရော မတွေ့ရမနေနိုင် မဖြစ်ဘူးလား"

"မပြောတတ်ဘူးဗျာ၊ ပြောနိုင်တာကတော့ ကျွန်တော် မြသီတာကို စွဲလမ်းနေမိပြီဆိုတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီရောဂါကိုတော့ တော်တော် ကုရခက်လိမ့်မယ်လို့ ထင်တယ်ဆရာလေး၊ ဆေးဆရာကိုယ်တိုင် စွဲကပ်ခံစားနေရတဲ့ ရောဂါဝေဒနာဆိုတော့ ပိုပြီးဆိုးတော့တာပေါ့"

မောင်နန္ဒကပြုံးလျက် ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းခါလိုက်၏။

"ကုရာနတ္ထိဆေးမရှိတဲ့ ရောဂါမဟုတ်ပါဘူး ကိုသန်းဇံရယ်၊ ကြွက်လူး ရွာသူကလေး မြသီတာကုပေးမယ်ဆိုရင် ချက်ချင်း နာလန်ထမှာပါ"

"ငါသိတာကတော့ နာလန်ထခါစလူနာဆိုတာ အစားအသောက် သိမ်မွေ့တာဆိုပဲ၊ ဟဲ...ဟဲ...ဟဲ...ဟဲ"

"ဟာဗျာ ကိုသန်းဇံကလဲ၊ အရှေးထဲ ပေါက်ကရ ပြောနေပြန်ပြီ"

"ဟေ့...ဟေ့၊ အဲဒါက အရေးမကြီးဘူး၊ မင်း မြသီတာကို စွဲလမ်းနေတယ်ဆိုရင်လဲ မြန်မြန်ဖွင့်ပြောနော်၊ တော်ကြာ နောက်ကျနေဦးမယ်"

"အင်း...ဒါလဲ ဟုတ်တာပဲ၊ သူက တစ်ရွာသူဆိုတော့ ခုတောင်မှ သိပ်ပြီး သေချာတာမဟုတ်ဘူး၊ ချစ်သူတွေ



ဘာတွေများ ရှိနေပြီလားတောင်မဆိုနိုင်ပါဘူး၊ ဒါပေမယ့် ခက်တာက"

"ပြော...ဘာခက်နေတာလဲ"

"သူနဲ့ကျွန်တော်က ဆေးဆရာနဲ့လူနာ ဖြစ်နေတယ်ဗျ"

ကိုသန်းဇံက မျက်မှောင်ကြုတ်လိုက်၏။

"ဆေးဆရာနဲ့လူနာ၊ အဲဒါ ဘာဖြစ်သလဲ၊ ဆေးဆရာနဲ့ လူနာမချစ်ရ၊ မကြိုက်ရဘူးလို့ ဘယ်ဥပဒေကပြဋ္ဌာန်းထားသလဲ၊ ဒါမှမဟုတ်ရင်လဲ ဘယ်ဆေးကျမ်းမှာ ဖွင့်ဆိုထားသလဲ"

"ဒီလိုတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမယ့် သူ့အပေါ်ထားတဲ့ စေတနာတွေ၊ ကူညီမှုတွေပေါ်မှာ အခွင့်ကောင်းယူတယ်လို့ထင်ရင် မခက်ဘူးလား"

"ဒါကတော့ မင်းစိတ်ကို မင်းပြန်မေးပေါ့"

"ဘယ်လိုမေးရမှာလဲ"

"မြသီတာကို ဆေးကုပေးတာ၊ အကူအညီပေးနေတာ သူ့ကို ပိုင်ဆိုင်ရယူချင်လို့ လုပ်ပေးနေတာလားဆိုပြီးတော့ မေးပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



"အဲလိုမဟုတ်တာတော့ သေချာပါတယ်၊ ဒါက ဆိုင်မှ မဆိုင်တာပဲဗျ၊ မြသီတာမှာ ချစ်ရမယ့်သူ ရှိပြီးနေရင်လဲ ကျွန်တော်ဆေးကုပေးရမယ့် ကိစ္စက ကုပေးရမှာပဲ၊ အဲဒါ ကြောင့်တော့ မဟုတ်ပါဘူးဗျာ"

"ဘာပဲဖြစ်ဖြစ် မင်းနဲ့မြသီတာတို့ တစ်ရွာစီနေကြတာ ဆိုတော့သိပ်ပြီး အချိန်ဆွဲလို့တော့ မကောင်းဘူးနော် ငါ့ လူ၊ ပြောစရာရှိရင် စောစောက ဖွင့်ပြောထားလိုက်တာ ကောင်းတယ်....

"ဟို....ရှမ်းစကားပုံတစ်ခု မင်းမကြားဖူးဘူးလား"

"ဘာလဲ"

"အလုပ်လုပ်ရာမှာနောက်ကျသူတို့ မိုးမိတတ်တယ်ဆိုတဲ့ စကားပုံပေါ့ကွ၊ မင်း နောက်ကျရင်တော့ မိုးမိမှာသေချာ တယ်၊ အလွှမ်းမိုး အဆွေးမိုးတွေမိရင် တော်တော်နဲ့နာလန် ထူမှာ မဟုတ်ဘူးနော်၊ ဟဲ....ဟဲ....ဟဲ....ဟဲ"

"တောင်ဝှေးလဲရင် ဖိုးသူတော်ထူလို့ရတယ်၊ဖိုးသူတော် လဲရင်တော့ တောင်ဝှေးက ထူနိုင်မှာမဟုတ်ဘူး"

မောင်နန္ဒက တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်း စားရင်း ခေါင်းတညိတ်ညိတ် လုပ်လိုက်သည်။



"အေးဗျာ၊ ကျွန်တော် ကြိုးစားပါမယ်"

"ကြိုးစားပါမယ် လုပ်မနေနဲ့၊ အခုပဲစလိုက်တော့"

ကိုသန်းဇော်က ယတိပြတ် ပြောချလိုက်၏။

မောင်နန္ဒကတော့ ဘာမျှပြန်မပြောဘဲ ကြွက်လူးရွာသို့ ိုက်ပို့မည့် လှည်းသမား ဖိုးအေးရောက်လာသောကြောင့် သီတာအားပေးရမည့် လက်ဆောင်ပစ္စည်းထုပ်ကို သယ် ာ အိမ်ပေါ်မှ ခပ်သုတ်သုတ် ဆင်းသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အမေ့ရဲ့သဘောတာ သမီးရဲ့သဘောပေါ့ပဲ

ရွာစွန်သို့ ရောက်သည်နှင့် မောင်နန္ဒတို့ လှည်းအား လက်တားနေသည့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရာ ဖိုးအေးက....

"ရပ်ပေးလိုက်ရမလား ဆရာ"

ဟု မေးလိုက်၏။

"ရပ်လိုက်ပါ ဖိုးအေးရာ၊ သူ ဘယ်လိုက်ချင်လို့လဲမပြောတတ်ဘူး"

မောင်နန္ဒက ခွင့်ပြုလိုက်သောကြောင့် ဖိုး အေး က နွားများကို တုန့်ဆွဲကာ ရပ်ပေးလိုက်၏။



"ဪ....ငါ ဘယ်သူများမှတ်တယ်၊ ညိုညိုကိုး....ဘယ်သွားမလို့လဲ"

"ကြွက်လူးရွာကိုလေ အစ်ကိုရဲ့၊ အစ်ကိုလဲ ကြွက်လူးရွာဘက်ပဲ မဟုတ်လား"

ညိုညိုက ပြုံးပြုံးရယ်ရယ် မျက်စကလေးချီရင်း ပြောလိုက်၏။

"အေး....ဟုတ်တယ်၊ ငါ ဆေးကုသွားမလို့"

"ကြွက်လူးရွာက လူမမာ တယ်ကြာပါလား အစ်ကိုနန္ဒရဲ့၊ အစ်ကို အဲဒီဘက်ကို သွား သွားနေတာ တော်တော်ကြာပြီနော်"

ညိုညိုက လှည်းနောက်မြီးမှ ခုန်တက်လိုက်ရင်းက ပြောလိုက်၏။

ညိုညို့ စကားကြောင့် မောင်နန္ဒမှာ မလုံမလဲဖြစ်သွားမိကာ....

"အေးဟာ"

ဟူသာ ပြီးစလွယ် ပြောလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ညိုညို သိထားတာကတော့ အစ်ကိုနဲ့ လက်ခံပြီး ကုပေးတဲ့လူနာဆိုရင် တစ်ပတ်အတွင်း ပျောက်သွားကြတာ ချည်းပဲ မဟုတ်လား၊ အခု ကြွက်လူးရွာက လူနာကျမှ လနဲ့ချီပြီး ကုနေရတယ်ဆိုတော့ ဆန်းတယ်နော်"

"အရေးကြီးလို့ပါ ဟာ"

"အရေးကြီးလို့ ဟုတ်လား"

"အင်း...."

"ဩော်...လူနာက တော်တော် အရေးကြီးပုံရတယ် နော်၊ ဝယ်သွားတဲ့ ဓာတ်စာပစ္စည်းတွေကလဲ အများကြီးပဲ"

ညိုညိုက တောင်းငယ်ကလေးထဲထည့်ထားသည့်ကြွဲကောသီး၊ ငှက်ပျောသီး၊ နာနတ်သီး စသည့် ပစ္စည်းများကို ကြည့်ရင်း ပြောလိုက်၏။

ထိုအတွင်း နွားလှည်းသည် ဆင်ခြေလျှောတစ်ခုအနီးသို့ ရောက်လာသောကြောင့် ဖြည်းဖြည်းချင်း နွားများကို ချော့မော့၍ ဆင်းရလေ၏။

ထိုအခါ ညိုညိုသည် လှည်းနံရံကို လက်ဖြင့်တင်းတင်း ဆုပ်ကိုင်ရင်း မအော်တဆ လိုလို၊ တမင် လိုလို ဖြင့် မောင်နန္ဒနားသို့ တိုးကပ်၍သွားလေ၏။



ထိုအခါ ညိုညို့ထံမှ ရှင်မတောင်သနပ်ခါးနံ့ သင်း ပျံ့ရနံ့တို့သည် မောင်နန္ဒနာစသို့ လာချူကာ အနေရ ထိုင်ရခက်လျက် လှည်းဦးဘက်ဆီ အနည်းငယ် တိုးထိုင် လိုက်မိလေ၏။

"ဒါပဲနော် အစ်ကို၊ အစ်ကိုတို့ ကြွက်လူးရွာက အပြန် ကျရင်လဲ ညိုညို့ကိုစောင့်ပြီး ခေါ်ရမယ် သိလား"

"အေးပါဟယ်၊ ဒါနဲ့ နင်က ဘယ်သူ့အိမ်ကို သွား မှာလဲ"

"ရွာတောင်နားက၊ မရွှေဂျင်းတို့ အိမ်မှာ ရှိနေမှာ ဖိုးအေးကြီးသိပါတယ် အစ်ကိုရယ်၊ သိတယ်မဟုတ်လား ဖိုးအေး"

"အေး...."

ကိုဖိုးအေးကား ဖိုးအေးဆိုသည့် အမည်နာမနှင့် လိုက် ဖက်စွာပင် ခပ်အေးအေး နေတတ်သူဖြစ်သည်။ စကား ည်းနည်း၍ လေးလုံးကွဲအောင်မပြောတတ်။

ယခုလည်း ညိုညိုပြောသည်ကို 'အေး' တစ်လုံးတည်း ကို ယတိပြတ် ဖိတ်၍ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရွာတောင်ဘက်မှာဆိုတော့ အဲဒီ မရွှေဂျင်းတို့ အိမ်ဘက်ကိုပဲ အရင် မောင်းပေးလိုက် ဖိုးအေးရယ်၊ တို့က နောက်မှ ဆက်သွားကြတာပေါ့"

"ဟုတ်ကဲ့ဆရာ"

"အစ်ကိုက လူနာအိမ်မှာ နည်းနည်းကြာမယ် မဟုတ်လား"

ညိုညိုက မေးခွန်းထုတ်လိုက်ပြန်၏။

"ဆိုပါတော့"

"ကြာချင်သလောက် ကြာကြာနေလေ အစ်ကို"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာတဲ့ အစ်ကိုရဲ့၊ ညိုညိုက မရွှေဂျင်းတို့နဲ့ စကားစမြည် အေးအေးလူလူ ပြောဆိုရတာပေါ့"

"သိပ်ကြာလို့တော့ မဖြစ်ဘူးထင်တယ်"

"ဘာလို့လဲ အစ်ကို"

"မိုးချုပ်သွားမှာပေါ့"

"အမယ်လေး၊ မိုးချုပ်လဲ အရေးမဟုတ်ပါဘူး အစ်ကိုရာ၊ လသာနေမှာပဲ ဥစ္စာ၊ ဪ....ဒါနဲ့ အစ်ကို့ကို မေးရဦးမယ်"



"ဘာလဲ....မေး"

"ဪ.... အခုတလော ညိုညိုတို့ဘက်အပိုင်း အစ်ကို မရောက်လာတာ ကြာလို့ပါ"

"ဪ.... ဆေးဆရာပဲ ညိုညိုရယ်၊ လူနာရှိတဲ့အရပ်ကိုပဲ သွားရမှာပေါ့၊ ခုတလော ညိုညိုတို့ဘက်မှာ ဖျားတဲ့ လူနာ မရှိလို့ပေါ့ဟယ်"

"မသိပါဘူး၊ ဟိုတလောက ညိုညို နောက်လိုက်တာကို အစ်ကိုများ စိတ်ဆိုးသွားသလားလို့"

"ဘာကိုလဲ"

"ဪ.... အစ်ကို့အတွက် ဇက်ပျောတုံးကြီးကြီး ရှာထားလိုက်ရမလားလို့ စ,လိုက်မိတာလေ"

"ဪ.... ဒါလား၊ ငါဖြင့် ညည်းပြောတာ ခေါင်းထဲ ရောက်ပါဘူး၊ ကိုယ်ဆေးကုရမယ့် လူနာတွေအကြောင်း စဉ်းစားနေတာနဲ့ တော်ရုံ အကြောင်းကိစ္စကို အာရုံမစိုက်နိုင်ပါဘူး"

ညိုညိုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ၊ ညိုညို့ စကားကိုတော့ ခေါင်းထဲ တယ်ထည့်မလဲ၊ အစ်ကို့မှာ ခေါင်းထဲထည့်ရမယ့်သူ ရှိနေပြီ မဟုတ်လား"

ညိုညိုက အစ်အောက်သည့် အနေဖြင့် မေးမြန်းလိုက်ခြင်း ဖြစ်သော်လည်း မောင်နန္ဒကမူ မလုံအိုးမို့ တုတ်မိုရှုံမြင် ပွင့်ချင်လေသည်။

"ပြောလေ အစ်ကို၊ ခေါင်းထဲထည့်ရမယ့်သူတွေ ဘာတွေ ရှိနေပြီလားလို့"

"ဒီကောင်မလေး တောက်တီးတောက်တဲ့တွေ လာပြောနေပြန်ပြီ"

"ရှိရင်ရှိတယ်ပေါ့ အစ်ကိုရာ"

"ကဲ.... ကဲ ညိုညို၊ မရွှေဂျင်းတို့အိမ် ရောက်ပြီ"

ဖိုးအေးက စကားကောင်းနေသည့် ညိုညိုကို လှမ်းပြောလိုက်မှ....

"အေ့ာ်... ဟုတ်သားပဲ"

ဟု ဆိုကာ စကားဖြတ်လိုက်ပြီး လှည်းပေါ်မှ ခုန်ဆင်းလိုက်လေ၏။



"အပြန်ကျရင် သေသေချာချာ လာခေါ်နော် အစ်ကို"

"အင်းပါ"

"ကိုဖိုးအေးကြီးလဲ မမေ့မသွားနဲ့"

"အေး.... နင့်ကိုတော့လား၊ ချန်ကိုထားပစ်ခဲ့မယ်"

"အင်း.... ချန်ထားရဲ ထားကြည့်ပါလား၊ ကိုဖိုးအေးရဲ့ မယားကြီး ဒေါ်ဒေါ်ချစ် ပစ်သွားအောင်ကို ရန်တိုက်ပေးလိုက်ဦးမယ်"

"မရသေးဘူး၊ တဲ့နွား"

ဖိုးအေးက ပြောစရာဆိုဆို နွားလှည်းကို ဆက်၍မောင်းထွက်လာခဲ့၏။

ညိုညိုသည် မောင်နန္ဒအား လက်ကလေးပြကာ လျှာတစ်လစ်ဖြင့် လုပ်ရင်း မရွှေဂျင်းတို့ ခြံဝင်းထဲသို့ ကဆုန်ပေါက်၍ ပြေးဝင်သွားခဲ့၏။

"ညိုညိုက တကယ့်ကို ကလေးလေးကျနေတာပဲ"

မောင်နန္ဒက ခပ်လှမ်းလှမ်း ရောက်သောအခါ ရေရွတ်ချက်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်တယ်၊ ညိုညိုက ကလေးလေးကျနေတာပဲ၊ ဟုတ်လား ဆရာ”

“အင်းလေ၊ မဟုတ်လို့လား”

“ဟုတ်ပါတယ်ဗျာ၊ အဲဒီ ကလေးလေးက ဆရာ့ကို ရိုတိုတို ချိတ်တိုက်တိုက်၊ ဖြစ်နေတာကို ဆရာမသိဘူးမဟုတ်လား”

“တစ်ရွာတည်းသားတွေ ဆိုတော့ ခင်လို့မင်လို့ ဖြစ်ပါလိမ့်မယ်ဗျာ”

ဖိုးအေးက အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။

“တို့ဆရာ နန္ဒတို့ ရိုးချက်ကတော့ တအားပဲကိုး၊ ခင်တာမင်တာ သက်သက်က ပုံစံတစ်မျိုး၊ အခု ဆရာ့ကို ညိုညို ဆက်ဆံနေတဲ့ပုံစံက တစ်မျိုးပဲ ဆရာရဲ့”

“မသိပါဘူးဗျာ၊ ကျွန်တော်တော့ မတွေးမိပါဘူး၊ ဒီနေရာကျတော့ ကိုဖိုးအေးတောင်မှ မအေးပါလားဗျ ဟင်”

“ဖိုးအေးက မအေးမိလို့ ကလေးတောင် တစ်ဒါဇင် မြည်းတော့မယ် ဆရာကလဲ၊ ဟဲ ဟဲ ဟဲ”



ဖိုးအေး၏ စကားကြောင့် မောင်နန္ဒ ပြုံးလိုက်မိလေ၏။

ဤသို့ ပြောရင်းဆိုရင်းနှင့်ပင် မြသီတာတို့ အိမ်ရှေ့သို့ ရောက်လာကြလေတော့၏။

မောင်နန္ဒက မြသီတာထံသို့ သွားနေချိန် ဖိုးအေးသည် နွားများကို လှည်းမှဖြုတ်ထားရင်း မန်ကျည်းပင်ရိပ်၌ လှန်ထားလေ၏။ ပြီးနောက် ဦးဖေခင်ရှိရာ ကွပ်ပျစ် ရေနွေးကြမ်းဝိုင်းသို့ ဖိုးအေး လျှောက်သွားလိုက်၏။

မောင်နန္ဒကတော့ ဦးဖေခင်အား နှုတ်ဆက်လိုက်ပြီး အိမ်ပေါ်သို့ တန်းတက်သွားလေ၏။ အိမ်ပေါ်တွင် ရေမိုးချိုး၊ သနပ်ခါးလူးပြီး အသင့်စောင့်ဆိုင်းနေသော မြသီတာကို တွေ့ရလေ၏။

“သိပ်ပြီး လှနေပါလား မြသီတာ”

“ဆရာ့ရဲ့ ကျေးဇူးကြောင့် သေမင်းပြည်ကိုမရောက်ဘဲ လှနိုင်ပနိုင်တာပါ ဆရာရယ်”

မြသီတာက ချစ်စဖွယ်ပြုံးရင်း တုံ့ပြန်စကားပြောလိုက်လေရာ မောင်နန္ဒရင်တွင် ကြည်နူးကျေနပ်သွားမိလေ၏။

“ကြည့်ပါဦး ဆရာ၊ ဘာတွေဝယ်လာပြန်ပြီလဲ”

www.burmeseclassic.com

www.burmeseclassic.com



“ထုံးစံအတိုင်း မြသီတာဖို့ ခါတ်စာတွေနဲ့ အဝတ်အထည်လေး နည်းနည်းပါ”

“ခါတ်စာ ဝယ်လာတာတော့ ဆရာ့ စကားကြောင့် မပြောဝံ့တော့ပါဘူး ဆရာရယ်၊ ဒါပေမယ့် ဘာဖြစ်လို့ အင်္ကျီအဝတ်အစားတွေ ဝယ်လာခဲ့ရတာလဲ”

မောင်နန္ဒက အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။

“မြသီတာ စိတ်ချေချင်လို့ပေါ့”

“ကျွန်မမှာ ဆရာ့ကို ဆပ်ဖရာကျေးဇူးတွေ တစ်ပုံတစ်ပင် မနည်းမနောကြီး ဖြစ်နေပါပြီ ဆရာရယ်”

“ဒါကြောင့် ဒီနေ့တော့ အဲဒီ ကျေးဇူးတွေကို ဆပ်ခိုင်းတော့မလားလို့”

“ရှင်....”

မြသီတာက မောင်နန္ဒ၏ စကားကို နားမလည်နိုင်လောက်အောင် အံ့သြသွားမိ၏။

“ဆရာ ဘာကိုဆိုလိုတာလဲ ဆရာ”

“မြသီတာက ကျေးဇူးဆပ်ချင်နေတယ် မဟုတ်လား”

“အင်းလေ”

“ဒါကြောင့် ကျေးဇူးဆပ်ခိုင်းရမယ်လို့ ပြောတာပါ”



“မြသီတာ နားမလည်ဘူး ဆရာ”

မြသီတာက အမှန်တကယ် ဘာမျှ နားမလည်သည့် ကလေးငယ် တစ်ယောက်ကဲ့သို့ မောင်နန္ဒကို ငေးကြည့်လိုက်ရာ မောင်နန္ဒနှင့် အကြည့်ချင်း ဆုံသွားမိလေ၏။

ထုံးစံအတိုင်း စူးရှ တောက်ပလက်သည့် ညို့ငင်အား ကောင်းလှသောကြောင့် မြသီတာ၏ မျက်လုံးများနှင့် ရင်ဆိုင်ရသောအခါ မောင်နန္ဒသည် ရင်ခုန်ရပြန်လေတော့၏။

“ပြောလေဆရာ....ဘာကို ဆိုလိုတာလဲ”

မောင်နန္ဒက တစ်ချက် တွေခနဲ စဉ်းစားလိုက်ရင်း နောက်ဆုံးတွင် ကြိုးစား၍ ဖွင့်ဟလိုက်လေ၏။

“မြသီတာကို ဆရာလက်ထပ်ချင်တယ်”

“ရှင်....”

မြသီတာ ဒုတိယအကြိမ် ‘ရှင်....’ လိုက်မိ၏။

“ဆရာ ပြောလိုက်တာကို မြသီတာ မကြားလိုက်ခဲ့ဘူး ထင်တယ်”

“ကြား....ကြား....ကြားပါတယ်ဆရာ”

“ကြားရင် အဲဒီ စကားတွေအတွက် မြသီတာ ဘယ်လို သဘောထားမလဲ”

www.burmeseclassic.com

www.burmeseclassic.com



မြသီတာ ရှက်စနိုး အမူအရာဖြင့် ခေါင်းကလေး ငုံ့ထားလေ၏။

"ပြောလေ...မြသီတာ၊ ဆရာပြောတာ ဘယ်လိုလဲ"

"မြသီတာရဲ့ သဘောက အဖေ့ရဲ့သဘောပါပဲ ဆရာရယ်၊ ဆရာ့ကို အဖေက သဘောတူတယ်ဆိုရင် မြသီတာ မငြင်းပါဘူး"

မောင်နန္ဒရှင်ထဲမှာ ကျေနပ်သွားမိ၏။

"ဝမ်းသာပါတယ် မြသီတာရယ်"

★

အခန်း (၁၀)

စိတ်တူး ဖဲရိုက်သူများ

"ဘာဖြစ်တယ် မရွှေဂျင်း၊ အစ်ကိုနန္ဒက မြသီတာနဲ့ ဖြစ်နေပြီဟုတ်လား"

ကြွက်လူးရွာသူ သူငယ်ချင်းဖြစ်သော မရွှေဂျင်း ပြောလိုက်သည့်စကားကြောင့် ညိုညိုတစ်ယောက် ထိတ်ထိတ်ပျာပျာဖြစ်သွားမိ၏။

"ဖြစ်နေပြီရယ်လို့တော့ တိတိကျကျ သိရသေးတာတော့ မဟုတ်ပါဘူး ညိုညိုရယ်၊ ဒါပေမယ့် ဖြစ်ဖို့အောင့် သေချာနေတယ်"

မရွှေဂျင်းက ထပ်မံ၍ ရှင်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ညိုညိုသည် ကြက်ကြီး လည်လိမ်ထား သကဲ့သို့ဖြစ်သွားပြီး မျက်နှာမှာလည်း ပြိုကျတော့မည့် မိုး ကဲ့သို့ ညိုမှောင်သွားလေ၏။

"ညိုညို ဘာဖြစ်သွားတာလဲဟင်"

သူငယ်ချင်းဖြစ်သူ ရုတ်တရက် မျက်စိမျက်နှာ ပျက်သွား သောကြောင့် မရွှေဂျင်းမှာ တအံ့တသြဖြင့် မေးခွန်းထုတ် လိုက်၏။

"ဘာမှမဖြစ်ပါဘူးဟယ်"

"နင်ကသာ ဘာမှမဖြစ်ပါဘူးသာဆိုတယ် နင့်ကို ကြည့် ရတာ ချက်ချင်းကြီးကို မျက်နှာပျက်သွားလိုက်တာဟယ်၊ အသွားအိုကြီးရုပ် ပေါက်သွားတာပဲ၊ ပြောစမ်း ငါ့ကို မှန်မှန်"

"ဘာကိုလဲ"

"နင်....နင်တို့ရွာက ဆရာလေးကိုနန္ဒကို ကြိုက်နေတယ် မဟုတ်လား"

ညိုညိုက ပြန်မဖြေဘဲ မျက်စိမျက်နှာ ပျက်မြဲပျက်နေ လေ၏။



"ငါမေးနေတာဖြေလေ ညိုညို၊ ငါ့ကိုရှက်မနေစမ်းပါ နဲ့ သူငယ်ချင်းရယ်၊ အမှန်အတိုင်းပေါ့"

"အမှန်အတိုင်း ပြောရမယ် ဆိုရင်တော့ နင်ထင်တဲ့ အတိုင်းပါပဲ မရွှေဂျင်း၊ ငါ ဆရာလေးကိုနန္ဒကို ကြိုက် နေတယ်၊ အို...ကြိုက်တာ ခုမှကြိုက်တာမဟုတ်ဘူး မရွှေ ဂျင်း၊ ငါအုပ်လုံးသိမ်းစအရွယ် ဆရာလေး ကိုနန္ဒ ဆေး ဆရာမဖြစ်ခင် ကာလကတည်းက ငါသူ့ကိုကြိုက်နေမိတာ၊ ခုလို ဒီရွာက မြသီတာနဲ့ နီးစပ်နေတယ်ဆိုတဲ့ သတင်းကို ငါကြားလိုက်ရတော့ တကယ့်ကို ငါ့အသည်း ကျွဲဝင်ခတ် သလို ခံစားရတယ် ရွှေဂျင်းရယ်"

ညိုညို့အသံတွေက သိသိသာသာကြီး တုန်ယင်လို့နေ သည်။ ပြီးနောက် မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်း လျက်ရှိသည်။ ညိုညိုက မျက်ရည်များ ကျမလာစေရန် ကြိုးစားဆယ်ယူနေစဉ်မှာပင် ထိန်းမရတော့ဘဲ မျက်ရည် စီးကြောင်းနှစ်ခုက ပါးပြင်ပေါ်တွင် လိမ့်စီးကျရောက်လာ ကြ၏။

"ဟင်....နင်....နင် ငိုနေတယ်ဟုတ်လား ညိုညို၊ အေး လေ၊ ဒီလိုအပြိုင်အဆိုင်ဖြစ်လာမှတော့ နင့်ရင်ထဲမှာလဲ ခေါ်

www.burmeseclassic.com



တင်ကဲ ခံစားရတော့မှာပေါ့လေ၊ ဒီအတွက် ငါကိုယ်ချင်းစာပါတယ် ညိုညိုရယ်”

မရွှေဂျင်းက ထိုကဲ့သို့ ပြောလိုက်သောအခါတွင် ညိုညို့ခမျာ ငိုချင်လျက်လက်တို့ ဆိုသကဲ့သို့ဖြစ်သွားပြီးနောက် ကြုံကြုံပါအောင်ငိုကြွေးလေတော့၏။

မရွှေဂျင်းက သူငယ်ချင်းဖြစ်သူကို သနားသွားမိပြီး ပါးပြင်ပေါ်မှ မျက်ရည်များကို သုတ်ဖယ်ပေးလိုက်လေ၏။

“ငိုမနေပါနဲ့ ညိုညိုရယ်၊ ငါနင့်အတွက် ကြံစမ်းပါဦးမယ်၊ ကြည့်ရတာ ဆရာလေး ကိုနန္ဒက မြသီတာကို ကြိုက်နေတယ်ဆိုပေမယ့် ဖွင့်ပြောရဦးမယ် မထင်ပါဘူး၊ ဒါပေမယ့်”

“ဒါပေမယ့် ဘာဖြစ်သလဲ မရွှေဂျင်း”

“ဪ…တို့ရွာကို ဆရာလေးက ချောင်းပေါက်အောင်လာနေတာတော့ သေချာတယ်၊ ပြီးတော့…”

“ပြီးတော့ ဘာဖြစ်သလဲ ရွှေဂျင်း”

ညိုညိုက ဆန္ဒစောစွာဖြင့် ကြားဖြတ် မေးလိုက်ပြန်သည်။



“ပြီးတော့ ဆရာလေးကိုနန္ဒက မြသီတာအတွက် စားစရာ ဓာတ်စာတွေ အမြဲယူယူလာတယ်၊ အဝတ်အစားတွေတောင် ပါပါလာတယ်ဆိုပဲ”

ညိုညို မျက်နှာပိုပျက်သွားလေ၏။

“ငါ…ငါ ဘာလုပ်ရမလဲ ရွှေဂျင်းရယ်၊ ငါ့ကို အကြံဉာဏ်လေးဘာလေး ပေးစမ်းပါဦး”

ညိုညိုက သူငယ်ချင်း မရွှေဂျင်းအား အားကိုးတကြီး ကြည့်ရင်းက ပြောလိုက်၏။ မရွှေဂျင်းကလည်း ခေါင်းတညိတ်ညိတ်လုပ်ကာ တစ်စုံတစ်ရာကို သေသေချာချာ စဉ်းစားနေလိုက်၏။

မရွှေဂျင်းစဉ်းစားနေသည်ကို ညိုညိုက စိတ်အားထက်သန်စွာဖြင့် စောင့်ဆိုင်းနေရလေ၏။

“ငါ အကြံတော့ရပြီ ညိုညို”

အကြံရပြီဆိုသောစကားကို ကြားရသော ညိုညို့ရင်ထဲတွင် ထီသိန်းတစ်ရာဆုကြီး ပေါက်သကဲ့သို့ ခံစားသွားရလေ၏။

“ဘယ်လိုအကြံမျိုးလဲ မရွှေဂျင်း”

www.burmeseclassic.com

www.burmeseclassic.com



"ငါရတဲ့အကြံကို နှင်လက်ခံနိုင်ပါ့မလား"

မရွှေဂျင်းက တွေးတွေးဆဆ ပြောသည်။

"ဘာဖြစ်လို့လက်မခံနိုင်ရမှာလဲ ရွှေဂျင်းရဲ့၊ အစ်ကိုနန္ဒနဲ့သာ နီးစပ်ရမယ်ဆိုရင် ငါဘာဖြစ်ဖြစ်လုပ်ရဲတယ်၊ နောက်ဆုံး လူသတ်ရဦးမလား"

"ဟိုး....ဟိုး....ဟိုး၊ တိုးတိုးပြောစမ်းပါ ညိုညိုရယ်၊ ယောကျ်ားတစ်ယောက်အချစ်ကို ရယူဖို့အတွက် လူသတ်ရလောက်အောင်အထိတော့ မခက်လှပါဘူး ညိုညိုရယ်၊ အဲ....တစ်ခုတော့ရှိတယ်"

"ပြော....ဘာလဲ"

ညိုညို အားတက်သရောဖြင့် မေးလိုက်၏။ ငိုချင်စိတ်တွေ ပျောက်ကွယ်သွားပြီး ဆရာလေးမောင်နန္ဒကို ရယူပိုင်ဆိုင်လိုစိတ်တွေသာ ဖိစီးလျက်ရှိလေ၏။

"တစ်ခုတော့ ရှိတယ်ဆိုတာက တခြားမဟုတ်ဘူးညိုညို၊ နင်သတ္တိရှိရမယ်"

"ငါပြောပြီးပါရောလား ရွှေဂျင်းရယ်၊ လိုအပ်ရင် လူတောင်သတ်ရဲပါတယ်လို့"



မရွှေဂျင်း ခေါင်းကို ခါယမ်းလိုက်၏။

"ဒီမှာညိုညို၊ မိန်းမမာယာ သဲကိုးဖြာဆိုတဲ့စကားကို ကြားဖူးတယ်မဟုတ်လား"

"ကြားဖူးသားပဲ"

"အေး....အဲဒီမိန်းမမာယာနဲ့ ညည်းရဲ့ဆရာလေးကိုနန္ဒကို ဖြားယောင်းယူရမှာပဲ"

"ဖြစ်ပါ့မလား ရွှေဂျင်းရယ်"

"ဘာဖြစ်လို့မဖြစ်ရမှာလဲဟဲ့၊ နင့်ဆရာလေးက ဘာသားနဲ့ ထုထားတာမှတ်လို့"

"အစ်ကိုနန္ဒက ရိုးတယ်၊ အေးတယ်ဟဲ့"

"အဲဒီ ရိုးတဲ့အေးတဲ့အပေါ်မှာ အခွင့်အရေးယူရမှာပဲ၊ ရိုးလို့အေးလို့လဲ နင့်ကို မာယာနဲ့ ဆွဲဆောင်ယူခိုင်းရတာပဲ ညိုညို၊ တစ်ခုတော့ရှိတယ်၊ အဲဒီလိုလုပ်တဲ့အခါမှာ ပီရိဖို့ အမူအရာကောင်းဖို့တော့လိုတယ်"

"ဘာတွေလဲဟယ်"

"ပြောမယ်လေ....မလောပါနဲ့၊ ဒီမှာ ညိုညို"

www.burmeseclassic.com

www.burmeseclassic.com



"အင်း....ပြော"

"ဆရာလေးကိုနန္ဒနဲ့ တို့ရွာက မြသီတာ နီးစပ်တယ်ဆိုတာက ဆရာနဲ့လူနာဆိုတဲ့ အခြေအနေကြောင့် နီးစပ်သွားတာ မဟုတ်လား"

ညိုညိုက ခေါင်းတညိတ်ညိတ်လုပ်၏။

"ကောင်မ ခေါင်းချည်းပဲ ငွတ်ညိတ်မနေနဲ့၊ ငါပြောတာ ဟုတ်သလား၊ မဟုတ်ဘူးလား ပြော"

"ဟုတ်တယ်ဟာ၊ ဟုတ်တယ် ကဲ"

"အေး....အဲဒီလို နီးစပ်မှုမျိုးရအောင် နင်က လူနာအတု လုပ်ရမယ်"

"လူနာအတု ဟုတ်လား"

"ဟုတ်တယ်ညိုညို၊ ဒါမှ ဆေးဆရာနဲ့ အမြန်ဆုံးနီးစပ်နိုင်မယ်၊ အဲ....တစ်ခုတော့ရှိတယ်၊ လူနာက လူနာအတုဆိုတော့ လူနာဟန်ဆောင်ပြီး မာယာနဲ့သိမ်းသွင်းယူရမှာ"

"ဖြစ်ပါ့မလား ရွှေဂျင်းရယ်"

"နင်ကလဲ စစ်မရောက်ခင် မြားကုန်ချင်နေပြန်ပါပြီ၊ ငါပြောတဲ့ အစီအစဉ်အတိုင်းသာလုပ်၊ ဒီမှာ ညိုညို"



မရွှေဂျင်းက ပြောရင်းဆိုရင်း လေသံကို တိုးညင်းစွာပြောရင်း ညိုညို၏နှစ်နားသို့ ထပ်၍နှစ်ကိုယ်ကြားစကားဆိုလိုက်သည်။

ညိုညိုကလည်း မရွှေဂျင်းပြောသမျှ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရှာ၏။

တစ်အောင့်လောက်အချိန်အတွင်း မရွှေဂျင်းကလိပ်ပတ်လည်အောင် ပြောလိုက်လေရာ ညိုညိုသတောပေါက်သွားပြီး မျက်နှာကလေးမှာ စိုးရိမ်စိတ်၊ မဝံ့မရဲစိတ်တို့ဖြင့် ရောထွေးခံစားနေရကြောင်း သိသာလေ၏။

"ငါပြောတဲ့အတိုင်း ကောင်းတယ်မဟုတ်လား ညိုညို"

"အင်း....ကောင်း....ကောင်းပါတယ်"

"ကောင်းပါတယ်လုပ်မနေနဲ့ ညိုညို၊ ဒီအကြံက ညည်းအတွက်အကောင်းဆုံးပဲ၊ ဒီလိုမှမဟုတ်ရင်တော့ နင့်ရဲ့အစ်ကိုနန္ဒရင်ခွင်ထဲကို တို့ရွာကမြသီတာ ရောက်သွားလိမ့်မယ် နားလည်လား"

ညိုညိုခမျာ ယောင်ယမ်း၍ ခေါင်းကလေးညိတ်လိုက်မိရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်၏ပြောစကားများသည် နှစ်ကိုယ်ကြား တိုးတိုးစကားများဖြစ်သော်လည်း ညိုညိုခမျာ မလုံမလဲ ဖြစ်နေရှာလေ၏။

မောင်နန္ဒသည်လည်း မြသီတာတို့အိမ်တွင် ပြောစရာ ဆိုစရာစကားများကို ပြောဆိုခဲ့ပြီးသည့်နောက် ညိုညိုဝင် လည်နေသည့် မရွှေဂျင်းတို့အိမ်သို့ လှည်းဖြင့်ဝင်ခေါ် လေ၏။

"ညိုညိုရေ...ဟော့...ညိုညို"

လှည်းသမားဖိုးအေးက လှည်းကို အိမ်ရှေ့တွင် ရပ်လိုက် ပြီးနောက် အိမ်စင်းတွင်းသို့ လှမ်းအော်လိုက်၏။

"အာပြဲအာလန်ကြီးနဲ့ အော်မနေပါနဲ့ ကိုဖိုးအေးရဲ့၊ လာပါပြီတော်"

ညိုညိုကလှမ်းပြောရင်း မရွှေဂျင်းတို့အိမ်ပေါ်မှ အပြေး တစ်ပိုင်းလေး ဆင်းလာလေ၏။

မရွှေဂျင်းကလည်း အိမ်ဝင်းဝအထိ လိုက်ပို့ပြီးနောက် လှည်းရဲတိုင်ကို ကိုင်ထားလျက်....

"ငါပြောတာတွေ မမေ့နဲ့နော် ညိုညို၊ ဖြစ်အောင်လဲ လုပ်"



မရွှေဂျင်းက ခပ်တည်တည်ဖြင့် ပြောလိုက်ရာ ညိုညို့ ရင်ထဲတွင် ဒိန်းခနဲ ခုန်လှုပ်သွားလျက် မောင်နန္ဒ၏မျက်နှာ ကို ကွက်ခနဲ လှမ်းကြည့်မိလေ၏။

ဘာမျှမသိရှာသော မောင်နန္ဒသည်ကား သူ့အတွေးနှင့် သူ ပျော်ရွှင်လျက်ရှိလေ၏။

မကြာခင် ရက်အတောအတွင်းဝယ် မောင်နန္ဒသည် သလွန်ဖြူရွာမှ လူကြီးများကို ခေါ်ငင် ဖိတ်ကြားကာ ကြွက်လူးရွာရှိ ဦးဖေခင်ထံတွင် သမီးတောင်း လာကြရ မည်။

တောင်းရမ်းပြောဆိုပြီး မကြာခင်မှာပင် မြသီတာလေး ကိုတင့်တောင်းတင့်တယ် မင်္ဂလာဆောင်ယူမည်။ ကြွက်လူး ရွာမှ သလွန်ဖြူရွာကလေးသို့ လှည်းယဉ်ကလေးဖြင့် တင် ဆောင် ခေါ်ငင်သွားမည်။

ယခုလို တခေါင်ခေါင်တခင်ခင်ဖြင့် ခလောက်သံတွေညံ၊ ဆီနှင့်မတွေ့ရသည်မှာ ကြာပြီဖြစ်၍ တကျွီကျွီ မြည်နေသည့် ဝင်ရိုးသံများမဟုတ်ဘဲ လွန်စွာ သာယာသည့် မြွေချလေး များ ဆွဲယားသည့် လှည်းယဉ်ကြော့ကလေးပေါ်တွင် ချစ်သူ မြသီတာကလေးကို တင်ဆောင်လျက် ခေါ်သွားရမည်

www.burmeseclassic.com



မင်္ဂလာရက်သည် မည်မျှ ပျော်ရွှင်ဖွယ် ကောင်းလိမ့်မည်နည်း။

"လူနာက သက်သာရဲ့လား အစ်ကို"

ညိုညိုက အတွေးရေယာဉ်ကြောတွင် မျောချင်တိုင်း မျောနေသည့် မောင်နန္ဒကို လှမ်းမေးလိုက်၏။

မောင်နန္ဒက ဘာမျှမကြားဘဲ သူ့အတွေးကိုသာ ဆက်တွေးနေမိ၏။

"အစ်ကိုနန္ဒ"

"ဟေ...."

ညိုညိုက စိတ်ပေါက်ပေါက်ရှိသည်နှင့် မောင်နန္ဒကို ပေါက်ဆတ်ဆတ်ခေါ်လိုက်လေရာ မောင်နန္ဒလည်း စိတ်ကူးအိပ်မက်မှ လန့်ဖျပ်နိုးသွားကာ 'ဟေ....'ခနဲ ရေရွတ်လိုက်မိသည်။

"ဪ....ညိုညို၊ ဘာလဲ"

"တကတဲတော်....ပြောမပြောချင်ပါဘူး၊ ထိုင်လျက်ကြီး လှည်းပေါ်မှာ အိပ်ပျော်နေသလားမှတ်ရတယ်"

"စဉ်းစားနေလို့ပါဟာ"



"ဘာတွေ ဒီလောက်တောင် အရေးတကြီး စဉ်းစားနေရတာလဲ၊ အနားနားကပ်ပြီး ခေါ်တာတောင် ခေါ်မကြား အော်မကြားနဲ့"

"ဘာရယ်လို့ မဟုတ်ပါဘူး၊ တောအကြောင်း တောင်အကြောင်းပေါ့၊ ပြော....နင် ဘာပြောမလို့လဲ"

"ဪ....ဘာမှ မဟုတ်ပါဘူး၊ အစ်ကိုနန္ဒ ဆေးသွားကုတဲ့ လူနာက တော်တော် အခြေအနေဆိုးသလား၊ ပြန်ကောင်းဖို့ မျှော်လင့်ချက်တော့ ရှိသေးရဲ့လား"

ညိုညိုက တမင် အရိပ်အကဲသိချင်၍ မေးချလိုက်ခြင်းဖြစ်၏။

ညိုညို့စကားကြောင့် မောင်နန္ဒ မျက်နှာကွက်ခနဲပျက်သွားသလို ရှိသော်လည်း ချက်ချင်းပင် ကွန္ဒြေဆည်လိုက်ကာ....

"တော်တော်သက်သာသွားပါပြီ"

"တော်တော် သက်သာသွားတာတောင် အစ်ကိုနန္ဒကိုယ်တိုင် လာနေရသေးတယ်ဆိုတော့ လူနာက ဘယ်သူလဲ၊ ဆွေမျိုးတော်လို့လား"

"ဆွေမျိုးတော်တယ်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီလိုပဲလေ ညိုညိုရဲ့၊ ရောဂါဆိုတာ အကင်းသေအောင် ကုပေးရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"လူနာက အဘိုးကြီးလား၊ အဘွားကြီးလား"

"ဟင့်အင်း...မိန်းကလေး တစ်ယောက်ပါ ညိုညိုရယ်၊ နင်တို့အရွယ်လောက်ပဲရှိတယ်"

"နာမည်က ဘယ်သူတဲ့လဲ"

"တယ်လဲ စပ်စုပါလား ညိုညိုရယ်၊ ဘာလုပ်မလို့လဲ၊ မြသီတာတဲ့၊ ကဲ...."

"ဩော်...မြသီတာတဲ့လား၊ နာမည်လေးက လှသလို လူကလေးကလဲ သိပ်ပြီးလှမှာပဲနော်"

မောင်နန္ဒက ဘာမျှပြန်မပြောဘဲ လှည်းနောက်ဘက်ရှိ တောတန်းကလေးဆီသို့ ငေးကြည့် လိုက်ပါလာသည်။

"ဟုတ်တယ်မဟုတ်လား အစ်ကို"

ညိုညိုက ရပ်တန်းက မရပ်ဘဲ ဆက်မေးနေပြန်သော ကြောင့် မောင်နန္ဒ အနေရခက်လှသည်။

"နင်က ဘာလုပ်မလို့လဲ ညိုညို"

"ဘာလုပ်ရမှာလဲ၊ အဲဒီမိန်းမကို အူထဲ အသည်းထဲကကို မုန်းတီးလို့ မေးတာပေါ့"

ဟု စိတ်ထဲမှပြောလိုက်မိသော်လည်း ပါးစပ်ကမူ ဘာမှ ပြန်မပြောဘဲ နေလိုက်သည်။

မောင်နန္ဒကလည်း ညိုညို ဘာမှ ပြန်မပြောသော ကြောင့် စကားနည်းရန်စဲလုပ်နေလိုက်ကာ ငြိမ်ငြိမ်လေးပင် လိုက်ပါလာခဲ့မိသည်။



နှစ်ယောက်စလုံး ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြ၏။

မောင်နန္ဒက မြသီတာအကြောင်း စဉ်းစားကာ စိတ်ကူး ဖြင့်တောင်းရမ်း၊ စိတ်ကူးဖြင့် မင်္ဂလာဆောင်လုပ်နေချိန်၌ မျက်နှာချင်းဆိုင်တွင်ထိုင်နေသော ညိုညိုကလည်း မရွှေဂျင်း ပေးလိုက်သည့် အကြံကောင်း ဉာဏ်ကောင်းများကို မည်သို့ အကောင်အထည်ဖော်ရမည်ကို စိတ်ကူးဖဲရိုက်နေလေတော့ သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

### သမားတော်လက်မှိုင်ချရသည့်ရောဂါ

"ဟ…ဒီလိုဆိုတော့လဲ မောင်နန္ဒက မဆိုးပါလားကွ"

ကိုသန်းဇံက တစ်ချိန်လုံး မောင်နန္ဒပြောပြနေသမျှကို နားထောင်ရင်း ကျေနပ်အားရစွာ မှတ်ချက်ချလိုက်လေ၏။

"ဟုတ်တယ် ကိုသန်းဇံ၊ သူ့အဖေက သဘောတူတယ်ဆိုရင် လက်ခံဖို့ အဆင်သင့်ပဲတဲ့၊ ဒီတော့ သူ့မှာ ကျွန်တော့်အရင် ချစ်ရခင်ရမယ့်သူ မရှိသေးဘူးဆိုတာ သေချာနေတာပဲဗျ"

"ဒီတော့ မောင်နန္ဒရယ်၊ မင်းနဲ့ငါ ဦးလေးစံခင်ကို ဖွင့်ပြောပြီး နေ့ကောင်းရက်သာ ရွေးကြတာပေါ့၊ ပြီးရင်



မြသီတာ့တို့အဖေ ဦးဖေခင်ဆီမှာ မိန်းမတောင်း သွားကြတာပေါ့၊ ပျော်စရာကြီးကွာ၊ ဟီး…ဟီး…တီး"

"ဟာဗျာ ကိုသန်းဇံကလဲ၊ ကာယကံရှင်တောင် ဘာမှ မဖြစ်သေးဘူး၊ ခင်ဗျားက ဒီလောက်အူမြူးနေရသလားဗျ"

"ဟ…မြူးရတာပေါ့ကွ မောင်နန္ဒရ၊ ငါဆိုရင် ဒီလိုကိစ္စမျိုး မတွေ့ကြုံခဲ့ရဖူးသေးတော့ ကြည့်ပါလား၊ လူပျိုသိုးစော်ကြီးကို နံလို့"

"ပေါက်ကရဗျာ၊ ဘယ်ကလာ လူပျိုသိုးစော်နံရမှာလဲ၊ အပျင်းထူပြီး ရေမချိုးလို့ ချွေးစော်တွေနံနေတာ နေမှာပါ"

"ဟေ့…ဟေ့…အဲဒီလို သွားပုပ်လေလွင့် မစွပ်စွဲနဲ့၊ တစ်နေ့ရေသုံးခါချိုးတဲ့ လူပျိုကြီးကွနော်"

"ဒါတောင် ခင်ဗျားကြီး အသားဖြူမလာဘူးနော်"

"ဒါကတော့ မွေးရာပါမည်းတာကိုး၊ ဘယ်တတ်နိုင်မလဲ၊ ဒါပေမယ့် အသားမည်းတာကို ငါအားမငယ်ပါဘူး"

"ဘာဖြစ်လို့"

"ငါ့အမေ ပြောဖူးတယ်၊ အသားဖြူတော့ အလကားလူတဲ့၊ အသားမည်းတော့ ပတ္တမြားခဲတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကြုံကြုံဖန်ဖန်ဗျာ"

"ဟော....မောင်နန္ဒ၊ ကြုံကြုံဖန်ဖန်တွေ ဖန်ဖန်ကြုံကြုံတွေ လုပ်မနေနဲ့၊ ဒီကိစ္စကို မြန်မြန်အကောင်အထည်ဖော်ကွာ"

"ရက်နည်းနည်းတော့ ဆိုင်းဦးမှဖြစ်မှာပေါ့ ကိုသန်းဇံကြီးရ"

"ဟ....ဘာဖြစ်လို့လဲ"

"မြသီတာက နေမကောင်းပြီးခါစ၊ ခုမှ နာလန်ပြန်ထူရုံရှိသေးတယ်၊ နောက်ထပ် တစ်လတာန်သည်၊ နှစ်လထန်သည်လောက်တော့စောင့်ရဦးမှထင်တယ် ကိုသန်းဇံရ"

"ဟာ....ကွာ"

ကိုသန်းဇံက ဟာနှင့်ကွာကို သံရှည်ဆွဲ၍ စိတ်ပျက်လက်ပျက်ကြီး ရေရွတ်လိုက်၏။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲကွ၊ မင်းဟာက ပါးစပ်နားရောက်ခါနီး အသားတုံးကြီးကို ကျီးဝင်ထိုးသွားသလိုပဲ"

"ငါ့မှာတော့ မင်္ဂလာပွဲကြီး ကျင်းပရဖို့ပဲ ဆိုပြီး စမ်းသာနေတာ"



"ဖြည်းဖြည်းပေါ့ဗျာ၊ သိန္ဓောမြင်းတို့မည်သည် တောင်တက်ရာတွင် ဖြည်းဖြည်းတက်ရာ၏တဲ့ဗျ"

"ဟိုဟာက သိန္ဓောမြင်း တောင်တက်တာ၊ ခုကိစ္စက မင်းမင်္ဂလာဆောင်မှာ၊ ဘာဆိုင်လို့လဲ"

"အာပဲဖြစ်ဖြစ် သိပ်လောတာ မကောင်းဘူးဗျ၊ ဒါမျိုးက ဖြည်းဖြည်းဆေးဆေး အချိန်ယူရတယ်"

"ခက်တာပဲကွာ"

ကိုသန်းဇံက ခေါင်းကို တဗျင်းဗျင်းနေအောင် ကုတ်လိုက်၏။

"ဘာလဲဗျ၊ မင်္ဂလာဆောင်မှာက ဘယ်သူလဲ၊ ခင်ဗျားလား၊ ကျွန်တော်လား"

"မင်းဆောင်မှာမို့လို့ ငါက နှံ့ဘေးက စောင့်ကြည့်နေရတာပေါ့ကွ၊ ငါဆောင်မှာဆိုရင် အပြေးအလွှား သွားတောင်းယူလိုက်ပြီ"

"အာလို့ ဒီလောက်တောင် လောချင်နေရတာလဲ ကိုသန်းဇံ"

"ငါ အာလို့ ဒီလောက်လောနေရသလဲဆိုတာ မင်းသဘောပေါက်မှာပါ မောင်နန္ဒရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါဦး"

"မင်းကောင်မလေး မြသီတာက နေမကောင်းတုန်းက သာ ပိန်တာရိုးကလေး ဖြစ်နေခဲ့ပေမယ့် နေကောင်းပြီး နာလန်ထလာတော့ တကယ့်ကို နုတ်ပြည်ခြောက်ထပ်က နတ်သက်ကြွေလာတဲ့ နတ်သမီးကလေးလား အောက်မေ့ရတယ်၊ ငါဆိုရင် သူ့ကို စေ့စေ့တောင်မကြည့်ရဲဘူး"

"ဘာဖြစ်လို့"

"စိတ်နဲ့ပြစ်မှားမိမှာ စိုးလို့ပေါ့ကွာ၊မကောင်းဘူး၊မင်း သဘောကျတဲ့ မိန်းကလေးကို ငါက စိတ်နဲ့တောင် မပြစ်မှား သင့်ဘူးလေကွာ"

"ဒီလောက်တောင်ပဲလား"

"ဒီထက်တောင် ပိုပြီးဒုက္ခများသေးတယ်၊ ငါစိုးရိမ်နေတာ အဲဒါပဲ မောင်နန္ဒ၊ မြသီတာက သိပ်လှတယ်၊ လှသလောက်လဲ အန္တရာယ်သိပ်များတယ်၊သူ့ပုံစံက မင်းကြိုက် စိုးကြိုက်၊ အစ်ကိုကာလသားများနဲ့ လား‌လားမှ မထိုက်ဆိုတဲ့ပုံစံမျိုး၊ တော်သေးတာပေါ့ကွာ၊ ရှင်ဘုရင်ခေတ် မဟုတ်လို့၊ ဘုရင်ခေတ်သာဆို မြသီတာတို့ တော်ကောက်ခံရတာ ကြာပြီ"

www.burmeseclassic.com



"ခုက ဘုရင်ခေတ်မှမဟုတ်တာ၊မစိုးရိမ်ပါနဲ့ ကိုသန်းဇော်ရယ်"

"ဘုရင်ခေတ်မဟုတ်ပေမယ့် ငလျှင်၊ ငလည်တွေပေါ်တဲ့ ကာလမှာ မြသီတာဟာ စိတ်ချစရာမဟုတ်ဘူး မောင်နန္ဒ"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ကျွန်တော် ဦးလေးဦးစံခင်ကို အမြန်ဆုံးဖွင့်ပြောပြီး သွားမြန်းပါ့မယ်"

"ဟဲ...ဟဲ... ဒီလိုမှပေါ့ကွာ၊ မောင်နန္ဒ၊ မင်းဗိုးမဝေးတော့ဘူး၊ နေ့ကောင်းရက်သာ အမြန်ဆုံး ရွေးပေတော့"

"လေးလေး....လေးလေး ဦးနန္ဒရှိလား"

အိမ်ရှေ့ဝင်းခါးဘက်ဆီမှ ဆယ့်နှစ်,ဆယ့်တစ်နှစ်အရွယ်ကလေးတစ်ယောက်၏ အသံကြောင့် မောင်နန္ဒနှင့် ကိုသန်းဇော်တို့ စကားစ ပြတ်သွားသည်။

"အေး....ရှိတယ်ဟေ့၊ ဘယ်သူလဲ၊ ဝင်ခဲ့ကွာ၊ ဪ... ခွေးနီပါလား၊ပြော ဘာကိစ္စလဲ၊ မင်းကြည့်ရတာ ရေးကြီးသုတ်ပျာနဲ့၊ ဘယ်သူဘာဖြစ်လို့လဲ"

"ဟို...ဟိုသင်း၊ မမ....မမ....ညိုညိုလေ ဘာဖြစ်မှန်းမသိဘူး၊ အိပ်ရာထဲမှာလှဲမှိုပြီး အော်နေတယ်၊ ဗိုက်အောင့်လို့ဆိုလား၊ ငိုလဲငိုနေတယ်၊ အဲဒါကြောင့် ဦးဦးကို လျှိုနှော်လာခေါ်ပေးတာ"

www.burmeseclassic.com



"ဩော်....အေးအေး၊ ကောင်းပြီ ခွေးနီ၊ ငါခုပဲလာခဲ့မယ်"

ပြောပြောဆိုဆို မောင်နန္ဒက တိုင်တွင်ချိတ်ထားသည့် ဆေးလွယ်အိတ်ကို လှမ်းယူလိုက်ပြီး ကိုသန်းဇံကို နှုတ်ဆက်ကာ အိမ်ပေါ်မှ အပြေးတစ်ပိုင်း ဆင်းလာခဲ့မိ၏။

ညိုညိုနှင့် မောင်နန္ဒတို့ အိမ်မှာ သိပ်မဝေးချေ၊ တိုဘက်လမ်း သည့်ဘက်လမ်းဖြစ်သည်။ ငါးမိနစ်ခန့် လျှောက်သွားသည်နှင့် ညိုညိုတို့အိမ်သို့ ရောက်လေတော့၏။

"ညိုညို....ဟေ့ ညိုညို"

မောင်နန္ဒက အိမ်ဝမှလှမ်းခေါ်အော်ရင်း အိမ်ပေါ်သို့ ခုန်လွှားတက်လာခဲ့၏။

"အား....ကျွတ်....ကျွတ်၊ အမယ်လေး နာလိုက်တာ၊ အမေရေ.... သေပါပြီ"

ညိုညို၏ မချိမဆံ့ ရေရွတ်သံ ကြားရသော အခါ မောင်နန္ဒ ခေါင်းနားပန်းများ ကြီးသွားမိ၏။

ကောင်မလေး ဘာဖြစ်နေတာလဲ။

"ညိုညို ညိုညို"

ဧည့်ခန်းတွင်ရပ်ရင်း မောင်နန္ဒအသံပြုလိုက်မိ၏။

"အစ်ကိုနန္ဒလား"



"အေး"

"အထဲကို တစ်ခါတည်းဝင်လာခဲ့ပါ အစ်ကိုနန္ဒရယ်၊ ညိုညိုအပြင်ခန်းကို ထွက်မလာနိုင်ဘူး၊ အမယ်လေး....လေး၊ အောင့်လိုက်တာ အစ်ကိုနန္ဒရယ်၊ အောင့်လိုက်တာ၊ ဟင်း-ဟင်း-တင်း"

မသက်မသာညည်းညူနေသံကြောင့် မောင်နန္ဒ ဘာကိုမျှ ဦးစားမနေနိုင်တော့ဘဲ အိမ်အတွင်းခန်း လိုက်ကာကို ဖွင့်ဖယ်၍ အတွင်းသို့ဝင်လာခဲ့၏။

ညိုညိုတစ်ယောက် ဖျာပေါ်တွင် ဖရိုဖရဲ ဖြစ်နေရှာသည်။

ထို့နောက် အသက်ကို ဝဝရှူလိုက်ပြီးနောက်....

"ကိုယ်က ဆေးဆရာတစ်ယောက်ပါ ညိုညို၊ညိုညို့မှာ ရောဂါမှမရှိပါဘူး၊အဲ....ရောဂါရှိနေတယ်ဆိုရင်လဲ အဲဒီရောဂါကိုတော့ ဆရာနန္ဒကုမပေးနိုင်တာကို ခွင့်လွှတ်ပါ၊ ဒီ ဒီအကြောင်းတွေကိုလဲ ညိုညို့ရဲ့ ရှေ့ရေးအတွက် ကိုယ် နှုတ်ပိတ်ရေငုံ ထားလိုက်ပါ့မယ် ညိုညို၊ ကိုယ့်ကို သွားခွင့်ပြုပါ"

ဟု ပြောလိုက်၏။

မောင်နန္ဒက ပြောသင့်ပြောထိုက်သည့် စကားများကို ချုပ်ပြောချလိုက်ပြီးနောက် ညိုညို့ကို ကျောခိုင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ့ဆေးလွယ်အိတ်ကလေးကို ပြန်၍ ကောက်လွယ်ကာ အိမ်ပေါ်မှ ခြေလှမ်းကျဲကြီးဖြင့် ဆင်းသွားခဲ့လေတော့၏။

မောင်နန္ဒ၏ လုပ်ရပ်အတွက် ပြောဆိုသွားမှုများအတွက် အစပထမတွင် ညိုညို ကြောင်အမ်းအမ်း ဖြစ်နေမိသည်။

ထို့နောက်တွင်ကား လွန်စွာရှက်ခြင်း၊ ဒေါသထွက်ခြင်း တို့ဖြစ်လေ၏။ သို့ဖြစ်၍ ထဘီအကျွတ်ကျွတ် အင်္ကျီကြယ်သီး များ အဖြုတ်ဖြုတ်ဖြင့် ရှိနေရာအခြေအနေအတိုင်းပင် ကြကြူပါအောင် ငိုချလိုက်မိလေတော့၏။

★

## အခန်း (၁၂)

### အများညီ ဤကွဲဇတ်

“ဘယ်လိုလဲ မောင်နန္ဒ၊ ညိုညိုက ဘာဖြစ်တာတဲ့လဲ၊
အိမ်ပေါ်သို့ ရောက်ရောက်ချင်း ကိုသိန်းဇ က ဆီးကြို၍
ခုကော သက်သာသွားပြီလား”
မေးလိုက်၏။

“သက်သာသွားပါပြီ”

မောင်နန္ဒက စကားနည်းရန်စဲ ဖြစ်သွားအောင် တစ်ခွန်းတည်း အဖြေပေးလိုက်ပြီး သူ့အခန်းထဲသို့ တန်း၍ဝင်လာခဲ့သည်။

ဆေးလွယ်အိတ်ကို တိုင်တွင် ချိတ်ထားလိုက်ပြီးနောက် အိမ်နေရင်း အင်္ကျီ၊ လုံချည်များကိုပင် လဲမနေနိုင်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်သို့ မစ်လှဲချကာ ညိုညို၏ မကောင်းမကန်း လုပ်ရပ်များကို ပြန်လည် တွေးတောကြည့်မိနေလေတော့ သည်။

ထိုအတွင်း ကိုသန်းဇံသည်လည်း ပြန်လာပြီး အမူအရာ ပျက်နေသော မောင်နန္ဒကို ကြည့်မိကာ စိတ်ထဲတွင် စနောင့် စနင်း ဖြစ်မိသည်။

သို့ဖြစ်၍ မောင်နန္ဒ ဝင်သွားသည့် အိပ်ခန်းတွင်းသို့ လိုက်သွားကာ မေးခွန်းထုတ်လေတော့၏။

"မင်း ဘာဖြစ်လာတာလဲ မောင်နန္ဒ"

"မဖြစ်ပါဘူး ကိုသန်းဇံရယ်"

"ဘာလို့မဖြစ်ရမှာလဲ၊ မင်းကိုကြည့်ရတာ တစ်ခုခုဖြစ် လာတယ်ဆိုတာ ငါ တပ်အပ်သိနေတယ်...."

"အဲ.... ဘာဖြစ်တယ် ဆိုတာကိုသာ သေသေချာချာ မပြောတတ်တာ၊ ပြောစမ်းပါ မောင်နန္ဒရာ၊ ငါ့ကို ဖုံးကွယ် ထားစရာ အကြောင်းရှိလို့လား"

မောင်နန္ဒက ခေါင်းကို ယမ်းခါလိုက်ပြန်၏။



"မဟုတ်သေးပါဘူး မောင်နန္ဒရာ၊ မင်း ညိုညို့ဆီမှာ ဘာတွေဖြစ်လာခဲ့တာလဲ"

"မေးမနေနဲ့ ကိုသန်းဇံ၊ ကျွန်တော် ခင်ဗျား မေးတာကို ဘာမှမဖြေနိုင်ဘူး"

မောင်နန္ဒက ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်၏။

ထိုအခါကျမှ ကိုသန်းဇံလည်း လက်လျှော့သွားခဲ့ပြီး နောက် မောင်နန္ဒ၏အခန်းမှ အပြင်သို့ ထွက်ခွာသွားခဲ့လေ သည်။

မောင်နန္ဒ တစ်ယောက်တည်း ကျန်ခဲ့သောအခါကျမှ စောစောက တွေးနေသည့် အတွေးများ ပြန်လည်ပေါ်လာ ပြန်လေတော့၏။

ညိုညို ဘာဖြစ်လို့ သည်လို မကြံကောင်းမစည်ရာ ကိစ္စ မျိုး ကြံစည်ရသလဲ။ မိမိအပေါ် မကျေနပ်စရာ အကြောင်း အချက်တွေများ ရှိလို့လား တွေးကြည့်မိသည်။

သည်လိုလည်း မဖြစ်နိုင်ချေ။ သူနှင့်ညိုညို ဘာပြဿနာ မှ မဖြစ်ခဲ့ဖူးပေ။ ဖြစ်နိုင်သည်။ ညိုညို တစ်ယောက် သူ

www.burmeseclassic.com

www.burmeseclassic.com



အပေါ် မရိုးမသားစိတ်များ ဖြစ်ပေါ်လာပြီး ဤကဲ့သို့ မဖွယ်မရာ ပြုလုပ်ပုံပေါ်သည်။

ဟုတ်နိုင်သည်။ သူ့အပေါ် ညိုညို ဆက်ဆံပုံတွေက လိုအပ်သည်ထက်ပို၍ ဖော်ရွေနေကြောင်း ပြန်လည် တွေးတော အမှတ်ရမိသည်။

ကြုံကြိုက်လျှင် ညိုညိုက သူ့ကို ရိတိတိ ချိတ်တိတ်တိတ် စကားမျိုးတွေလည်း ပြောခဲ့ဖူးသည်။ ဘာပဲဖြစ်ဖြစ် ညိုညို ဒါမျိုးတွေနောက်ထပ်ဖြစ်မလာခင် သူ့ဘက်က ပွဲပြီးမီးသေ ဖြစ်နေဖို့လိုသည်။

အကောင်းဆုံးက မြသီတာတို့ အိမ်သို့ လူကြီးစုံရာဖြင့် သွားကာ အမြန်ဆုံး နားဖောက်ရမည်။

ပြီးတော့ မြသီတာကို လက်ထပ်ယူရမည်။ ထိုအချိန်အခါ ရောက်လျှင် ညိုညိုလည်း ခုလိုဖြစ်မည် မဟုတ်တော့။

အမှန်စင်စစ် ညိုညို သည်လည်း မိန်းမချောကလေး တစ်ယောက် ဖြစ်သည်။

မြသီတာလောက် မချောချင်သာ နေရမည်။ ချေသူတော့ မဟုတ်ချေ။



သို့သော်လည်း ညိုညို့ကို မောင်နန္ဒ ညီမလေး တစ်ယောက်လိုသာ သဘောထားနိုင်သည်။ ချစ်သူတစ်ယောက် အနေနှင့် မည်သို့မျှ မဆက်ဆံနိုင်။

ညိုညို့ဘက်က ဘယ်လိုပဲ ဖောက်ပြန်နေပါစေ၊ မောင်နန္ဒ မလိုက်လျောနိုင်ပါ။

သည်အတွက် ညိုညို အရှက်ကြီး ရှက်သွားလေပြီ လား။

သို့တည်းမဟုတ် မောင်နန္ဒအပေါ် အမုန်းကြီး မုန်းသွားလေပြီလား။ ထိုနှစ်မျိုးသည် တစ်မျိုးမျိုး ဖြစ်နိုင်သကဲ့သို့ နှစ်မျိုးစလုံးမှာလည်း ဖြစ်နိုင်ပေသည်။

မောင်နန္ဒသည် အတွေးများအဆုံး၌ သက်ပြင်းရှည်ကြီး ကို ရှိုက်လိုက်မိ၏။

ထိုအချိန်တွင် ချစ်မြတ်နိုးဖွယ်ရာ ကောင်း လှ သော မြသီတာ၏မျက်နှာကလေးသည် သူ့အာရုံထဲတွင် ပြက်ပြက် ထင်ထင် ပီပီပြင်ပြင် ပေါ်လာခဲ့ပြန်လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြသီတာ၏မျက်နှာသည် လမင်းကလေးတစ်စင်းကဲ့သို့ပင် ဖြစ်သည်ဟု မောင်နန္ဒ ခံစားမိလေသည်။

သနပ်ခါးဘဲကျားလေးနှင့် လှချင်တိုင်း လှနေသော မြသီတာ၏မျက်နှာကလေးကို ငေးမောကြည့်ရှုရခြင်း ကိစ္စ၌ မောင်နန္ဒ ရောင့်ရဲသည်ဟူ၍ပင် မရှိချေ။

သို့သော် နှစ်ဖက်သော လူကြီးမိဘများ၏ အရှေ့တွင် ဖြစ်၍ မနည်း ထိန်းချုပ်ဆည်နေရသည်။

မြသီတာကို ကြည့်ငေးနေသော မျက်စိများကို လမ်းကြောင်း ပြောင်းလွှဲရသည်။

"အဲဒါပါပဲဗျာ၊ ကျွန်တော့်ရဲ့တူ မောင်နန္ဒက ဟောဒီက မိန်းကလေး မြသီတာကို စုံမက်မြတ်နိုးနေပါပြီဆိုတာနဲ့ ကျွန်တော်တို့လဲ ခုလိုလာပြီး မြန်းကြရတာပါပဲ၊ အဟမ်း.... ဟမ်း...."

ဦးစံခင်က အာပေါင်အာရင်းသန်သန်ဖြင့် အစချီကာ ဦးဖေခင်ထံ သမီးတောင်းသည့်စကားကို စတင်လိုက်တော့သည်။



"ကျွန်တော့်တူ မောင်နန္ဒဟာ ဆိုရင်လဲ ဦးဖေခင်တို့ သိထားကြပြီးတဲ့ အတိုင်းပါပဲ၊ ကျွန်တော်တို့ရဲ့ သလွန်မြို့ ရွာကလေးမှာ အတော်ဆုံး ကာလသားခေါင်းဆောင် တစ်ယောက်ပါပဲ....

"လုပ်တဲ့ လုပ်ငန်းကလဲ သမ္မာအာဇီဝလုပ်ငန်း ဖြစ်တဲ့ အပြင် လူတကာရဲ့အသက်ကိုကယ်တင်ကူညီရတဲ့ ဆေးဆရာ ဆိုတော့ကာ၊ အဟမ်း....အဟမ်း...."

ဦးစံခင်က လည်ချောင်းရှင်းလိုက်ပြန်သောကြောင့် ကိုသန်းဇံက လှမ်း၍ မျက်စောင်းထိုးကြည့်လိုက်၏။ ဦးစံခင်ကမူ သူ့ဘာမှုမဖြစ်သလို ခပ်တည်တည်ဖြင့် ဆက်၍ပြောမြန်လေတော့၏။

"အဲဒီတော့ကာ၊ အဟမ်း.... အဟမ်း.... ဘာပဲဖြစ်ဖြစ် မောင်နန္ဒရဲ့ အကျင့်သီလ၊ သိက္ခာနဲ့ ပတ်သက်ပြီးတော့ ဘာမှ ပြောစရာမလိုဘူးလို့လဲ ကျွန်တော် မျှော်လင့်ယုံကြည်ပါတယ်....

"ဟောဒီက သမီးလေး မြသီတာနဲ့ သဘောမတူစရာ အကြောင်း မရှိဘူးလို့လဲ သဘောထားလိုက်ပါတယ်၊ အဟမ်း....အဟမ်း"

www.burmeseclassic.com



ဦးစံခင်က စကားရပ်လိုက်လျှင် သလွန်ဖြူရွာမှ လိုက်ပါလာကြသည့် လူကြီးများကရော ကြွက်လူးရွာက လူကြီးများကပါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်လိုက်ကြ၏။

သတို့သမီးဘက်ကလည်း မခေပေ။

မင်္ဂလာစကားကို မြသီတာ၏ ဖခင်ဖြစ်သူ ဦးဖေခင်က မပြောဘဲ ဦးကျော်မြင့်ဆိုသည့် လူကြီးက ပြောလေ၏။

ဦးကျော်မြင့်သည် ခေါင်းပေါင်းအဝါကို ပန်းပွင့်များနှင့် ပဝါအား ပေါင်းထားလေသောကြောင့် မင်္ဂလာပွဲလာသည့် လူကြီးတစ်ယောက်နှင့် မတူဘဲ ပယောဂဆရာနှင့် တူလေ၏။

နှုတ်ခမ်းမွေးများကလည်း ပါးစပ်ကိုကျော်၍ ကုပ်ကျနေလေရာ လွန်စွာ ကြည့်ရဆိုးလေ၏။

ဦးကျော်မြင့်သည် ကွမ်းတွေကိုလည်း မပြတ်ဝါးနေပေရာ မင်္ဂလာစကား ပြောခါနီးတွင် ခပ်လှမ်းလှမ်းရှိ ထွေးခံကို တောင်း၏။



ထွေးခံနားရှိသော လူကြီးတစ်ယောက်က ထွေးခံကို လှမ်း၍ ပေးလိုက်ရာ ဦးကျော်မြင့်က လှမ်း၍ ယူလိုက်ပြီး ပါးစပ်ထဲမှ ကွမ်းဖတ်များကို ထွေးထုတ်လိုက်ရ၏။

ကွမ်းများ ထွေးပြီးလျှင် ပလုတ်ကျင်းရန် ရေတစ်ခွက်ကို ခပ်ခိုင်းပြန်၏။ လူငယ်တစ်ယောက်က ခပ်လာပြီးပေးရ၏။

ဦးကျော်မြင့်သည် ရေဖန်ခွက်ထဲမှ ရေများဖြင့် ပလုတ်ကျင်းကာ တိုက်ပုံအင်္ကျီထဲထည့်လာသည့် လက်ကိုင်ပဝါဖြင့် ထုတ်၍ သုတ်လေ၏။

သူ၏ လက်ကိုင်ပဝါသည်လည်း အစွန်း အထင်းတွေ ဗရပွဖြင့် တော်တော်ကြီး ညစ်ပေနေသည့် လက်ကိုင်ပဝါ တစ်ထည်ဖြစ်၏။

လွန်စွာ ရွံတတ်သည့် ဦးစံခင်သည် လက်ကိုင်ပဝါကို မြင်သည်နှင့် မျက်နှာလွှဲ၍ နေလိုက်၏။

"သလွန်ဖြူရွာက ဦးစံခင်ပြောသွားတဲ့အတိုင်း သလွန်ဖြူရွာသား မောင်နန္ဒဟာ ဆေးဆရာတစ်ယောက် ဖြစ်ပြီး ရိုးသားမှု ရှိတယ်၊ အသောက်အစားလဲ ကင်းတယ် ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပန်းသတင်း လေညင်းဆောင်၊ လူ့သတင်း လူချင်းဆောင် ဆိုသလိုပဲ ကျွန်တော် အနည်းနဲ့ အများ ကြားသိပြီးထားကြပါပြီ၊ ဒီအတွက် ခြွင်းချက်မရှိ ယုံကြည်ပါတယ်....

"ဒီလိုပဲ ကျွန်တော်ကလဲ ကျွန်တော်တို့ရဲ့ ကြွက်လူးရွာသူကလေး သမီးလေး မြသီတာဟာ ဆိုရင် မိန်းကလေး ဘယ်လောက် ပီသလဲ၊ ဗိုင်းကောင်းကျောက်ဖိ ဘယ်လိုနေထိုင်ခဲ့တယ်ဆိုတာကို ပြောရမယ့် တာဝန် ရှိပါတယ်၊ အဲဒီတော့ကာ...."

ဦးကျော်မြင့်သည် အချိုးနိဒါန်းကို သေသေချာချာချီးပြီးသည့်နောက် မဆုံးနိုင်တော့သော မြသီတာ ချီးမွမ်းခန်းကို ဖွင့်လေတော့၏။

"ဟီမဝန္တာ ချီးမွမ်းခန်းထက် နှစ်မိုင်လောက် ပိုပြီး ရှည်မယ်ထင်တယ်နော် ဦးလေး"

ကိုသန်းဇံက ဦးစံခင်အား တိုးတိုးကပ်၍ ပြောလိုက်သည်။

"ဟေ့တောင်....သာသာနေ"



ဦးစံခင်ကလည်း တံတောင်ဖြင့် အသာတွက်ကာ လေသံဖြင့် ဟန့်တားလိုက်ရ၏။

ဤသို့ဖြင့် မောင်နန္ဒတို့သည် သလွန်ဖြူရွာသား လူကြီးများနှင့် မြသီတာတို့ ကြွက်လူးရွာသား လူကြီးများ မျက်နှာစုံညီ တောင်းရမ်း ပြောဆိုကြသောအခါ မင်္ဂလာရက်ကို တစ်လခွာ၍ သတ်မှတ်ကြလေ၏။

ပြက္ခဒိန်ကို အလယ်တွင်ချ၍ မျက်မှန် တဝင့်ဝင့်ဖြင့် ဖြုံးဖြုံး ရှာဖွေကြပြီး နေ့ကောင်းရက်သာ သတ်မှတ်ကြသည်။

နှစ်ဦးနှစ်ဖက် သဘောတူသည့် ရက်တစ်ရက်ကိုကြီးစားပမ်းစား ရှာဖွေကြ၏။ ရက်ရာဇာ၊ ပြဿဒါး အမြင်သမားညိုရက်၊ ဝါရမိတ္တူ၊ မြေခံရက်ကြမ်း စသည့် အထူးထူး အပြားပြားသော ရက်မျိုးစုံကို ရှောင်ကြဉ်ကြပြီး မင်္ဂလာပွဲကြီး ကျင်းပနိုင်မည့် ရက်ကောင်း ရက်မြတ်ကို ငြင်းကြခုံကြ ရှာဖွေကြရင်း ရှားရှား ပါးပါး ရက်ကလေး တစ်ရက်ကို ရရှိကြလေ၏။

"ကောင်း....တယ်၊ ဒီရက်ပဲ ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



အများညီ၍ ဤကဲ့ဖတ်ဟူသည့် မြန်မာ့စကားပုံအတိုင်း စင် အများက တညီတညွတ်တည်း အဆုံးအဖြတ်ပေးလိုက်သည့် ရက်ကလေးတစ်ရက်ကို ခဲတံ နီပြာတံဖြင့် ဝိုင်းလိုက်ကြ၏။

သည်တော့မှပင် မောင်နန္ဒရော မြသီတာပါ ဘဝင်ချ နိုင်ကြတော့၏။

"ဟင်း...."

မောင်နန္ဒမျာ ကိုယ်ချလိုက်သည့် သက်ပြင်းချသံကို ကိုယ့်ဘာသာစင် ပြန်၍ လန့်ဖျပ်သွားမိလေ၏။

မြသီတာကား လူပုံအလယ်တွင် အချိန် အကြာကြီး ခေါင်းငုံ၍ ထိုင်နေရသောကြောင့် ဇက်ကြောတွေပင် တက်နေရှာ၏။

ပုဆစ်တုပ် အကြာကြီး ထိုင်နေခဲ့ရသောကြောင့်လည်း ခြေထောက်တွေ အထိမခံနိုင်အောင် ကျဉ်၍နေကာ တော်တော်နှင့် မထနိုင်ရှာပေ။

မြသီတာ၏ ငယ်သူငယ်ချင်းဖြစ်သူ မဝင်းမေက တွဲထူမ၍ပေး၍သာ နေရာမှ ထနိုင်ရှာလေ၏။



မြသီတာက ခြေကျဉ်သောကြောင့် မျက်နှာကို ရှုံ့မဲ့ထား လေရာ မောင်နန္ဒမှာ ဘာများဖြစ်ပါလိမ့် ဟူ၍ပင် စိုးရိမ် မိသွားလေ၏။

မဝင်းမေက ခြေကျဉ်သောကြောင့်သာ ဖြစ်ကြောင်း ရှင်းပြလိုက်မှ မောင်နန္ဒ အစိုးရိမ် ပြေသွားလေ၏။

ဤသို့ဖြင့် မောင်နန္ဒနှင့် မြသီတာတို့ နှစ်ဦး၏ ဇစ်စပ် ကြောင်းလမ်းပွဲလေးမှာ ထမြောက် အောင်မြင်သွားခဲ့ရ လေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

### ယော်ဆိတ် မြွေပေါက်ခံရသူ

"ဘာဖြစ်တယ် မရွှေဂျင်း၊ အစီကိုနန္ဒနဲ့ မြသီတာတို့ စေ့စပ်ကြောင်းလမ်းပွဲ ပြီးသွားပြီ ဟုတ်လား"

"ဟုတ်ပါတော်၊ တစ်ပတ်လောက်တောင် ရှိသွားပြီပဲ"

"ဘာ"

မရွှေဂျင်း၏ အဖြေစကားကြောင့် ညိုညိုခမျာ 'ဘာ' ခနဲ တစ်ချက်ရေရွတ်ရင်း ဘာစကားမျှမဆိုဘဲ မျက်နှာ အပျက်ကြီး ပျက်သွားလေ၏။



"ကောင်းတယ် ကောင်မ၊ ညည်းက ငါခိုင်းတာကို ထမြောက်အောင်မြင်အောင်မှ မလုပ်နိုင်တာ"

"လုပ်တာပဲ ရွှေဂျင်းရဲ့၊ နင့်လူက ကျောက်ရုပ်ကြီး လိုလို၊ ညောင်စောင့်နတ်ကြီးလိုလို မတုန်မလှုပ်ဖြစ်နေခဲ့တာ ကိုးဟဲ့"

"နင်ညံ့လို့ဖြစ်မှာပါလိမ့်မယ် ညိုညိုရယ်၊ မိန်းမမာယာ သဲကိုးဖြာဆိုတဲ့စကား ဘယ်သွားထားမလဲ"

"သဲကိုးဖြာရဲ့ ဟိုဘက်လွန်အောင်အထိ ငါလဲ သူ့ကို ဆွဲဆောင်ဖြားယောင်းပါတယ် ရွှေဂျင်းရယ်၊ နင့်လူကြီး ကိုက ဖသွေးအသားမပါတဲ့ ကျောက်ရုပ်ကြီးနဲ့ကို တူနေ တာ၊ ဒီထက်ယှဉ်ရရင်လဲ မိန်းမက ယောကျ်ားလေးကို ဘလက္ကာရလုပ်မှ ဖြစ်သွားလိမ့်မယ် ရွှေဂျင်းရဲ့"

"ဘာပဲဖြစ်ဖြစ် ငါ့အလိုကတော့ မရ ရအောင် လုပ်ရ မှာပဲ ညိုညို၊ နင်နဲ့ငါ နေရာလဲလိုက်ချင်စမ်းတယ်"

မရွှေဂျင်းက အကျီလက်များကို ပင့်တင်ရင်း ကြောက်ခမန်းလိလိ ကြိမ်းဝါးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"နင်သဘောမပေါက်ပါဘူး ရွှေဂျင်းရာ"

"ဘာလို့သဘောမပေါက်ရမှာလဲ၊ သဘောမပေါက်တာ ဒါမဟုတ်ဘူး ညီညီ၊ နင်....နင်သိရဲ့လား၊ ယောက်ျားတွေရဲ့ ပျော့ကွက် ဟာကွက်တွေကို နင် မလေ့လာထားလို့ ဒီလို မအောင်မမြင် ဖြစ်ရတာ"

"မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ"

"ဒီကိစ္စ မအောင်မြင်တာ ငါ့ညံ့လို့ မဟုတ်ဘူးဆိုတာ ပြောရဲတယ်၊ ငါ့ဘက်က မီးကုန်ယမ်းကုန် ကြဲလိုက်တာပဲ ရွှေဂျင်းရဲ့၊ ဒါပေမယ့် သူကမှ ပါမလာဘဲ"

မရွှေဂျင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ကဲ.... ဟုတ်ပါပြီ၊ ညည်းကိစ္စမအောင်မြင်လို့ဘဲ တိုက မြသီတာကို လာတောင်းရမ်းသွားပြီ၊ ကဲ....ညည်း ဘာဆက်ပြီးလုပ်မလဲ ညီညီ၊ ပြော"

မရွှေဂျင်းက ပြောခိုင်းသော်လည်း ညီညီခမျာ ဘာစကားမျှ မပြောနိုင်ရှာသေးဘဲ ကြက်ကြီး လည်လိမ်ထားသကဲ့သို့ ဖြစ်နေရှာလေ၏။



အတန်ကြာသည်အထိ ငူငူကြီးငြိမ်သက်နေလေရာ အနားတွင် ထိုင်စောင့်နေရသည့် မရွှေဂျင်းက စိတ်မရှည်နိုင်တော့ဘဲ....

"ကဲ.... ပြောလေ ညီညီ"

"ဘာကိုလဲ"

"ဘာဆက်လုပ်ရမလဲဆိုတာ ပြောခိုင်းနေတာ"

"အင်း.... ငါ အဲဒါစဉ်းစားနေတာ၊ အစ်ကိုနန္ဒရင်ခွင်ထဲကို မြသီတာရောက်သွားမှာကိုတော့ ငါ မလိုလားတာ အမှန်ပဲ၊ သူတို့မင်္ဂလာပွဲ မပျက်ပျက်အောင်ကို ဖျက်မယ်"

"မင်္ဂလာပွဲ ပျက်အောင် ဖျက်လို့ကတော့ နင်ကော သက်သာမှာလား၊ အချုပ်ထဲ ရောက်သွားလိမ့်မယ်"

"အချုပ်ထဲရောက်ရုံမကလို့ ကြိုးစင်ပဲ တက်ရ တက်ရ၊ သူတို့နှစ်ယောက် နီးစပ်သွားကြမှာကို ငါ မလိုလားတာ တော့ အမှန်ပဲ၊ ငါ့အလို ဆိုရင်တော့ မြသီတာဆိုတဲ့ ကောင်မကို သတ်တောင်ဖစ်ချင်တယ် သိလား"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး...လေး၊ သတ်တော့ မသတ်ပါနဲ့ ညိုညို ရယ်၊ ငါ့ပါလာပြီး အမှုပတ်ပါလိမ့်မယ်၊ နေဦး ငါစဉ်းစား လိုက်ဦးမယ်"

"စဉ်းစားစမ်းပါ ရွှေဂျင်းရယ်၊ နင့်ကျေးဇူးကို ငါမမေ့ ပါဘူး၊ တကယ်ပြောတာပါပါတယ်"

မရွှေဂျင်းက အသာငြိမ်သက်သွားပြီးနောက် အကောင်း ဆုံးသော အကြံဉာဏ်များကို ထုတ်နေလိုက်လေ၏။

ခဏမျှကြာသောအခါ လက်ဖျစ်တစ်ချက် ဖြောက်ခနဲ တီးလိုက်ပြီးနောက်....

"ရပြီ ညိုညိုရေ ရပြီ၊ ငါရတဲ့အကြံထက် ကောင်းတဲ့ အကြံတောင် ငါ့အကြံလောက် ကောင်းနိုင်မှာမဟုတ်ဘူး"

"ဝိမနေစမ်းပါနဲ့ ရွှေဂျင်းရာ၊ ပြောမှာသာ ပြော စမ်းပါ"

"ဒီလိုတဲ့ ညိုညိုရဲ့၊ ငါတို့ရွာ အနောက်မြောက်ဖျား မှာ ကစေသည် ဒေါ်မဲ ဆိုတဲ့ မိန်းမကြီးရှိတယ်"



"ကစေသည် ဒေါ်မဲ ဟုတ်လား"

"ကြားဖူးတယ် မဟုတ်လား"

"ဟင့်အင်း"

"အဲဒီ ဒေါ်မဲက ပညာသည်ကြီးတဲ့၊ လူတစ်ယောက်ကို လက်သည်မပေါ်ဘဲ တစ်ခါတည်း နာလန်မထူအောင် လုပ် ပေးနိုင်တယ်"

"လုပ်ခိုင်းခတော့ ပေးရမယ်ထင်တယ်"

"ဒါပေါ့၊ သူတောင်းသလောက်တော့ ပေးရမှာပေါ့"

"ပေးချင် ပေးရပါစေ ရွှေဂျင်းရယ်၊ အထမြောက် အောင်မြင်ရင် ပြီးရော၊ ဟိုကောင်မ ဒုက္ခရောက်ရင် ပြီးတာပဲ"

"စဉ်းစားတော့ စဉ်းစားဦးနော် ညိုညို"

"ဘာစဉ်းစားစရာ လိုသေးလို့လဲ"

"အစစအရာရာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ညိုညိုက ခေါင်းကို သွက်သွက် ခါယမ်းလိုက်၏။ သူ့မျက်တောင်တွေက နီနေသည်။

အောက်နှုတ်ခမ်းကိုလည်း သွားဖြင့် ဖြတ်သွားတော့မတတ် ကိုက်ထား၏။

အချစ်ကြီးသူ၏ အမုန်းမီး တောက် လောင်မှုသည် ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှချေ၏။

"နင်တကယ်ဆုံးဖြတ်ပြီးပြီးပေါ့၊ ဟုတ်လားညိုညို"

"နင်ကလဲဟာ၊ ကျားကျိုက်ပါတယ်ဆိုနေမှ အပေါက်ကလေးနဲ့လားလို့ မေးနေပြန်ပါပြီ၊ ဘယ်မလဲ နင့် ဒေါ်မဲ့၊ ငါ အခုသွားပြီး တွေ့မယ်"

"နင်ကလဲ ချက်ချင်းကြီးပဲလား"

"ချက်ချင်းပဲပေါ့၊ ဒီကိစ္စက သူတို့မင်္ဂလာဆောင်မယ့်ရက် မတိုင်ခင်ကို ပြီးနေစေချင်တာ၊ ဒါမှ...."

"အေးလေ ကောင်းပြီ၊ ဒါဆိုလဲ တို့ ဒေါ်မဲ့ကြီးအိမ် သွားကြတာပေါ့၊ ဟိုရောက်ရင် နင် စကားဆင်ခြင်ပြီးပြောနော်"



"ဘာဖြစ်လို့"

"ဟဲ့.... ဘာဖြစ်ရမှာလဲ၊ ဟိုက ကဝေသည်မကြီးပါဆိုနေမှ၊ စကားပြောမတည့်ရင် ဟိုကနောက်မှ၊ ကိုယ့်ကို အရင်ဆော်ထည့်လိုက်လိမ့်မယ်"

"နင်ကလဲ၊ အရေးထဲ သတ္တိကြောင်နေပြန်ပြီ"

"သတ္တိကြောင်တာ မဟုတ်ဘူး ညိုညိုရဲ့၊ ဖြစ်တတ်တာကို ပြောတာ၊ မတော်တဆဆိုတာ မပြောနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် ဆင်ဆင်ခြင်ခြင်ပြောဟာ၊ တတ်နိုင်ရင် နင် သိပ်ပြီး ဘာမှမပြောနဲ့၊ နင်က ကာယကံရှင်ဆိုတော့ စိတ်တွေ သိပ်ပြီး လှုပ်ရှားနေတယ်၊ ငါပဲ ခေါင်းသူကြီးလုပ်ပြီး ခေါင်းဆောင် ပြောပေးမယ်၊ ဟုတ်ပြီလား"

"အေး"

ညိုညို နှင့် မရွှေကျင်းတို့ တိုင်ပင် ညှိနှိုင်းပြီးနောက် ဒေါ်မဲ့ကြီး အိမ်ဘက်သို့ ထွက်ခဲ့ကြလေတော့၏။

အလျှဉ်းသင့်ချင်တော့ ဒေါ်မဲ့ကြီးကို အိမ်တွင်အခန့်သင့် ပင် တွေ့ကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...ဟဲ့....ကောင်မတွေလာကြဟဲ့....လာကြ၊ လာကြ"

သူတို့နှစ်ယောက်အိမ်ဝတွင် ရပ်၍ အသံပေးလိုက်သည်နှင့် ဒေါ်မဲကြီးက မီးဖိုချောင်မှနေ၍ အသံပြန် ပေးလိုက်ခြင်း ဖြစ်၏။

လူကို မတွေ့ရသေးဘဲ ဒေါ်မဲကြီး၏အသံကိုကြားလိုက်ရသည်နှင့် တောကျီးကန်းကြီး တစ်ကောင် အသံပေးလိုက်သကဲ့သို့ ကွဲရှရှကြီးဖြစ်သောကြောင့် ညိုညို ကျောထဲတွင် ပင် စိမ့်သွားမိလေ၏။

သူတို့နှစ်ယောက် အိမ်ပေါ်ရောက်ပြီး ခဏကြာသော အခါ ဒေါ်မဲကြီးလည်း မီးဖိုချောင်ထဲမှ အိမ်ရှေ့သို့ ထွက်လာခဲ့လေ၏။

ဒေါ်မဲကြီးသည် ခြေနင်းအလွန်ကြမ်းသူဖြစ်၏။ အိမ်ကလေး သိမ့်သိမ့်လှုပ် ယိမ်းသွားသည်အထိ လျှောက်၏။

ထိုင်ချလိုက်သောအခါတွင်လည်း ဝါးကြမ်းခင်းများ ရှိုးရှိုးရွှတ်ရွှတ် ကျွယ်ကျွယ် လောင်လောင် မြည်အောင် အထိ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။



ဒေါ်မဲဆိုသည့်အတိုင်း အသားလည်း လွန်စွာမည်းနက်လေ၏။

သွားများကလည်း ကွမ်းတွေ အဆက်မပြတ် ဝါးနေလေ့ရှိသောကြောင့် ကောက်ညှင်းချိတ်ရောင်ပေါက်လျက် ကျိုးသည့်သွားက ကျိုး၊ ယိုင်နဲ့သည့်သွားက ယိုင်နဲ့နေလေသည်။

ထို့အပြင် ဒေါ်မဲကြီး၏ တစ်မျက်နှာလုံးတွင် အပ်ချစရာ မရှိအောင် ကျောက်ပေါက်မာတွေအပြည့်ဖြစ်၏။ မရှိမဲ့ရှိမဲ့ သွားများကလည်း ခေါယောင်ယောင်ဖြစ်လျက် နှုတ်ခမ်းများကလည်း သိသိသာသာကြီး လန်ထော်လျက် ရှိလေသည်။

"ကဲ.... ပြောကြ၊ ဘာကိစ္စလဲ"

ဒေါ်မဲကြီးကထိုင်ချလိုက်ပြီး ရေအနည်းငယ် စိုလျက်ရှိသော လက်များကို လက်သုတ်ပဝါဖြင့်သုတ်ရင်းက မေးလိုက်၏။

"ဟို....ဟိုသင်း....ဒီလိုပါ၊ ဒေါ်မဲ-အဲ ကြီးဒေါ်၊ ဟွန်းမနာမည်က ရွှေဂျင်းပါ၊ သူ့နာမည်က...."

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးတော်၊ ညည်းတို့ကိုကျုပ်မေးနေတာ နား မည်မဟုတ်ဘူးဟဲ့ အလေနတောမ လေးတွေရဲ့၊ဘာကိစ္စလဲ လို့ မေးနေတာ၊ ကိစ္စရှိရင် မြန်မြန်ပြော"

ဒေါ်မဲကြီးက စိတ်မရှည်ဟန်ဖြင့် သဟောက်သဟမ်း ပြောလိုက်လေရာ ရွှေဂျင်းရော ညိုညိုပါ ဆတ်ခနဲတုန်သွား မိကြလေ၏။

"ဒီ...ဒီလိုပါ ကြီးတော်၊ သူ...သူက ဟို...ဟိုသင်း၊ ကောင်မလေးတစ်ယောက်ကို မကျေနပ်ဘူး၊ အဲဒါ"

"ဘာလဲ...မကျေနပ်လို့ အသေသတ်ပေးရမှာလား"

ဒေါ်မဲက အသင့်ချထားသည့် ကွမ်းအစ်ကိုလှမ်းဖွင့်ကာ ကွမ်းညှပ်ဖြင့် ကွမ်းသီးများ တချပ်ချပ်ညှပ်ရင်း မေးလိုက် လေ၏။

"ကောင်းသလိုသာကြည့်စီရင်ပေးပါ ကြီးတော်၊သူ့ဒုက္ခ ရောက်ရင်ပြီးတာပါပဲ"

"ဟား...ဟား...ဟား... ဟား...ဟား...ဟား..."



မရွှေဂျင်း စကားအဆုံးတွင် ဒေါ်မဲကြီးက သဘောကျ စွာဖြင့် တဟားဟား ထ,ရယ်လိုက်ရာ သူငယ်ချင်း နှစ် ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း နား မလည်နိုင်အောင် ဖြစ်သွားကြလေ၏။

"အတော်ပဲ...အတော်ပဲ၊ ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလိုမျိုး အတိုင်းပဲဟေ့၊ ကျုပ်ကလဲ ထူးခြားတဲ့ ဆေး တစ်မျိုး ဖော်စပ်ပြီးစမ်းချင်နေတာနဲ့ အတော်ပါပဲ"

"ဘယ်လို ဆေးမျိုးပါလဲ ကြီးတော်"

ရွှေဂျင်းက စိတ်ဝင်စားစွာဖြင့် မေးလိုက်မိ၏။

"ဘယ်လိုဆေးမျိုးလဲ ဆိုတာတော့ မသိချင်နဲ့ဟေ့....

"အေး...တစ်ခုတော့ပြောနိုင်တာရှိတယ်၊ ငါအခု ဖော် စပ်ထားတဲ့ဆေးက လူစင်စစ်ကနေ ဘဝပြောင်းသွားနိုင်တဲ့ ဆေးပဲဟေ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်"

ဒေါ်မဲကြီးက အကဲခတ်သည့်ပုံစံဖြင့်ရွှေဂျင်းနှင့် ညိုညို တို့နှစ်ယောက်စလုံး၏ မျက်နှာများကို အကဲခတ်သလိုကြည့် လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြော ကြီးတော်"

"အေး....ပြောမယ်၊ ငါ့ဆေးက သေသေချာချာ ကြိုးစားပမ်းစား ဖော်စပ်ထားရတဲ့ ဆေးဆိုတော့ အဖိုး နည်းနည်းနဲ့ မပေးနိုင်ဘူး"

"ကျသင့်သလောက်သာပြောပါ ကြီးတော်၊ကျွန်မ ပေးပါ့မယ်"

ဤနေရာတွင် ညိုညိုကအရဲစွန့်၍ ဝင်ပြောလိုက်၏။

"အေး....ဒါမျိုးငါကြိုက်ဘယ်၊ ကိုယ်ကလိုချင်တယ် ဆိုရင် ထိုက်သင့်တဲ့အဖိုးစားနားပေးမှရမှာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်....ဟုတ်ပါတယ် ကြီးတော်"

"အေး....ဟုတ်ရင် နင်တို့ကိစ္စမပြီးခင် ကျုပ်ကို ရွှေတစ်ကျပ်သားပေး၊ ပြီးတာနဲ့ ရွှေနှစ်ကျပ်သား ထပ်ပြီးပေးရလိမ့်မယ်၊ ဘယ့်နှယ်လဲ"

"ရွှေသုံးကျပ်သားပေါ့နော်"

ညိုညိုက ပြန်မေးလိုက်၏။



"အေး...,ဟုတ်တယ်၊ ဘာလဲ ညည်းက မေးရမှာများတယ်ထင်ပြီး စျေးဆစ်ချင်လို့လား၊ စျေးတော့ မလျှော့နိုင်ဘူးဟေ့၊ မလုပ်နိုင်လဲ ပြန်ကြ"

"မဟုတ်ပါဘူး ကြီးတော်၊ ကျွန်မ ပေးမှာပါ"

"အေး....ဒီလိုမှပေါ့၊ တစ်ခုတော့ ရှိတယ်နော်၊ ကတိတော့ဘည်ပါစေ၊ ညည်းတို့ကိစ္စအောင်မြင်ပြီး ကျန်တဲ့ ငါ့ရွှေနှစ်ကျပ်သား လာမပေးလို့ကတော့ မမဲ့အကြောင်းကောင်းကောင်းကြီး သိသွားစေရမယ်"

ဒေါ်မဲက မာန်ပါပါဖြင့် ကြိမ်းဝါးလိုက်ရာ နှစ်ယောက်စလုံး အကြောက်ကြောက်အလန့်လန့်ဖြင့် ဇက်ကလေးတွေပုသွားကြလေ၏။

"ပေးပါ့မယ် ကြီးတော်ရယ်၊ ကျွန်မတို့ ကြီးတော်ကို မပေးဘဲမနေရဲပါဘူး"

မရွှေဂျင်းက အသံတုန်တုန်ယင်ယင်ဖြင့် ပြန်၍ပြောလိုက်သည်။

"ဒါဖြင့်လဲပြီးရော၊ မနက်ဖြန် ဒီလိုအချိန်လောက်မှာ ငါ့ဆီက ဆေးလာယူကြ၊ နင်တို့ ဒုက္ခရောက်စေချင်တဲ့လူကို

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆေးကလေးနည်းနည်း ဝမ်းထဲဝင်အောင် ကျွေးလိုက်ရုံပဲ၊ ဒအေး....ငါ့ဆေး ဘယ်လောက်အစွမ်းထက်တယ်ဆိုတာကတော့ ညည်းတို့ သူ့ကိုကျွေးပြီး မကြာခင်မှာပဲ သိစေရမယ်”

“အားကိုးပါတယ် ကြီးတော်ရယ်”

“အေး....အေး၊ အားကိုးရင် ပထမအရစ် ရွှေတစ်ကျပ်သားယူပြီး မနက်ဖြန် ဒီအချိန်လောက်ကို ငါ့ဆီထပ်လာခဲ့၊ ကြားလား၊ ရွှေတော့ယူလာနော်၊ ပါမလာလို့ကတော့ ဆေးမပြောနဲ့၊ သေးတောင် ပေါက်မပေးဘူး၊ နားလည်ရဲ့လား”

နှစ်ယောက်သား ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်မိကြ၏။

“ဒါဆို ပြန်ကြတော့”

ပြန်ကြတော့ဟု ပြောလိုက်သည်နှင့် နှစ်ယောက်သား ခွေ့ခနဲ နေရာမှထလိုက်ကြကာ အိမ်ပေါ်မှ ဆင်းသွားမည်အပြုတွင် ဒေါ်မဲက ဟန့်တားလိုက်လေ၏။

“ဟဲ့ ကောင်မတွေ၊ ပြန်လာခဲ့ကြ၊ ပြန်လာခဲ့ကြ”



“ဘာဖြစ်လို့လဲ ကြီးတော်”

“ဘာဖြစ်ရမလဲဟဲ့ ကောင်မစုတ်တွေရဲ့၊ ငါ့အိမ်ကိုလာတဲ့လူတိုင်း ငါ့ကိုဦးခိုက်ပြီးမှ ပြန်ကြရတယ်ဆိုတာ ညည်းတို့ နားမလည်ကြဘူးလား”

“ဟုတ်....ဟုတ်ကဲ့ပါ ကြီးတော်”

ပြောပြောဆိုဆို ရွှေဂျင်းနှင့် ညိုညိုတို့နှစ်ယောက်သား ဒေါ်မဲကြီးကို ပြားပြားဝပ် ဝတ်ပြုလိုက်ကြလေ၏။

သည်တော့မှပင် ဒေါ်မဲကြီးသည်လည်း ကျေနပ်အားရစွာဖြင့် ခေါင်းတညိတ်ညိတ် လုပ်လိုက်ရင်း....

“နောင်ကို မှတ်ထားကြ၊ ငါ့ဆီလာပြီး ငါ့ကို ဦးခိုက်ရမှန်းမသိတဲ့ ကောင်မတွေကို လူစင်စစ်က လင်းတဖြစ်သွားအောင် လုပ်ပစ်လိုက်မယ်၊ ဘာမှတ်လို့လဲ”

“မှတ်ထားပါမယ် ကြီးတော်၊ မလုပ်ပါနဲ့”

မရွှေဂျင်းတ ကြောက်အားလန့်အားဖြင့် ပြေးရင်း နှုတ်ဆက်ကာ အိမ်ပေါ်မှ သွက်သွက်ကလေး ဆင်းပြေးလာခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မဲကြီး၏အိမ်မှ အတော်ကလေး ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ညိုညိုက မရှင်းသည့်အချက်ကို မေးလိုက်၏။

"နေပါဦး မရွှေဂျင်းရယ်၊ ငါမသိလို့ မေးပါရစေအေ"

"ဘာမေးမှာလဲ"

"ဒေါ်မဲကြီးပြောတာ လူစင်စစ်က ဘဝပြောင်းသွားမယ့်ဆေးဆိုတာ ဘာကိုပြောတာလဲ၊ သူ တို့ကို ပြန်ခါနီး ပြောလိုက်သလိုမျိုး လင်းတဖြစ်အောင် လုပ်မှာလား"

"ဒါတော့ ငါလဲမပြောတတ်ဘူး၊ လင်းတပဲဖြစ်ဖြစ်၊ ခွေးပဲဖြစ်ဖြစ် ဖြစ်ချင်တာဖြစ်ပါစေပေါ့အေ၊ ဘဝပြောင်းသွားတာနဲ့ နင့်အစ်ကိုနန္ဒက မြသီတာကို ယူနိုင်တော့မှာ မဟုတ်ဘူး၊ ဟုတ်လား"

ညိုညိုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ကြောက်တော့ ကြောက်စရာကြီးပဲနော် ရွှေဂျင်း"

"ကောင်မ....ခုမှ ကြောက်စရာကြီးတွေဘာတွေ လုပ်မနေနဲ့၊ ပြောခဲ့ပြီးပြီ၊ ပြောခဲ့ပြီးတာကို သွားမယူမှ ဟိုက ဒေါ်မဲကြီးက ညည်းကိုပါ ဘဝပြောင်းသွားအောင် လုပ်လိုက်လိမ့်မယ်၊ အရေးထဲမှာ ငါက အဆစ်ပါဖို့သေချာနေတယ်"



"သွားယူမှာပါဟယ်...စိတ်ချပါ၊ အစ်ကိုနန္ဒနဲ့မြသီတာ မရအောင်လုပ်ဖို့ဆိုရင် ရွှေသုံးကျပ်သားမဟုတ်ဘူး၊ တစ်ဆယ်သားဆိုရင်တောင် ငါရအောင်လုပ်မှာပဲ"

"အင်း....ညိုညို...ညိုညို၊ ညည်းမလဲ ငယ်ထိပ်မြွေပေါက်နေပြီပဲ"

မရွှေဂျင်းက မှတ်ချက်စကား ပြောလိုက်သည့်အချိန်တွင် ညိုညိုက ဘာမျှပြန်မပြောဘဲ ဒေါ်မဲကြီးနှင့် ထပ်မံတွေ့ဆုံရမည့် မနက်ဖြန်ကိုသာ စိတ်စောနေမိတော့၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

### အစမ်းလေ့ကျင့်ပွဲ

မောင်နန္ဒနှင့် မြသီတာတို့၏ မင်္ဂလာပွဲကို ဖွဲ့ချီးကျင်းပရမည့်ရက်သည် တစ်စတစ်စ နီးကပ်လာလေ၏။

သို့ဖြစ်၍ မောင်နန္ဒနှင့် ကိုသန်းဇံတို့နှစ်ဦးသည် အလုပ်များလျက် ရှိကြလေ၏။

မင်္ဂလာနေ့တွင် ဝတ်ကြရမည့် သတို့သားဝတ်စုံများ ချုပ်ရသည့်ကိစ္စ၊ အကျွေးအမွေးအတွက် မှာကြားရသည့်ကိစ္စ၊ စည်ကားစေရန် အငြိမ့်ထည့်သွင်းရမည့်ကိစ္စ၊ ဟိုကိစ္စ၊ သည်ကိစ္စ များဖြင့် ချာလပတ်လည်လျက် ရှိလေ၏။



မောင်နန္ဒသည်ကား ချစ်သူမြသီတာကလေးနှင့် ရွှေလက်တွဲ၍ ချစ်ပွဲဝင်ရတော့မည့်အရေးအတွက် အလုပ်များနေရခြင်း ဖြစ်သောကြောင့် မောရပန်းရမှန်းမသိချေ။

ကိုသန်းဇံကသာ လူပျိုကြီးပီပီ ဗျစ်တောက်ဗျစ်တောက်နှင့် ညည်းညူလေ၏။

"မင်းတို့ မင်္ဂလာဆောင်ကိစ္စလဲ မြန်မြန်ပြီးမှပဲ၊ ဒါမှဟုတ်ရင် ခြေတွေလက်တွေ တိုဝင်သွားလိမ့်မယ်"

"ခြေတွေ လက်တွေ တိုဝင်သွားရင်လဲ တစ်နည်းတော့ကောင်းတာပဲ"

"ဘာဖြစ်လို့လဲ ကွ"

"အင်္ကျီလုံချည်ချုပ်တဲ့အခါ ပိတ်စ သက်သာသွားတာပေါ့ဗျ"

"ဟာ....ဒီကောင် ပေါက်ကရပြောတော့မယ်၊ ဩော်...မောင်နန္ဒ၊ ခုမှ ပြောဖို့ သတိရတယ်"

"ပြော...."

"မင်းတို့ မင်္ဂလာဆောင်ကို ကြွက်လူးရွာမှာပဲ လုပ်လို့ဖြစ်ပါ့မလား ကွ၊ တို့များ သလွန်ပြိုရွာမှာကော အာမှုလုပ်မပေးတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မောင်နန္ဒက အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။

"လုပ်စေးမှာပေါ့....ကိုသန်းဇံရယ်၊ ခင်ဗျားကလဲ သလွန် မြို့ရွာ ကာလသားဟောင်းကြီး တစ်ယောက်ပီပီ ကိုယ့်ရွာ အစွဲက တယ်ကြီးတာကိုး ဗျ...."

"အောင်မာ....မင်းကကော သလွန်မြို့ရွာသား မဟုတ် လို့ ဒီစကားကို ပြောရတာလား၊ အေးပေါ့လေ.... မင်းဟာ ခုတော့ ဒီလိုပဲ ပြောတော့မှာပေါ့၊ ကြွက်လူးရွာသူကို ယူတော့မှာကိုး ကွ"

ကိုသန်းဇံ၏ စကားကြောင့် မောင်နန္ဒ ရယ်မောလိုက် မိ၏။

မောင်နန္ဒနှင့် ကိုသန်းဇံတို့ အလုပ်ရှုပ်နေကြသကဲ့သို့ ကြွက်လူးရွာတွင် မြသီတာနှင့် အပျို တစ်သိုက်မှာလည်း အိမ်ရာခမ်းနား စုဆောင်းရ၊ သတို့သမီးဝတ်စုံ ချုပ် စသည်ဖြင့် မအားမလပ်နိုင်အောင် အလုပ်တွေ ရှုပ်လျက် ရှိကြလေ၏။

"ဩော်....မြသီတာတို့များ အိုရချည်သေး၊ နာရချည် သေး....ဟီး....ဟီး....ဟီး"



အပျိုကြီး မငွေလှိုင်က မြသီတာ၏ ပါးမို့မို့ ဖောင်း ဖောင်းကလေးကို လိမ်ဆွဲ၍ စလိုက်ရာ အတော် နာသွား သောကြောင့် မြသီတာ့ခမျာ စုတ်တသပ်သပ် ဖြစ်သွားရ ရှာလေ၏။

"ကျွတ်....ကျွတ်....ကျွတ် နာလိုက်တာတော်၊ ဒါကြောင့် မို့လဲ မငွေလှိုင်ကြီးက အပျိုကြီးဘဝနဲ့ အရိုးထုတ်ရတော့မှာ၊ သူများကို မနာလိုစိတ်က တယ် အားကြီးတာပဲ"

"အမယ်တော်....ညည်း လင်ယူမှာကို ကျုပ်က မနာလို တစ်စက်ကလေးမှ မဖြစ်မိပါဘူး၊ ဝမ်းတောင်သာသေး၊ ဝမ်းသာလို့ စမိတာပါတော်၊ တကတဲ.... အဖြစ်သည်းနေ လိုက်တာ၊ ကျုပ် ညည်းပါးကိုလိမ်ဆွဲတာက တော်တော် ပါနော်၊ တော်တော်ကြာ ဆရာလေးကိုနန္ဒက ချစ်စနိုးနဲ့ ဖက်ကိုက်မှဖြင့်အကွင်းရာကြီးထင်နေဦးမယ်၊ ဟင်း....ဟင်း.... ဟင်း"

"ဟုတ်ပါတော်....ဟုတ်ပါ"

ငြိမ်ပြီး နားထောင်နေသည့် အေးမိက ဝင်ပြောလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးမိတို့လဲ ဆရာလေးမောင်နန္ဒနဲ့ မြသီတာ လက်ထပ်ကြတော့မယ်ဆိုတော့ ကျိတ်ပြီး ဝမ်းသာမိတာပါနော်"

"အောင်မယ် ကောင်မက ပုစဉ်း လုံဖျားမှာနားတာနဲ့ ကျီးကန်း ချေးပါဆိုသလို ဘာဆိုင်လို့လဲအေ၊ သူ့ဘာသာ ဆရာလေးနဲ့ လက်ထပ်တာ ညည်းက ကျိတ်ပြီးဝမ်းသာနေရတာလဲ"

"တော်ကလဲ အံ့ရန်ကော မငွေလှိုင်ရယ်၊ ဆရာလေးက ဒီဘက်နယ်တစ်ဝိုက်မှာ ပြိုင်စံရှားတဲ့ သမားတော်လေး တစ်ယောက် မဟုတ်လား၊ ကျုပ်တို့ရွာမှာ မြသီတာကို အကြောင်းပြုပြီး လာနေရင်းက ကျုပ်တို့ တစ်ရွာလုံးရဲ့ ကျန်းမာရေးအတွက် စိတ်ချရတာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါ့...ဟုတ်ပါ့"

သည်တစ်ခါတော့ အေးမိ၏စကားကို မငွေလှိုင်က ထောက်ခံစကား ပြောလိုက်၏။

ဤသို့ဖြင့် မောင်နန္ဒ ဝယ်ခြမ်းစီစဉ်ပြီး လာပို့ပေးသွားသည့် သတို့သမီးဝတ်စုံကို မြသီတာအား အစမ်းဝတ်ကြည့်ခိုင်းပြီး အပျိုသုံးလေးဦး ဝိုင်းကာစနောက်လျက် တဝါးဝါး တဟားဟားဖြင့် ပွဲကျနေလေတော့၏။



မြသီတာကလည်း ဆရာလေးမောင်နန္ဒ ဝယ်ပေးထားသော ကိုယ်လုံးပေါ်မှန်ချပ်ကြီးရှေ့တွင် သတို့သမီးဝတ်စုံအသစ်ဖြင့် လှည့်ကာပတ်ကာ ကြည့်၍မဝရှု၍မဝ ရှိနေလေတော့၏။

အေးမိ၊ ငွေလှိုင်၊ ဂျမ်းမ စသည့် သူငယ်ချင်းများကလည်း ဆင်းရဲတွင်းနက်လှသော မြသီတာတစ်ယောက် ဆင်းရဲတွင်းမှလွတ်ကင်း၍ ဆရာလေးကိုနန္ဒ၏ ကြင်သူသက်ထား ဇနီးမယားအဖြစ် ရောက်ရတော့မည်ဟူသော အသိကြောင့် လွန်စွာ ကြည်နူးပျော်ရွှင်နေမိကြလေ၏။

သူငယ်ချင်းမြသီတာ၏ ရင်တွင်း အပျော်ရသဝေဒနာကို သူတို့ ကူးစက်ခံစားရင်း ပီတိတွေ ဖြာဖြာဝေနေကြလေတော့၏။

ဤသို့ဖြင့် မင်္ဂလာဆောင်ရက်သည် တစ်စထက်တစ်စ နီးကပ်၍လာလေတော့၏။

ကာယကံရှင် မောင်နန္ဒနှင့် မြသီတာတို့၏ စိတ်နှလုံးတွင်း၌ ပျော်ရွှင်ခြင်းမက ပျော်ရွှင်လျက် မင်္ဂလာရက်ကို စိတ်မရှည်နိုင်စွာ စောင့်စားနေကြရရှာလေတော့၏။

အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဟူသော စကားနှင့်အညီ ရောက်ရမည့်အချိန်သည် သူ့အချိန်ကျသည်နှင့် ဆိုက်ရောက်၍လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြသီတာလည်း အစမ်းဝတ်ခဲ့သည့် သတို့သမီးဝတ်စုံကို ပိုင်ပိုင်ကြီးဝတ်ဆင်ရပြီ ဖြစ်လေ၏။

မင်္ဂလာဆောင်ရန် အချိန်နီးကပ်လာသည်နှင့်အမျှ ကာလသမီးအုပ်စုသည်လည်း သူ့တာဝန်၊ ကိုယ့်တာဝန်ပိုင်းများဖြင့် အလုပ်ရှုပ်နေကြလေ၏။

အလုပ်ရှုပ်နေသည့်ကြားကပင် မဖွေလှိုင်တို့လူသိုက်သည် ရယ်စရာမောစရာများ ပြောဆိုကြရင်း ပျော်ရွှင်လျက်ရှိကြလေတော့၏။

★

# ထခန်း (၁၅)

## စေတနာအဆိပ်

သူများတွေ ပျော်ရွှင်နေသည့်ကာလတွင် ပျော်ရရွှင်ရမည်များကိုဆန့်ကျင်လျက် လူတစ်ဖက်သားဒုက္ခရောက်ရမည့် အရေးကိုသာ ဦးတည်ကြိုးစားလျက်ရှိကြသော ညိုညိုနှင့် မရွှေဂျင်းတို့ နှစ်ယောက်မှာမူ ရင်ထဲတွင် တထိတ်ထိတ် ခုန်လှုပ်နေကြလေ၏။

သူတို့နှစ်ဦးသည် လုပ်ရမည့်အလုပ်များကိုကျိတ်၍ကြံစည် နေကြ၏။

"ဟိုကောင်မ မြသီတာ ဝမ်းသာလုံးဆို့နေတော့ ဒီအချိန်ဘာမှ မည်မည်ရရ စားသောက်ထားရမှာ မဟုတ်သေးဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အသုပ်တစ်ပွဲလောက်ဖြစ်ဖြစ် ငါသုပ်ပြီး ယူသွားပေးမယ်၊ အဲဒီအသုပ်ပွဲထဲမှာ နင်ထည့်စရာရှိတာ ထည့်ပေတော့”

မရွှေဂျင်းက အခါပေးရင်း တီးတိုးစကားဆိုလျက် ညိုညိုကို လုပ်ငန်းစရန် အချက်ပေး၏။

ညိုညိုကလည်း အတွင်းအင်္ကျီအတွင်း သေသေချာချာ ထည့်လာခဲ့သော အထုပ်ကလေးကို လက်ဖြင့်စမ်းသပ်ကြည့်ရင်း ခေါင်းဆတ်ညိတ်ပြလိုက်လေ၏။

မရွှေဂျင်းလည်း ညိုညိုကို ပြောပြီးသည်နှင့် အစားအသောက်များ စီစဉ်သည့်နေရာသို့သွားကာ ထမင်းလက်သုပ်တစ်ပွဲကို စား၍ကောင်းအောင် စီစဉ်၍သုပ်လေ၏။

လက်သုပ်,သုပ်သည်ဆိုသော်လည်း စေတနာကောင်းဖြင့် သုပ်ခြင်းမဟုတ်ဘဲ မြသီတာကို ချောက်ချရန်စီစဉ်၍ သုပ်နေခြင်းဖြစ်သောကြောင့် လက်တွေတုန်ယင်နေသည်။

အမှတ်တမဲ့ ဇွန်းမှာ ကြမ်းပြင်ပေါ်သို့ဒေါက်ခနဲလွတ်ကျသွားသောကြောင့် မလုံမလဲဖြင့် ဟိုဟိုသည်သည် လှည့်ဝတ်ကြည့်မိသေးသော်လည်း အနီးအပါးတွင် မည်သူမျှမရှိသောကြောင့် သက်ပြင်းချလိုက်မိ၏။



အသုပ်,သုပ်နေသော မရွှေဂျင်းကို ခပ်လှမ်းလှမ်းမှကြည့်နေသော ညိုညို၏ရင်ကမူ ပို၍လှုပ်ခုန်လေ၏။

အသုပ်,သုပ်၍ မပြီးသေးခင်မှာပင် အတွင်းခံအင်္ကျီအိတ်ထဲ၌ ထည့်ထားသော ဒေါ်မဲ၏ဆေးမှုန့်ထုပ်ကို အကြိမ်ပေါင်းများစွာ စမ်းမိသေး၏။

မကြာခင်မှာပင် မရွှေဂျင်းလည်း အသုပ်ပန်းကန်ကို ညိုညိုနား ယူလာလေ၏။

“ကဲ....ညိုညို၊ အကောင်းဆုံးဖြစ်အောင်တော့ သုပ်လာခဲ့ပြီ၊ နင့်အလှည့်ပဲ”

မရွှေဂျင်းက ကျိုးကန်းတောင်းမှောက် အမူအရာဖြင့် နံဘေးနံဘီကို လှည့်ပတ်ကြည့်ရှုရင်း ညိုညိုရှေ့သို့ အသုပ်ပန်းကန်ကို ထိုးပေးလိုက်လေ၏။

ညိုညိုလည်း မရွှေဂျင်းနည်းတူ ဟိုဟိုသည်သည် မလုံမလဲကြည့်ရှုရင်း မီးဖိုခန်းထဲသို့ မည်သူမျှ ဝင်လာသည့်အရိပ်အယောင် မမြင်ရသည့်အခါကျမှ အတွင်းခံအင်္ကျီအိတ်တွင်းသို့ ထည့်လာခဲ့သော အထုပ်ကလေးကို နှိုက်ယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ သိပ်လှုပ်ရှားနေသောကြောင့် အထုပ်ကလေးကို ကိုင်ထားသည့် လက်ချောင်းများသည် တဆတ်ဆတ်တုန်လှုပ်နေကြ၏။

အထုပ်ကလေးကို ဖြေသောအခါတွင်လည်း စိတ်စောနေသောကြောင့် တော်တော်နှင့်ဖြေ၍မရချေ။

ညိုညိုလုပ်သည်ကိုကြည့်ရင်း မရွှေဂျင်းက စိတ်မရှည်ပြတော့ချေ။

"ဟဲ့….မိညိုရဲ့၊ မြန်မြန်လုပ်ပါဟဲ့၊ တော်ကြာ သူများအကွေ့ရောက်လာရင် ကြံရစည်ရ ခက်နေပါဦးမယ်"

သုပ်တာ

ညိုညိုလည်း မရွှေဂျင်း လောဆော်နေသောကြောင့် တုန်ယင်နေသည့်လက်ကို ကြိုးစားထိန်းသိမ်းကာ အထုပ်ကို ဖြေ၍ရအောင်ဖြေ၏။

ထို့နောက် အထုပ်ကလေးထဲရှိ အမှုန့်များကို အသုပ်ပန်းကန်တွင်းသို့ ဖြူးလိုက်၏။

မရွှေဂျင်းက အသုပ်နှင့်ဆေးမှုန့်များ သမမျှတသွားအောင် နယ်လေ၏။



"ဒီလောက်ဆို ရပြီနဲ့တူတယ်ညိုညိုရေ၊ တို့ မြသီတာတို့ အခန်းကို သွားကြရအောင်၊ အဲဒီကျရင် ညည်း ကြာခြေပျက်အောင်လဲ မနေနဲ့ဦးနော်"

"အင်း"

အင်းဟုသာ မပြောမဖြစ် ပြောလိုက်ရသော်လည်း ညိုညို အခုကတည်းက ကြာခြေပျက်ချင်နေသည်။

တတ်နိုင်လျှင် ယခုကတည်းက ဤမင်္ဂလာဆောင်အိမ်အတွင်းမှ၊ မဏ္ဍပ်အတွင်းမှ တခြားသို့ ထွက်ပြေးသွားချင်နေသည်။

သို့သော်လည်း ထွက်ပြေးသွား၍ မဖြစ်သေး။ အကြံအစည်အောင်မြင်အောင် ကြိုးစားရဦးမည်။

ဆေးများကို မြသီတာ စားဖြစ်သွားသည့်တိုင်အောင် ချက်ချင်းထပြန်သွား၍ မဖြစ်သေး။

ဒေါ်မဲပြောသလို မြသီတာတစ်ယောက် လူစင်စစ်ကနေမည်သို့ ဘဝပြောင်းသွားမည်ကို စောင့်ကြည့်ရန် လိုသေးသည်။

ဆ သို့ညိုလည်း လူသားများထဲက လူသားပင်ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေကို ကြောက်ပါသည်ဆိုသော သူများသည်ပင် တစ္ဆေကို မြင်ချင်တွေ့ချင်ကြသည့် သဘောမျိုးလို ညိုညို့စိတ်ထဲမှာလည်း ရှိနေ၏။

ဒေါ်မဲဖော်စပ်ပေးသည့် ဆေးကြောင့် မြသီတာ ဒုက္ခရောက်တော့မည်ကိုသိနေသည်။

သို့သော် ဘယ်လိုဘယ်ပုံမျိုးဖြင့် ဒုက္ခရောက်သွားသည်ကိုတော့ သိချင်နေသေးသည်။

"ငါ့ဆေး ညည်းကော်မဒိုက်ထဲရောက်သွားလို့ကတော့ တစ်နာရီမကြာစေရဘူး၊ဇာတိရုပ်ပြောင်းစေရမယ်၊ အေး- ငါပြောထားတဲ့အတိုင်းနော်၊ ညည်းအကြံ အောင်မြင်ရင် နောက်ထပ် ရွှေနှစ်ကျပ်သားကို ချက်ချင်းပြေးပြီးပေးလှည့်"

တောကျီးကန်းတစ်ကောင်၏ အသံထက် ဆိုးရွားသော ဒေါ်မဲ၏စကားများ ညိုညို့နားထဲမှ မထွက်ချေ။

"ဟဲ့....ညိုညို၊ ဘာတွေ စဉ်းစားပြီး ငိုင်နေတာလဲ၊ သွားကြမယ်လေ"

"ဪ....အင်း အင်း"

မရွှေဂျင်း၏ သတိပေးစကားသံ ကြားရတော့မှပင် ညိုညိုလည်း အတွေးစများကို ဖြတ်တောက်လိုက်ရလေ



မကြာခင် သူတို့နှစ်ဦးသားသည် သတို့သမီး မြသီတာ အဝတ်အစား လဲနေသည့်အခန်းသို့ ရောက်လာခဲ့ကြ၏။

ထိုအချိန်တွင် မြသီတာသည် သတို့သမီး ဝတ်စုံအပြည့် ဝတ်ဆင်ထားပြီးဖြစ်နေ၏။

မြသီတာသည် နဂိုကမှလှပသည့် မိန်းကလေးဖြစ်လေရာ ယခုကဲ့သို့ ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသည့်အခါ နတ်သမီးကလေး တစ်ပါးကဲ့သို့ ချောမောလှပလွန်းလှလေ၏။

မြသီတာ၏ချောမောလှပမှုမှာ သူများအတွက် အားကျစရာ၊ ကိုယ်ချင်းစာ မုဒိတာ ဖြစ်စရာ ဖြစ်ကောင်းဖြစ်နေမည်ဖြစ်သော်လည်း ညိုညို့အတွက်မူ မနာလိုစရာ၊ မခံချင်စရာကြီး ဖြစ်လေ၏။

သို့သော်လည်း ညိုညိုက မျက်နှာမပျက်အောင် ဣန္ဒြေဆည်ထားရလေ၏။

သည်နေရာတွင် ညိုညိုထက် အရေးပိုပြီးကြီးသူမှာ မရွှေဂျင်းပင်ဖြစ်၏။ မရွှေဂျင်းသည် မသိမသာ သက်ပြင်းများ ခိုးရှိုက်လျက် တံတွေးတွေ မျိုချနေမိ၏။

မရွှေဂျင်းက ရှေ့မှ၊ ညိုညိုကနောက်မှ ရှေ့ဆင့် နောက်ဆင့် ရောက်လာရာ မြသီတာက လှမ်းပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ပျောက်နေတာလဲ မရွှေဂျင်းရဲ့"

"သြော်…ဟောဒီမှာလေ၊ ဆရာလေးတို့ရွာက သူငယ်ချင်း ညိုညိုရောက်နေလို့ သွားခေါ်နေကြတာနဲ့"

"သြော်…ဆရာလေးတို့ရွာကလား၊ ခုလို လာပြီး ကူညီတာ ကျေးဇူးအများကြီးတင်ပါတယ် ညိုညို"

"ကိစ္စမရှိပါဘူး"

ကိစ္စမရှိပါဘူးဟု အသံကိုမတုန်အောင် မနည်းထိန်းပြီး ပြောလိုက်ရ၏။

ညိုညို့ စိတ်ထဲကမူ အမယ်လေး၊ သူကများ အစ်ကို့ ကို ဆရာတဲ့၊ တမင်ပိုတာ၊ ကိုယ်ယူရမယ့်ယောကျ်ားပဲ၊ မောင်ခေါ်ရင်ခေါ်၊ ကိုကိုခေါ်ရင်ခေါ်ပေါ့၊ ပိုပြီးတော့များ ဆရာလို့ အကဲပိုပြီးခေါ်နေရသေးတယ်။

"အေးလေ…မကြာခင် ညည်းဟာ ဘဝပြောင်းရတော့မှာပဲ မြသီတာရယ်၊ ခုတော့ခေါ်ထားလိုက်ဦးပေါ့"

ဟူ၍ တွေးနေမိလေသည်။

ပြီးနောက် အင်း…. ဘဝပြောင်းမယ်ဆိုတော့ ဘယ်ဘဝကိုပြောင်းမှာလဲ မဆိုနိုင်ဘူး၊ အေးလေ ကြောင်ဘဝကိုပဲ ပြောင်းပြောင်း၊ ခွေးဘဝကိုပဲ ပြောင်းပြောင်း၊ တစ္ဆေမှင်စာ့ ဘဝကိုပဲပြောင်းပြောင်း ညည်းလူ့ဘဝမဟုတ်တော့



ဘူးဆိုရင် အစ်ကိုနဲ့ကလဲ ညည်းကို ဘယ်လိုမှဖြတ်နိုင်တော့မှာ မဟုတ်ပါဘူး မြသီတာရယ်….

အင်း…. ညည်းကိုတော့ သနားမိပါသေးရဲ့ မြသီတာ။

ဟု စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

ထိုအတွင်း မရွှေဂျင်းကလည်း မြသီတာနားသို့ တိုးကပ်သွားကာ လက်သုပ်ပန်းကန်ကို ထိုးပေးနေချေပြီ။

"ပြင်ဟဲ့ ဆင်ဟဲ့နဲ့ နင်တာမှ ကောင်းကောင်းစားရဦးမှာမဟုတ်ဘူး မြသီတာ၊ ဒါကြောင့်မို့ ငါ နင့်ဖို့ အသုပ်သုပ်လာခဲ့တယ်"

မရွှေဂျင်းက အသံကိုမတုန်ယင်အောင် ကြိုးစားထိန်းပြောရင်း ပန်းကန်ကိုလှမ်းပြီး ထိုးပေးလိုက်၏။

"အင်း….နင်လာမေးမှပဲ စားဖို့သောက်ဖို့ သတိရတယ် ရွှေဂျင်းရယ်"

"အေးပေါ့အေ…. ဝမ်းသာလုံးဆို့နေတာနဲ့ ဆာရမှန်းတောင်မသိတော့ဘူး ဆိုပါတော့"

မငွေလှိုင်က မြသီတာကို ဝင်စလိုက်၏။

"သူများကို သိပ်ပြီး မပြောထားနဲ့နော်၊ ကိုယ့်အလှည့်ကျတော့ မငွေလှိုင် ဝင်နှလည်မယ်သိလား"

"အမယ်လေး မလည်သေးဘူး၊ ကျုပ်ကိုက [illegible]သတ်[illegible]း လင်မယူရေးချ မယူ၊ ကဲ…. ကဲ၊ ရွှေဂျင်းက စေတနာနဲ့

www.burmeseclassic.com

www.burmeseclassic.com



သုတ်လာပေးတဲ့ အသုပ်ကလေး စားလိုက်စမ်းပါဦး မြသီတာရယ်''

မငွေလှိုင်ထံမှ တိုက်တိုက်တွန်းတွန်း လုပ်လိုက်သောကြောင့် မြသီတာသည် ရွှေဂျင်း ကမ်းပေးနေသော အသုပ်ပန်းကန်ကို လှမ်းယူလိုက်ရှာ၏။

ထိုအချိန်တွင် မလှမ်းမကမ်းမှ အကဲခတ်နေသည့် ညိုညို၏ ရင်ထဲ၌ ဒိန်းဒိန်း ဒိန်းဒိန်းဖြင့် မြည်ဟိန်း တုန်လှုပ်လာလေတော့၏။

★

## အခန်း (၁၆)

### အိပ်မက်ဆေးဆား

မင်္ဂလာပွဲ စတင်ဆင်နွှဲကြချေပြီ။

မေစင်နန္ဒတို့ဘက်မှ အသိအကျွမ်း များပြားလှမှုကြောင့် မင်္ဂလာဆောင်သည် လွန်စွာစည်လေ၏။

အယုတ် အလတ် အမြတ်မရွေး ဖိတ်ကြားထားခြင်းကြောင့် ရွာရှိလူကုန် မင်္ဂလာဆောင်သို့ လာကြ၏။

မောင်နန္ဒနှင့် မြသီတာတို့ကလည်း ပြုံးရွှင်ဖော်ရွေစွာဖြင့် လာသမျှလူကို ဒိုင်ခံညွှန်ပေးနေကြ၏။

ကာလသားတို့၏ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းတာလည်း ဆူဆူညံညံဝေဆျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပိန္နဲပင်ကြီးအောက်တွင် ဒိုးပတ်ဝိုင်းကျဲ နေရာယူလျက် အရွက်သိမ်သိမ် မန်ကျည်းပင်ရိပ်တွင် အိုးစည်ဝိုင်းတော်သားများက တက်ညီလက်ညီ ဆိုတီး ကခုန်နေကြ၏။

ဗိုးအဖွဲ့၏ အကသမားက သူငယ်တော်ကဲ့သို့ ဗျာပါခံတစ်ဖက်တစ်ဆုပ်၊ ရွှေလက်ကောက် ရွှေခြေကျင်းများနှင့် ရွှေပြားကြီးဆွဲကာ ခုန်ပေါက်ကနေလေ၏။

အိုးစည်ဝိုင်းတော်သားတို့၏ အကသမားကမူ ဦးရွှေရိုးအဝတ်အစားနှင့် ဖြစ်၏။ နှုတ်ခမ်းမွေးကားကား၊ တိုက်ပုံကြီး တဖားဖားဖြင့် ပုသိမ်ထီး သေးသေးကလေးကိုလည်း ဆောင်းထားလေရာ လွန်စွာရယ်မောစရာ ကောင်းလှ၏။

အိုးစည်သံ ဒိုးပတ်သံများ စေစီလျက်ရှိသော မင်္ဂလာပွဲတွင် မောင်နန္ဒနှင့် မြသီတာတို့သည် နှစ်ကိုယ်ယှဉ်တွဲရင်း ဧည့်သည်များကို လိုက်လံနှုတ်ဆက်လျက် ရှိကြလေ၏။

"ဆရာလေး ကိုနန္ဒနဲ့ မြသီတာတို့ မောင်နှံကတော့ တကယ့်ကို ရွှေနဲ့မြလို၊ နေနဲ့လလို လိုက်ဖက်တင့်မောပါပေရဲ့"

"သူတို့နှစ်ယောက်က လူဖက်တဲ့အတွဲ မဟုတ်ဘူးဟေ့၊ နတ်ဖက်တဲ့ အတွဲပါပဲ၊ ဆရာလေး ကိုနန္ဒကလဲ ရှာမှရှားတဲ့ လူချော၊ မြသီတာကလဲ ဘုံကြီးပြတ်တဲ့ နတ်သမီးကလေး ကျနေတာပဲ"



"ဟုတ်ပါရဲ့တော်၊ ပုံပြင်ထဲက နတ်သားလေးနဲ့ နတ်သမီးလေးတွေ ကျနေတာပဲ"

ပရိသတ်တွေထဲမှ ကျေနပ်ချီးကျူးသံများ ထွက်ပေါ်နေသည့်အချိန်တွင် လူရှင်းရှင်းတစ်နေရာ၌ မရွှေဂျင်နှင့် ညိုညိုတို့ နှစ်ဦးသား မောင်နန္ဒနှင့် မြသီတာတို့အတွဲကို လှမ်းကြည့်ရင်း ရင်တွေခုန်နေကြလေ၏။

"ခုချိန်အထိတော့ ဘာမှမဖြစ်သေးပါလား ရွှေဂျင်း"

"နင်ကလဲ အလကား ဆန္ဒစောနေပြန်ပြီ၊ ဆေးတန်ခိုးက ချက်ချင်း ဘယ်ပြဦးမှာလဲ၊ ဗိုက်ထဲမှာ ခဏနေမှပြမှာပေါ့၊ ဒေါ်မဲကြီး ပြောလိုက်တယ်မဟုတ်လား၊ တစ်နာရီအတွင်းလို့ ဆိုတယ်လေ၊ အခု တစ်နာရီ မပြောနဲ့၊ နာရီဝက်တောင် မရှိသေးဘူး"

"ငါကတော့ အစ်ကိုနန္ဒနဲ့ ဒီကောင်မ ငါးမိနစ်အတူတွဲသွားနေတာတောင် မကြည့်ချင်တော့ဘူး"

"နင်ကလဲ အလကားနေရင်းသဝန်တိုနေပြန်ပါပြီ ညိုညိုရယ်၊ မကြာခင်မှာပဲ ဆေးစွမ်းပြတော့မယ့်ဥစ္စာ၊ အခု နင်မကြည့်ချင်လဲ မျက်နှာ လွှဲထားပေါ့၊ ဒါမှမဟုတ်ရင်လဲ မျက်စိမှိတ်ထားလိုက်ပေါ့ ညိုညိုရဲ့"

ညိုညိုကလည်း ရွှေဂျင်းပြောသည့် အတိုင်းပင် မျက်နှာလွှဲလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်နန္ဒနှင့် မြသီတာတို့မှာမူကား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မဝနိုင်အောင် ရှိကြလေ၏။

သူတို့နှစ်ဦး၏ ရင်ထဲ၌လည်း စကားလုံးအားဖြင့် ပြော၍ မပြနိုင်လောက်အောင်ပင် ဧမ်းအသာကြီး သာလျက် ရှိကြလေ၏။

ဤသို့ မလျှပ်အတွင်း ကိန္နရာမောင်နှံ၊ ရွှေဟင်္သာ မောင်နှံကဲ့သို့ ဟိုမှသည် သည်မှဟိုသို့ လူးလာစုန်ဆန် သွား လာနေကြစဉ် မြသီတာသည် မမျှော်လင့်ဘဲ ရင်ထဲ၌ပူလောင် လာကာ ခေါင်းထဲ၌လည်း မူးမော်လာသော ဝေဒနာ ဖြစ် ပေါ် လာလေ၏။

ထိုအခါ မြသီတာသည် ဝမ်းဗိုက်ကိုနှိပ်လိုက်၊ ခေါင်းကို ဖိလိုက်ဖြင့် အမူအရာပျက်ယွင်း၍ လာလေ၏။

ထိုသို့ဖြစ်နေသည်ကို မောင်နန္ဒသည် မကြာခင်မှာ သတိ ထားဖြစ်လေ၏။ ထိုအခါ စိုးရိမ်တကြီး မေးရှာလေ၏။

"ဘာဖြစ်လို့လဲ မြသီတာ၊ ဗိုက်နာလို့လား"

"ရင်ထဲမှာ ပူနေတယ်ဆရာ၊ ပြီးတော့ ခေါင်းထဲမှာ မူး ချင်သလိုလိုပဲ"

"ဪ... ဆူဆူညံညံ လှုသံသူသံတွေနဲ့မို့ ငြီးစီစီ ဖြစ်တာ နေပါလိမ့်မယ်၊ အိပ်ရာထဲမှာသွားပြီး ခဏနား နေလိုက်ပါလား မြသီတာ"



"ဟုတ်ကဲ့ ဆရာ"

မဟန်နိုင်တော့သောကြောင့် မြသီတာသည် အိမ်ပေါ်သို့ တက်ကာ အိပ်ရာထဲ၌ သွားလှဲနေရလေ၏။

ထို အဖြစ်အပျက်ကို ခပ်လှမ်းလှမ်းမှ တွေ့နေရသည့် ရွှေဂျင်းနှင့် ညိုညိုတို့ နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အရိပ်အကဲကို မျက်စပစ်ပြလေ၏။

ရွှေဂျင်း မျက်စပစ်လိုက်သည်ကို ညိုညိုက သတိထားမိ ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်၏။

မြသီတာ အိပ်ခန်းတွင်းသို့ ဝင်သွားပြီးနောက် သူတို့ နှစ်ယောက်လည်း မယောင်မလည်ဖြင့် အိမ်ပေါ်သို့ တက် သွားကြကာ မြသီတာ၏ အခြေအနေကို တစေ့တစောင်း အကဲခတ်ကြည့်နေကြလေ၏။

"အား.... အမယ်လေး၊ ပူတယ်၊ ပူတယ်....

"ပူလှချည်ရဲ့၊ အမေရေ မကယ်တော့ဘူးလား"

မြသီတာ၏ ခန္ဓာကိုယ်တစ်ခုလုံး မီးဖြင့် မြိုက်သကဲ့သို့ ပူလောင်လာခဲ့ပြီးနောက် အင်္ကျီ ထဘီများပင် မကပ်နိုင် တော့သည်အထိ အခြေအနေက ဆိုးရွားလာခဲ့လေ၏။

ထို့နောက် ခန္ဓာကိုယ် တစ်ခုလုံး၌လည်း တိုနေတာသာ ယား၊ သည်နေရာကယားဖြင့် ကုတ်ဖဲ့လေတော့ရာ သွေး ခြင်းခြင်းနီရဲကုန်သည်အထိပင် ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကို သေသေချာချာမြင်နေရသည့် ညိုညိုနှင့် ရွှေဂျင်းတို့ပင်လျှင် မျက်စိပျက် မျက်နှာပျက်နှင့် ဖြစ်လာလေ၏။

"ဟဲ့ ရွှေဂျင်းတို့၊ အခန်းဝမှာ မျက်နှာအပျက်အပျက်နဲ့ ဘာဖြစ်နေကြတာလဲဟဲ့"

အပျိုကြီး မငွေမှုန်က လက်ဖက်ပန်းကန်ကို သယ်လာရင်းမှ လှမ်းမေးလိုက်၏။

"ဟို.... ဟိုမှာ ဟိုမှာ၊ မြသီတာ၊ မြ....မြသီတာ"

ရွှေဂျင်းက အထစ်ထစ်အငေါ့ငေါ့ဖြင့် အိပ်ခန်းတွင်းသို့ လက်ညှိုးထိုးပြလိုက်၏။

အပျိုကြီး မငွေလှိုင်လည်း အခန်းတွင်းသို့ကြည့်လိုက်ရာ သတို့သမီးဝတ်စုံတွေ စုတ်ပြဲကျွတ်လွတ်လျက် လူးလိမ့်နေရှာသော မြသီတာကို တွေ့လိုက်ရလေရာ အံ့အားအသင့်ကြီး သင့်လျက် လက်ထဲမှ လက်ဖက်ပန်းကန်မှာ လွတ်ကျကွဲသွားလေတော့၏။

ထို့နောက် အခန်းတွင်းသို့ ပြေးဝင်သွားပြီး မြသီတာကို လှုပ်လျက် ခေါ်ငင်လေ၏။

"မြသီတာ၊ မြသီတာ"

မြသီတာသည် မငွေလှိုင်၏အသံ ကြားရသောကြောင့် သတိအနည်းငယ်ပြန်ဝင်လာပြီး....



"မငွေလှိုင်လား"

ဟု မပီမသ ပလုံးပထွေးကြီး ပြောလိုက်မိ၏။

"ဟုတ်တယ် မြသီတာ၊ ငါ ငွေလှိုင်ပါ"

"ကျွန်မတော့ မနေရတော့ဘူးနဲ့တူတယ်၊ ဆရာ့ကို သွားခေါ်ပေးပါ၊ ဆရာ့ကို မြန်မြန်ခေါ်ပေးပါ မငွေလှိုင်ရယ်"

"အေး.... အေး၊ ငါသွားခေါ်မယ်"

မငွေလှိုင်လည်း သွားခေါ်မယ်ဟုပြောခဲ့ပြီးနောက် အိမ်ပေါ်မှ အပြေးအလွှား ဆင်းသွားခဲ့လေ၏။

မရွှေဂျင်းနှင့် ညိုညိုတို့လည်း မကြည့်ရဲ ကြည့်ရဲနှင့်ပင် မြသီတာ၏ အဖြစ်သနစ်ကို ဆက်၍ကြည့်နေကြလေ၏။

ထိုကဲ့သို့ ကြည့်နေစဉ် မောင်နန္ဒသည် စိုးရိမ်တကြီးဖြင့် ရောက်လာပြီး သူတို့နှစ်ယောက်ကို တွန်းဖယ်လျက် အခန်းတွင်းသို့ ပြေးဝင်သွားလေ၏။

"ဟာ"

မြင်ကွင်းကိုကြည့်၍ မောင်နန္ဒ ကြက်သေ သေသွားမိ၏။

မြသီတာခမျာ မြသီတာ မဟုတ်ရှာတော့၊ မြွေမြူကြီး တစ်ကောင်၏အဖြစ်သို့ ရောက်ရှိနေလေတော့၏။

မောင်နန္ဒသည် မြင်ကွင်းကို ကြက်သေသေစွာဖြင့် ငေးကြည့်ရင်း မူးမေ့လဲသွားမတတ် ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေဖြူကြီးဘဝသို့ ပြောင်းလဲသွားသည့် မြသီတာသည် နောက်ဆုံးတွင် မင်္ဂလာခုတင်ကြီးပေါ်မှ လျှောခနဲဆင်းလာပြီး မောင်နန္ဒရှိရာသို့ လွန့်လူးလာခဲ့၏။

ထို့နောက် မောင်နန္ဒ အပေါ်တွင် ပါးပျဉ်းခွက်လျက် အသေအချာကြည့်ရှုကာ လျှာနှစ်ခွကို ဖြူတစ်ပြူတစ်လုပ်ပြီး နှုတ်ဆက်တန်ပြုသည်။

ပြီးနောက် မောင်နန္ဒနံဘေးမှ လျှောထွက်ကာ အခန်းတွင်းမှ အပြင်သို့ထွက်သွားကာ ရွာစွန်ရှိ တောတန်းကလေးအတွင်းသို့ စင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

★

## အခန်း (၁၇)

### အလှည့်ကျသော စွန့်စားခန်း

ထိုကဲ့သို့ဖြစ်ပျက်ခဲ့ကြပြီးနောက် မောင်နန္ဒခမျာ သည်းခြေ ထိခိုက်သွားသဖြင့် စိတ္တဇဝေဒနာသည်ဆန်ဆန် ဖြစ်သွားခဲ့ပြီး မြို့ပေါ်မှ သမားတော်ကြီးများကိုပင့်၍ ကုသရသည့် အခြေအနေသို့ ရောက်သွားခဲ့လေ၏။

ထို့အတူပင် မကောင်းမှုကို ပြုလုပ်ခဲ့သော ညှိညှိသည်လည်း သူ၏စေတနာအကျိုးကို ခံစားရလေ၏။

ညစဉ် အိပ်မက်ဆိုးတွေ မက်၏။

အိပ်မက်ထဲတွင် မြသီတာ ဘဝမှ ပြောင်းလဲသွားသည့် မြွေဖြူကြီးသည် သူ့နောက်သို့လိုက်၍ ရန်ရှာသည်ဟု ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲတွင် အမောတကော ပြေးလွှားရင်း ညိုညို လန့်လန့်နိုးသည်။

လန့်နိုးတိုင်းလည်း ဆီးကင်းခန့်လောက်ရှိသော ချွေးသီးချွေးပေါက်ကြီးတွေကျလျက် ရေငတ်သည့်ဝေဒနာ ခံစားရလေ၏။

ညစဉ်ရက်ဆက်လိုပင် ထိုအိပ်မက်မျိုးချည်း မက်မက်နေသောကြောင့် ညိုညိုသည် မစားနိုင် မသောက်နိုင် တပိန်ပိန် တလိမ့်လိမ့် ဖြစ်လာခဲ့၏။

ဆေးဆရာများဖြင့် ဂရုစိုက်ကုသသော်လည်း မထူးခြားချေ။

အစားအသောက် မဝင်သောကြောင့် ပါးပါးလှပ်လှပ်ကလေးဖြစ်လျက် အရိုးပေါ်အရေတင် ကမ္ဗလာနံ့ချောက်ရုပ် တစ်ရုပ်လို ဖြစ်လာသည်။

"မြွေဖြူကြီး....မြွေဖြူကြီးလာနေတယ်၊ ကျွန်မကိုပေါက်သတ်တော့မယ်၊ ကယ်ကြပါ....ကယ်ပါ၊ ကျွန်မ သေရပါတော့မယ်"

ဟူ၍ ကယောင်ကတမ်းတွေလည်း ပြောဆိုတတ်လာလေသည်။

ဤသို့ဖြင့် ညိုညိုသည် အရှုးတစ်ပိုင်းဖြစ်ကာ ဒုက္ခကြီးစွာ ခံစားရရှာလေတော့၏။

မောင်နန္ဒသည်လည်း ကိုသန်းဇံ၊ဦးစံခင်တို့၏ ကြွပ်ကြွပ်မတ်မတ် ကုသပေးမှုကြောင့် အတော်ကြီး သက်သာလာခဲ့သည်။



စိတ်ဝေဒနာရှင်တစ်ယောက် ဘဝမှ လွတ်မြောက်ခဲ့ရသည်။

သို့သော်လည်း မောင်နန္ဒသည် မြသီတာ ဘဝပြောင်းသွားခဲ့သည့် နေရာတွင် အရှည်သဖြင့် နေချင်စိတ်မရှိတော့ချေ။

ဖနွစဉ်လိုလိုပင် မြသီတာကို သတိရနေမိသောကြောင့် စေးကာအရပ်သို့ လှည့်လည်ကာ ဆေးကုသတော့မည်ဟု ဆုံးဖြတ်ခဲ့လေ၏။

ထို့နောက် ဦးစံခင်နှင့် ကိုသန်းဇံတို့အား ကန်တော့ကာ လွယ်အိတ် တစ်လုံးဖြင့် ရွာစဉ်လှည့်၍ ဆေးကုလေတော့သည်။

မောင်နန္ဒ ရွာတွင်မရှိတော့.... ဟူသော သတင်းကို ကြားရသည့်အခါ ညိုညိုသည် ပို၍ စိတ်မချမ်းမသာ ဖြစ်လေ၏။ ထို့အပြင် ညစဉ် ရက်ဆက် မြွေဖြူကြီးက ကိုက်ပေါက်၍ ပြေးရသည့် အိပ်မက်များချည်း ဆက်မက်လာကာ တစ်နေ့တခြား လုံးပါးပါးလာခဲ့၏။

နောက်ဆုံးတစ်ညတွင် မက်ခဲ့သော အိပ်မက်များမှာ ညိုညို ဘဝတွင် ကြောက်စရာအကောင်းဆုံး ဖြစ်၏။

ထိုညတွင် မက်သော အိပ်မက်ထဲတွင် မြွေဖြူတစ်ကောင်တည်းသာမဟုတ် မြွေဖြူကြီးတွေ အကောင်ပေါင်းများစွာ ရာနှင့်ချီ၍ လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညိုညိုကလည်း အသက်လု၍ ပြေးရသည်။ တောတွေကို ဖြတ်ရသည်။ ဆူးချုံများနှင့် ခြစ်မိသောကြောင့် ခန္ဓာကိုယ်တစ်ခုလုံးကို သွေးတွေအလိမ်းလိမ်းနှင့် ဖြစ်၏။

တောင်ပေါ်ပြေးတက်သော အခါတွင်လည်း ကျောက်စကျောက်ချွန်း များဖြင့် တိုးမိ ထိမိသောကြောင့် သွေးသံတရဲရဲဖြင့် မြင်မကောင်းအောင် ဖြစ်နေရ၏။

နောက်ဆုံး ရေမြင်ကျယ်ကိုဖြတ်၍ ပြေးသောအခါတွင်လည်း မြွေဖြူကြီးများက အလျှော့မပေးကြဘဲ နောက်မှ ထက်ကြပ်မကွာ လိုက်နေကြ၏။

ညိုညို တစ်ဖက်ကမ်းသို့ ရောက်၍ သောင်ခုံပေါ်တွင် ခြေကုန်လက်ပန်းကျ၍ မောနေသောကြောင့် လုံးစဆက်၍ မပြေးနိုင်တော့။

မြွေကြီးများသည် ရေပြင်ကို ဖြတ်ကူးရင်း ညိုညိုကို မီလာကြသည်။

ညိုညိုကြောက်လန့်တကြားဖြင့် အော်ဟစ်နေဆဲမှာပင် မြွေဖြူကြီးများက သူ့ကို စိုင်းမီလိုက်ကြသည်။

ထို့နောက် ညိုညိုအား ဝိုင်း၍ ပေါက်သတ်ကြလေတော့၏။

"အ....အ....အား"

ညိုညို ငယ်သံပါအောင် အော်ဟစ်ရင်း နိုးလာသည်။ ရင်တွေ တဒိန်းဒိန်းခုန်နေသည်။

မျက်စိထဲတွင် မြွေဖြူကြီးများက မြင်နေဆဲ....

"မြွေတွေ....မြွေတွေ....မြွေဖြူကြီးတွေ"



ညိုညိုကြောက်လန့်တကြားအော်ဟစ်လိုက်သောကြောင့် တစ်အိမ်သားလုံး နိုးလာပြီး ညိုညို့ထံသို့ ရောက်လာကာ ဘာဖြစ်သလဲ မေးကြ၏။

ညိုညို သေသေချာချာ ပြန်မဖြေနိုင်ဘဲ....

"မြွေဖြူကြီးတွေ....မြွေဖြူကြီးတွေ...."

ဟုသာ လက်ညှိုး တထိုးထိုးဖြင့် အော်ဟစ်နေလေ၏။

ထို့နောက်တွင်ကား ညိုညိုသည် အိပ်ရာထဲမှပြန်၍ မထနိုင်တော့ဘဲ အသည်းအသန် ဝေဒနာခံစားပြီးနောက် အသက်ပါ ဆုံးရှုံးသွားခဲ့လေတော့၏။

ညိုညို၏ အကုသိုလ် ဖိစီးခံနေခဲ့ရသည်ကို အနီးကပ် တွေ့သိနေခဲ့ရသော မရွှေဂျင်းသည်လည်း မင်္ဂလာဆောင် ရက်နေ့ရက်ပိုင်းတွင် တစ်ရက်မျှ စိတ်မချမ်းသာခဲ့ရချေ။

သူတို့နှစ်ယောက်တိုင်ပင်ပြီး ပြုလုပ်ခဲ့ကြသည့် အကုသိုလ် ဆိုးကြီး၏ အတုံ့အပြန်ခံရမည်ကို တစ်နေ့တခြား ကြောက်လန့် လာခဲ့လေ၏။

သို့ဖြစ်ရာ မရွှေဂျင်းသည် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် သီလ ရှင်ဝတ်၍ သာသနာ့ဘောင်အတွင်းသို့ ကူးပြောင်း သွားခဲ့လေတော့၏။

ညိုညိုနှင့် မရွှေဂျင်းတို့ အကုသိုလ်ဖိစီး၍ ဘဝများ ပြောင်းလဲသကဲ့သို့ပင် ဒေါ်မဲကြီး တစ်ယောက် သည်လည်း သူ့စေတနာအကျိုး ခံစားခဲ့ရရှာလေ၏။

ဒေါ်မဲကြီးသည် သူ၏ လောကီပညာစွမ်းကို စမ်းသပ် သည့်အနေဖြင့် ရုပ်ပြောင်းရုပ်လွှဲ ဆေးတစ်မည်ကို စမ်းသပ်

www.burmeseclassic.com

www.burmeseclassic.com



ဖော်စပ်ရင်း သူ့ဘာသာသောက်သုံးကြည့်ပြီးနောက် ဒုက္ခတွေ့လေတော့၏။

ရှပ်ပျိုကိုယ်နှုဆေးဟူ၍ ရည်ရွယ်ပြီး ဖော်စပ်ခဲ့ခြင်း ဖြစ်သော်လည်း ဆေးအမျိုးအမည်များ မှားယွင်းလုပ်ဆောင်မှုကြောင့် ရှပ်မပျိုဘဲ ပိုမိုအိုမင်းသွားသည့်အပြင် လူ တစ်ယောက်နှင့်မတူတော့ဘဲ တိရစ္ဆာန်ကြီး တစ်ကောင်ကဲ့သို့ ပြောင်းလဲဆိုးရွားသွားသဖြင့် အရပ်ထဲတွင် မနေရဲတော့ချေ။

မကြာခင် ဓေါ်မဲသည်လည်း တောကောင်ကြီး တစ်ကောင်ကဲ့သို့ အော်ဟစ်မြည်တွေးကာ တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့လေတော့၏။

★

အခန်း (၁၈)

အချစ်သည် ထောင်သနပ်သီးနှင့်တူ၏

"အင်း....ညိုညိုဆိုတဲ့ မိန်းကလေးရဲ့အချစ်မီး လောင်မြိုက်ခဲ့ရတာဟာ လူတွေရဲ့ အသက်အန္တရာယ်တွေကို ဆက်တိုက်ပေးခဲ့တာပဲနော်"

ကျွန်ုပ်က ယောဂီအမျိုးသမီးကလေး မသိင်္ဂီ၏ စကားဆုံးသောအခါ မှတ်ချက်ချလိုက်မိလေ၏။

"ဟုတ်ပါတယ်ဆရာ၊ ဆရာတို့ စာရေးဆရာတွေရဲ့ ဝေလသံနဲ့ ကဗျာဆန်ဆန်ပြောရရင်တော့ အချစ်ဟာ ထောင်သနပ်သီးနဲ့တူတယ်လို့ ပြောရမှာပဲ"

မသိင်္ဂီ၏စကားကြောင့် ကျွန်ုပ်အံ့ဩသွားမိလေ၏။

"ဘာဖြစ်တယ်....အချစ်ဟာ ထောင်သနပ်သီးနဲ့ တူတယ်ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆရာ၊ တောင်သနပ်သီးကို မတွေ့ဖူးသေးဘူးနဲ့တူတယ်၊ ဟုတ်သလား ဆရာ"

"ဟုတ်တယ်.... မတွေ့ဖူးသေးဘူးဗျ"

"တောင်သနပ်သီးရဲ့ အစေးဟာ ဘော်တော် ကလေးစေးကပ်တဲ့သဘောရှိတယ် ဆရာရဲ့၊ အဲဒီ တောင်သနပ်သီးအစေးနဲ့ ထိကပ်နေမိပြီဆိုရင် ပင့်ကူတွေ၊ ယင်ကောင်တွေ၊ ပိုးဟပ်တွေ၊ အိမ်မြှောင်တွေဟာ ရုန်းကန်လို့မရရှာတော့ဘူး၊ မလှုပ်မယှက်ခွာမရဘဲ သေဆုံးတဲ့အထိ ငြိမ်သက်နေကြရတော့တယ်....

"ဒီလိုပဲ အချစ်ဆိုတဲ့ စွဲလမ်းတပ်မက်မှုတဏှာရဲ့ စေးကပ်မှုဟာ ရုန်းထွက်လို့မလွယ်ကူဘူး၊ ဒါကြောင့် အချစ်ဟာ တောင်သနပ်သီးနဲ့တူတယ်လို့ ဆိုရမယ်ဆရာ"

မသိင်္ဂီ၏စကား ဆုံးသောအခါ ကျွန်ုပ်သည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်မိ၏။

"အင်း....ဗဟုသုတတိုးတာပေါ့ မသိင်္ဂီ"

"ဘယ့်နှယ်လဲဆရာ၊ ကျွန်မပြောပြတဲ့ မြွေဖြူရှင်မပုံပြင်ဇာတ်လမ်းဝတ္ထုကလေးကို စိတ်ဝင်စားရဲ့လား....

"တကယ်တော့ ဒါတွေဟာစိတ်ကူးယဉ်လို့ ပြောရင်လဲ ရပါတယ်"

စိတ်ကူးယဉ်လို့ပြောရင်လည်း ရပါတယ်ဟု ပြောသော်လည်း မသိင်္ဂီ၏ မျက်နှာမှာ သိသိသာသာ ညိုးကျသွားလေသည်။



"ဪ....ဒါနဲ့ မသိင်္ဂီ၊ ကျွန်တော် မေးဖို့ ကျန်နေသေးတယ်"

"ဘာများလဲဆရာ"

"ဪ....အဲဒီ မြွေဖြူကြီး တောထဲဝင်သွားပြီးတော့ နောက်ပြန် တွေ့သေးလား"

"မောင်နန္ဒနဲ့တော့ ပြန်မတွေ့ကြတော့ပါဘူး....

"ဒါပေမယ့် တောထဲမှာ ကျက်စားနေတဲ့ မြွေဖြူကြီး တစ်ကောင်ကို တွေ့ဖူးခဲ့တဲ့ လူတွေရှိကြပါတယ်၊ ထင်းခွေသွားတဲ့လူတွေဟာ အဲဒီမြွေဖြူကြီးနဲ့ တွေ့တဲ့နေ့မှာ ခါတိုင်းရတဲ့ထင်းထက် ပိုခွေလို့ အဆင်ပြေသတဲ့"

"ဪ...."

"ဒီလိုပဲ မှိုသွားရှာတဲ့ လူဘွေ့ဟာလဲ မြွေဖြူကြီးနဲ့တွေ့ခဲ့ရင် ပိုပြီး မှိုတွေ များများရသတဲ့၊ အဲဒီလိုပဲ တောလိုက်မုဆိုးဘွေလဲ မြွေဖြူကြီးနဲ့ တွေ့ရင် သားကောင်ကို လွယ်လွယ်နဲ့ ဖမ်းမိသတဲ့၊ ဒါပေမယ့် မြွေဖြူကြီးကတော့ လူတွေကို ရန်မလုပ်ရှာပါဘူး၊ လူတွေကလဲ သူ့ကို ချစ်ခင်လေးစားကြတယ်၊ စိတ်ကောင်းရှိတဲ့ မြသီတာလေး အချစ်ခံ လက်ခံ ဆက်ဆံကြတယ်၊ ဘယ်သူကမှလဲ သူ့ကို ရန်မလုပ်ကြပါဘူး"

"တော်သေးတာပေါ့လေ"

မသိင်္ဂီ သက်ပြင်းကလေးတစ်ချက် ချုပ်ထိထောင်

www.burmeseclassic.com



"တချို့လူတွေက မြသီတာကနေ ဘဝပြောင်းသွားတဲ့ မြွေဖြူကြီးကို တန်ခိုးရှင်အဖြစ် အသိအမှတ်ပြုကြ၊ ပသကြတယ်၊ မြွေဖြူရှင်မရယ်လို့ ခေါ်ဝေါ်ခဲ့ကြတယ်"

ကျွန်ုပ်သည် မသိဂီ ပြောပြနေသမျှ နားထောင်ရင်း မြွေဖြူရှင်မ ဇာတ်လမ်းနှင့် ဤယောဂီအမျိုးသမီးကလေး မသိဂီတို့ မည်သို့ မည်ပုံ ပတ်သက်နေသနည်းဟူ၍ စဉ်းစားခန်း ဝင်နေမိလေ၏။

ထိုအတောအတွင်း ကျွန်ုပ်၏မိတ်ဆွေ လေးဦးတို့သည် ထုံးစံအတိုင်း အင်္ဂရိတ် စာများကိုသာ အာပေါင်အာရင်း သန်သန်ဖြင့် ရွတ်ဆိုရင်း ကျောင်းသခ်မ်းကလေး ရှိရာသို့ ရောက်လာကြလေတော့၏။

သူတို့ ရောက်လာကြသောကြောင့် ကျွန်ုပ်နှင့်မသိဂီတို့ ပြောဆိုနေကြသည့် အကြောင်းအရာများကိုလည်း ထိုနေရာတွင်ပင် တိခနဲ ရပ်ဆိုင်း၍ ထားလိုက်ကြရလေတော့၏။

★

# အခန်း (၁၉)

## မြွေဖြူရှင်မ

ကျွန်ုပ်၏မိတ်ဆွေများ ရောက်လာကြသောအခါ ယောဂီမလေး မသိဂီသည် ရေနွေးကြမ်းနှင့် ထန်းလျက်ခဲတို့ဖြင့် ဧည့်ခံပြန်လေ၏။

သူတို့သည် ခဏမျှ နားနားနေနေ နေပြီးကြသောအခါ ကျွန်ုပ်တို့သည် ထို ယောဂီအမျိုးသမီးလေး မသိဂီအား ကျေးဇူးတင်စကားများ ပြောကြားနှုတ်ဆက်ကြပြီး လာရာလမ်းသို့ လှည့်ပြန်ခဲ့ကြလေတော့၏။

ခြေလှမ်းများကသာ ရှေ့သို့ မှန်မှန်လှမ်းနေဖြစ်သော်လည်း ကျွန်ုပ်၏စိတ်အလျဉ်ကမူ ကျောင်းသခ်မ်းကလေးသို့ ပြန်၍ရောက်နေ၏။

မဟူရာအမည်ရှိသော မြွေဟောက်ကြီး...

www.burmeseclassic.com

www.burmeseclassic.com



ဝါးတန်းပေါ်မှ မြွေဖြူအရေခွံ....

တောက်လက်လှပသော မျက်လုံးအစုံနှင့် ချောမောသည့် ယောဂီမလေးတစ်ဦး။

မောင်နန္ဒနှင့် မြသီတာ-

ညီညီ၏ချစ်ဒေါသ....

ပြီးတော့.... မြွေဖြူရှင်မ။

မြွေဖြူရှင်မ ဖြစ်သွားသည် ဆိုသော မြသီတာသည် ကျောင်းသခ်မ်းကလေးဆီမှ ယောဂီမလေး မသိင်္ဂီနှင့် မည်သို့မည်ပုံ ပတ်သက်နေသနည်း။

မြွေဖြူအရေခွံကြီးသည် အဘယ်ကြောင့်ကျောင်းသခ်မ်းကလေးတွင် ရှိနေသနည်း။

မြွေဖြူရှင်မသည် မသိင်္ဂီပေပဲလား.....

စသည့်....စသည့် အတွေးများသည် ကျွန်ုပ်၏ဦးနှောက်အား အလုပ်များစွာလုပ်ခိုင်းလျက် ရှိပေတော့သတည်း။

ဇေယျာတုသဗ္ဗမင်္ဂလံ

ထင်းရှောင်ထင်

တိုက်အမှတ်(၃) ကံ့ကော်လမ်း၊ (၁၄)ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

www.burmeseclassic.com